www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြည်နုခေတ်

လွမ်းခွင့်ကြုံရင်
ဆုံခွင့်ရှိမယ်



BURMESE CLASSIC .com
www.burmeseclassic.com

(အချစ်လုံးချင်းဝတ္ထုသစ်)

wwww.burmeseclassic.com

## ဒို့တာဝန်အရေး[redacted]

ပြည်ထောင်စု မပြိုကွဲရေး [redacted]အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ[redacted] ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြည်နူးခေတ်

# လွမ်းခွင့်ကြုံရင် ဆုံခွင့်ရှိမယ်

www.burmeseclassic.com

wwww.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၁၈၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၉၆၀၁၁၁ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၁၊ စက်တင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၃၊ ကျီတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ |
| ဖြန့်ချေး | - | ၁၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ကြည်နုခေတ် ၈၉၅.၈၃

လွမ်းခွင့်ကြုံရင် ဆုံခွင့်ရှိမယ် / ကြည်နုခေတ် ။ - ရန်ကုန် ရွှေဥစာပေ ၊ ၂၀၁၁ ။

၃၄၉ စာ၊ ၁၂ × ၁၈ စင်တီ ။

(၁) လွမ်းခွင့်ကြုံရင် ဆုံခွင့်ရှိမယ်


BURMESE CLASSIC .com

## အခန်း(၁)

"နွဲ့ယိမ်းပင်ပို့"

Sunday Story ၏ မန်နေဂျာဦးလေးအသံကြောင့် နွဲ့ယိမ်း ခေါင်းလေးငုံ့ထားရာမှ အသံလာရာဆီသို့ ခေါင်းငဲ့နား‌ထောင် လိုက်ရင်း . . .

"ပြောပါ . . . ဦးလေး"

နွဲ့ယိမ်း ဦးလေးဟု ခေါ်လိုက်သည့် မန်နေဂျာ ဦးနေမျိုး



www.burmeseclassic.com

wwww.burmeseclassic.com



က နွဲ့ယိမ်းအဖေ၏ သူငယ်ချင်းဖြစ်ပြီး အဖေဆုံးသွားသည့်နောက်ပိုင်း သူမတို့သားအမိကို စောင့်ရှောက်ထားသော ရပ်ဆွေရပ်မျိုး ဖြစ်သည်။

Sunday Story မှာ အလုပ်ရအောင် ကြိုးစားပေးခဲ့တာလည်း ဦးလေးဖြစ်သည်။

Sunday Story က တစ်ဆိုင်တည်းဆိုပေမယ့် Coffee and Bakery ဆိုင်က သီးသန့်ဖြစ်ပြီး တစ်ခြမ်းမှာ Beer Bar နှင့် Restaurant ကို တွဲရက်ဖွင့်ထားသည်။

BURMESE CLASSIC .com

နာမည်တစ်မျိုးတည်းနှင့် အဆောက်အဦတစ်ခုတည်းကို နှစ်ကန့်ခွဲပြီး တိတ်ဆိတ်အေးချမ်းသော Coffee Shop ကလေး နှင့် အနည်းငယ် လွတ်လပ်ဆူညံသော Restaurant ကို ဖွင့်ထားလင့်ကစား ကိုယ်နှစ်သက်ရာ အကန့်ထဲ ရောက်ပြီးလျှင်တော့ တစ်ခြားတစ်ဖက်မှ မည်သည့်အငွေ့အသက်ကိုမှ မခံစားရလောက်အောင် စီစဉ်ထားခြင်းဖြစ်သည်။





နွဲ့ယိမ်း တာဝန်ထမ်းဆောင်ရမှာက Sunday Story ၏ လက်ယာဘက်အကန့်က Coffee Shop မှာ ဖြစ်ပါသည်။

နှစ်ဖက်စလုံးမှာ ဖျော်ဖြေရေးအစီအစဉ် အသီးသီး ရှိတာမို့ လာရောက်သော Consumers အလိုက် ဖျော်ဖြေတင်ဆက်မှုကို နှစ်မျိုးခွဲထား၏။

တစ်ဖက်မှာ စင်တင်တေးဂီတအစီအစဉ်ရှိသလို နွဲ့ယိမ်းတို့ ဘက်မှာလည်း နူးညံ့အေးချမ်းသော ဖျော်ဖြေရေးအစီအစဉ် ရှိပါသည်။

နွဲ့ယိမ်းအလုပ်က ဆိုင်လာတဲ့ ဧည့်သည်တွေကို စတိတ်ချ် တစ်ခုပေါ်မှ တယောထိုးလျက် ဖျော်ဖြေဧည့်ခံရမှာဖြစ်၏။ နွဲ့ယိမ်းလို musician အမြောက်အမြားရှိပြီး ထိုအထဲမှာ guitarists နှင့် pianists ကတော့ နွဲ့ယိမ်းထက် စောစီးစွာ အလုပ်ဝင်ခဲ့ကြသူများ ဖြစ်သည်။

ဂစ်တာနှင့် ပီယာနိုသမားက အားလုံး ခြောက်ယောက်



www.burmeseclassic.com

wwww.burmeseclassic.com



ရှိပြီး အလှည့်ကျ တာဝန်ယူရသည်ဟု ဦးလေးပြောပြထား၍ နွဲ့ယိမ်း သိပြီးလေပြီ။

Violinistကတော့ တစ်ယောက်သာရှိပြီး ထိုတစ်ယောက်ဟာ ယနေ့မှ အလုပ်စဝင်သည့် နွဲ့ယိမ်းပင်ပျိုပင် ဖြစ်သည်။

သည်ဆိုင်အကြောင်းကို ဦးလေးပြောပြထားလို့ နွဲ့ယိမ်း အကြမ်းဖျဉ်းတော့ သိပြီးပါပြီ။

ဆိုင်ရဲ့အနေအထား၊ ဝန်ဆောင်မှုအပိုင်း၊ ဝန်ထမ်းတွေရဲ့ တာဝန်စည်းကမ်းတွေအားလုံးလိုလိုပင် သိထားပြီးဖြစ်၏။

ထိုအရာအားလုံးကို အိမ်မှာကတည်းက နွဲ့ယိမ်း ကြိုတင်ပုံဖော်ပြီးသားမို့ တကယ်တမ်း ဤဆိုင်သို့ရောက်လာသည့်အခါ သိပ်ထူးထူးခြားခြား မခံစားရပါ။

ခံစားရသည်ထားဦး။ အပြည့်အဝ အံ့သြငေးမောခွင့် နွဲ့ယိမ်းမှာ မရှိပါ။

ထိုဆိုင်မျိုး၏ လတ်ဆတ်ကြည်နူးဖွယ် အငွေ့အသက်ကို





မခံစားခဲ့ရသည်မှာ သုံးနှစ်ကျော်ခဲ့ပြီလေ . . .။

"စိတ်အေးအေးထား သမီး၊ သူဌေးက သဘောကောင်းပါတယ်၊ လူငယ်ဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောတတ်ဆိုတတ်တာလေး ရှိတယ်၊ ဒါလည်း သိပ်တော့အရေးမကြီးပါဘူး၊ သူဌေးက ငယ်ပေမယ့် လူတစ်ဖက်သားကို စာနာသနားတတ်တယ်"

ဦးလေးစကားကြောင့် နွဲ့ယိမ်းရင်ထဲ အောင့်မျက်သွားရ၏။ စာနာသနားတတ်တယ်တဲ့။ ပြီးတော့ သူဌေးက လူငယ်တစ်ယောက်ဆိုပဲ။

ကိုယ်နဲ့ အသက်သိပ်မကွာတဲ့ ယောကျာ်းတစ်ယောက်က ကိုယ့်ကို စာနာသနားသောအားဖြင့် အလုပ်တစ်ခုပေးတော့မယ်ဆိုတဲ့အဖြစ်က နွဲ့ယိမ်းစိတ်ကို မခံချိမခံသာဖြစ်အောင် နှောင့်ယှက်ဖိစီးလျက်ရှိလေသည်။

"သူဌေးက အသက်ဘယ်လောက်ရှိပြီလဲ ဦးလေး"



www.burmeseclassic.com

wwww.burmeseclassic.com



“နှစ်ဆယ့်သုံးပဲ ရှိသေးတယ် သမီးရဲ့၊ လူက အရပ်မြင့်မြင့် ထွားထွားဆိုတော့ အစိတ် သုံးဆယ်ဝန်းကျင်ထင်ရတာ၊ ရုပ်ကတော့ နိုင်ငံခြားမင်းသားအတိုင်းပဲ၊ သူ့အမေကိုက ဂျူးကပြားလေ၊ အသက်ငယ်ပေမယ့် သိပ်တော်တာ၊ US မှာ ကျောင်းပြီးခဲ့တာတဲ့၊ ရုပ်ကသာ ဘိုဆန်တာ၊ စိတ်ဓာတ်ကတော့ သိပ်ဗမာဆန်တယ်၊ ရိုင်းပင်းကူညီတတ်ပြီး တအားရင်းနှီးပွင့်လင်းတဲ့ ကလေး၊ ဦးလေးတို့က ကိုယ့်အလုပ်ရှင်ဆိုတော့ ရိုသေသမှုနှင့် သူဌေးခေါ်တာ၊ တချို့ဝန်ထမ်းအငယ်တွေဆို ကိုဇေလတ်လို့ တရင်းတနှီး ခေါ်ကြတာပဲ၊ ဪ . . . သူဌေးနာမည် မှတ်ထားဦး သမီး၊ ဇေလတ်နိုင် တဲ့”

နွဲ့ယိမ်း ခေါင်းကိုသာ ခပ်လေးလေး ညိတ်ပြလိုက်သည်။ လူကို မတွေ့ရခင် သူ့သတင်းက သင်းပျံ့စွာ ရောက်ရှိခဲ့လေပြီ။ နှစ်ဆယ့်သုံးဆိုတဲ့ အသက်အရွယ်နဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်





နိုင်ကာ ပညာအရည်အချင်းလည်း ပြည့်စုံသော ဇေလတ်နိုင်ဟာ သူတို့အသိုင်းအဝိုင်းကြားမှာ အတော်လေး ထင်ရှားမှာပဲဟု တွေးပြီး နွဲ့ယိမ်း ကိုယ့်ဘဝကိုယ် အားငယ်သွားမိသည်။

တကယ်ဆို နွဲ့ယိမ်းက သူ့ထက် တစ်နှစ်ကျော်လောက်ပဲ ငယ်တာပါ။

နွဲ့ယိမ်းကျတော့ အရည်အချင်းရှိခဲ့ပါလျက်၊ ကြိုးစားခဲ့ပါလျက်နှင့် ထိုဘဝမျိုး မရောက်ခဲ့။ ကံဆိုးခဲ့သော ကိုယ့်ဘဝကို တွေးတိုင်း နွဲ့ယိမ်း မျက်ရည်စို့ရသည်။

အသည်းကြားက သွေးတွေ စိမ့်လာသလိုပင် နာကျင် နင့်သည်းစွာ ခံစားရသည်။

ထိုသို့ ဖြစ်စေခဲ့သူကိုလည်း သတ်ပစ်ချင်လောက်အောင် မုန်းမိ၏။ နာကြည်းစွာ မုန်းမိလေလေ သူ့ကို မေ့မရလေလေပင်။ နွဲ့ယိမ်း ဒီလိုတည်ငြိမ်လာအောင်ပင် အတော်လေး ကြိုးစားယူရသည်။



www.burmeseclassic.com

wwww.burmeseclassic.com

ယခု နွဲ့ယိမ်း ဘဝသစ်တစ်ခုကို စရဦးမည်။ နွဲ့ယိမ်းတတ်သည့် ပညာ၊ မွေးရာပါ ဝါသနာနှင့် အသက်မွေးဝမ်းကြောင်း ပြုရဦးမည်။ ဒါပေမဲ့ လွန်ခဲ့သော သုံးလေးနှစ်ကလို ဖျတ်လတ် တက်ကြွခြင်း၊ တောက်ပလန်းဆတ်ခြင်းတွေ ဘာမှမပါတော့ဘဲ တိုးတိတ်စွာ ညှိုးနွမ်းအားငယ်ခြင်းသက်သက်နှင့် စိတ်ဓာတ်က ချွတ်ခြုံကျနေလေသည်။

"ဟော . . . သူဌေးလာပြီ"

ဦးလေးအသံက သူရောက်လာတာကို တအံ့တသြဖြစ်ဟန်စွက်လျက် နွဲ့ယိမ်းကိုအသိပေးလိုက်သလိုရှိ၏။

နွဲ့ယိမ်း ခန္ဓာကိုယ်ကို ခပ်မတ်မတ်လေးဖြစ်အောင် ပြင်ထိုင်သည်မှလွဲ၍ ထူးထူးခြားခြားမလုပ်မိ။

နေရာမှ တရိုတသေ ထရပ်လိုက်ဖို့လည်း အဆင်မပြေရာ ထိုနေရာမှာပင် ငြိမ်သက်စွာထိုင်ရင်း သူ့စကားသံတစ်စုံတစ်ရာကိုသာ တိတ်တဆိတ် နားစွင့်ထားမိ၏။





"သူဌေး . . . ဒါ ကျွန်တော့်တူမလေး၊ ဒီမှာ Violinist အဖြစ် ဒီနေ့ပဲ အလုပ်စဝင်တဲ့ နွဲ့ယိမ်းပင်ဗျို့"

သူ့ထံမှ ဘာစကားသံမျှ ထွက်မလာပါ။ သူ ခေါင်းညိတ်ရုံ ညိတ်ပြပြီး နွဲ့ယိမ်းကို အကဲခတ်နေသည်ထင်၏။

ခေါင်းငုံ့ထားပေမယ့် သူ့ဆီမှ Calvin Klein perfume ရနံ့သင်းသင်းကလေးကို ရနေတာမို့ နွဲ့ယိမ်းနှင့်သိပ်မဝေးလှသော နေရာမှာ ထိုင်နေကြောင်း သတိပြုလိုက်မိ၏။

"ကျွန်တော် သူနဲ့ အေးအေးဆေးဆေး စကားပြောကြည့်ချင်တယ် ဦးနေမျိုး"

"ကောင်းပါပြီ၊ သမီး . . . ဦးလေး အပြင်ကိုသွားလိုက်ဦးမယ်"

ဇေလတ်နိုင်ကိုပြောရင်း သူအပြင်ကိုသွားမယ့်အကြောင်း နွဲ့ယိမ်းကိုပါ အသိပေးသွား၏။

"ဟုတ်ကဲ့ ဦးလေး"



www.burmeseclassic.com

wwww.burmeseclassic.com



ဦးလေး အပြင်ထွက်သွားပြီး စက္ကန့်အတော်ကြာတဲ့အထိ အခန်းထဲ တိတ်ဆိတ်နေသည်။

သူ နွဲ့ယိမ်းကို သေသေချာချာ ကြည့်နေသည်ဟု နွဲ့ယိမ်း သိလိုက်တာမို့ မျက်နှာတစ်ခုလုံး ထူအမ်းအမ်း ပူရှိန်းရှိန်းဖြစ်လာရ၏။

"နွဲ့ယိမ်းပင်ပျို"

"ရှင်..."

သူ့ရဲ့ အေးစက်ရှတသော ခေါ်သံက နွဲ့ယိမ်းရင်ထဲ ခပ်နွေးနွေးစီးဝင်သွားသည်ဟု ထင်မိလေသည်။

နွဲ့ယိမ်း ကပျာကယာ ပြန်ထူးလိုက်ပေမယ့် ခေါင်းတော့ နည်းနည်းလေးမှမမော့မိပါ။

"နွဲ့ယိမ်းပင်ပျို့ရဲ့ အလုပ်ရှင်တစ်ယောက်ကို မြင်ဖူးအောင် မော့ကြည့်ပြီး အသိအမှတ်ပြု ပြုံးပြတာမျိုး တဆိတ်လောက် မလုပ်နိုင်ဘူးလား"





"ရှင်"

ဒုတိယအကြိမ် ရှင် ဆိုတဲ့အာမေဋိတ်က နွဲ့ယိမ်းနှုတ်ဖျား မှမဟုတ်ပါ။ ရင်ဘတ်ထဲက ရှန်းကြွ တွန်းကန်တက်လာသော ကတုန်ကယင်အသံမျိုး ဖြစ်နေသည်။

သူ့အသံက အနည်းငယ် မြူးရိပ်သမ်းကာ နွဲ့ယိမ်းကို ရင်းနှီးစွာ ရောဝင်လိုခြင်းတွေ ပြည့်လျှမ်းနေ၏။

ဒါပေမဲ့ နွဲ့ယိမ်း ဝမ်းမသာနိုင်ပါ။

လည်ချောင်းတစ်လျှောက် ပူလောင်ခြောက်သွေ့လျက် ခြေဖျားလက်ဖျားတွေ အေးစက်ကာ နွဲ့ယိမ်းခေါင်းက ခုနထက် ပိုငုံ့သွားမှာ သေချာလေသည်။

နွဲ့ယိမ်း နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ ငိုချင်စိတ်က ရင်ဝကို ဆောင့်တက်လာသည်။

နွဲ့ယိမ်းက သူ့ကို မော့ကြည့်ပြီး နှုတ်ဆက်ပြုံးပြရမတဲ့။ ဟုတ်တာပေါ့ ...။ အရင်က နွဲ့ယိမ်း ဒီလိုအပြုံးမျိုးမှာ အလုပ်



www.burmeseclassic.com

wwww.burmeseclassic.com



လာလျှောက်ပြီး လူတွေ့ အင်တာဗျူးခံရစဉ်က အလုပ်ရှင်ကို ခေါင်းလေး ညွတ်၊ နှုတ်ခမ်းလေး ကွေးကာ ဖျတ်လတ် တက်ကြွမှုအပြည့်၊ မျှော်လင့်ချက်အပြည့်နဲ့ နှုတ်ဆက်ပြုံးပြခဲ့တာမဟုတ်လား။

အဲဒီတုန်းက . . . .

အဲဒီတုန်းက . . . နွဲ့ယိမ်း မျက်လုံးတွေက ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ တလက်လက် ရွှန်းပတောက်ဖြာနေခဲ့တာလေ။ မင်းမျက်လုံးတွေ သိပ်လှတယ်ဆိုတဲ့ ချီးကျူးစကားတောင် နွဲ့ယိမ်း ရခဲ့ဖူးတာ မဟုတ်လား။

BURMESE CLASSIC .com

ခုတော့ . . . ကွယ်။

နွဲ့ယိမ်း ခေါင်းငုံ့ပြီး တုန်ယင်နေတဲ့ နှုတ်ခမ်းလေးကို ခပ်နာနာ ဖိကိုက်ပြီး သက်မဲ့မျက်ဝန်းက စိုစွတ်ပူနွေးတဲ့ အရည်ကြည်တွေ ကျမလာအောင် မနည်းထိန်းနေရပါပကော . . .။

အဲဒါ ဘယ်သူ့ကြောင့်လဲ . . .။ ငါ့ကို ဒီလိုခံစားရအောင် လုပ်ခဲ့တဲ့ . . . 'ခိုင်မြဲ' . . . နင့်ကို မုန်းလိုက်တာ။ အရင်က ပြောခဲ့





သလို ဆယ်ကမ္ဘာမဟုတ်ဘူး။ သံသရာတစ်လျှောက်လုံး မုန်းသွားချင်တာ။

"နွဲ့ယိမ်းပင်ပို"

သူ့ခေါ်သံက အထိတ်တလန့်ဆန်လှသည်။ ခေါင်းငုံ့ထားပေမယ့် နာကျင်ရှက်ရွံ့ရိပ်တွေ ထင်ဟပ်နေတဲ့ နွဲ့ယိမ်းမျက်နှာကို သူ သတိထားမိသွားသည်ထင်၏။

သူ နွဲ့ယိမ်းဘဝကို ဘာမှပြည့်ပြည့်စုံစုံ မသိသေးဘူးလား။ ဦးလေးဦးနေမျိုးကရော ဒီလောက်အရေးကြီးတဲ့ကိစ္စကို မပြောပြထားဘူးလား။

ခုတော့ . . . သူ နွဲ့ယိမ်းကို တစ်မျိုးထင်သွားပြီ။

"နွဲ့ယိမ်း တောင်းပန်ပါတယ် ဦးဇေလတ်နိုင်၊ ဦးဇေလတ်နိုင်ကို နှုတ်ဆက်ပြုံးပြဖို့တောင် မတတ်နိုင်ခဲ့တဲ့အတွက် ခွင့်လွှတ်ပေးပါ၊ နွဲ့ယိမ်းသာ . . . လူတိုင်းကို မြင်နိုင်ခွင့်ရှိမယ်ဆို ကိုယ့်အလုပ်ရှင်ဖြစ်တဲ့ ဦးဇေလတ်နိုင်မျက်နှာ



www.burmeseclassic.com

wwww.burmeseclassic.com



ကို အရင်ဆုံး မော့ကြည့်ပြုံးပြမိမှာပဲ၊ ဒါပေမဲ့ နွဲ့ယိမ်း ကိုယ့်မျက်နှာကိုယ်တောင် ပြန်မမြင်နိုင်ခဲ့တာ သုံးနှစ် ကျော်သွားပါပြီ"

"ဘယ်လို"

နွဲ့ယိမ်းစကားအဆုံး သူက တအံ့တဩဟန်နှင့် ရေရွတ် လေသည်။ နွဲ့ယိမ်း ခေါင်းကို ဖြည်းဖြည်းချင်း မော့လိုက်သည်။ မျက်နှာပေါ်မှာ အုပ်ကွယ်နေသည့် ဆံနွယ်တွေက ဘေးတစ်စောင်း ဆန်ဆန် လွင့်သွားပြီးနောက် သူနဲ့ မျက်နှာချင်းဆိုင် အနေအထား ကို မှန်းဆကာ နှုတ်ခမ်းကလေး ကော့ညွတ်သွားအောင် ပြုံးရင်း မျက်တောင်တစ်ချက်နှစ်ချက် ပုတ်ခတ်လိုက်မိ၏။ သည့်နောက်မှာ တော့ နွဲ့ယိမ်း တစ်သက်နဲ့တစ်ကိုယ် အရှုံးရှာဆုံးဖြစ်တဲ့စကားကို တည်ငြိမ်အေးစက်စွာ ပြောလိုက်လေသည်။

"နွဲ့ယိမ်းက မျက်မမြင်ဗုက္ခိတတစ်ယောက်ပါ"

တခန်းထဲမှာ ရုတ်ချည်း တိတ်ဆိတ်သွား၏။

---

ဇွှေမဓေဝဿာဓာဝမ



အတန်ကြာမှ သူ့ထံမှ သက်ပြင်းရှိုက်သံသဲ့သဲ့ကို ကြားရ ပြီး . . .

"so sorry နွဲ့ယိမ်းပင်ပို့၊ ကိုယ် လုံးဝမသိခဲ့ဘူး၊ ဦးနေမျိုး က ဘာမှပြောမထားခဲ့တော့ . . . ပြီးတော့ မင်းပုံစံက လုံးဝမသိသာဘူး။ normal ပဲ၊ အဲဒါ တကယ်ပြောတာ၊ အမှန်အတိုင်း ဝန်ခံရရင် မင်းလို သိပ်လှတဲ့ မိန်းကလေး တစ်ယောက်ကို ကိုယ် အဲလိုလုံးဝမထင်ရက်ခဲ့တာ"

ပျာပျာသလဲ တောင်းပန်ရှင်းပြနေဟန်က သူ့ကိုယ်သူ အလုပ်ရှင်သူဌေးတစ်ယောက်ဆိုတာတောင် မေ့နေပြီလား မသိ။ အပြစ်ကျူးလွန်မိတဲ့ ကလေးတစ်ယောက်လိုပင်။

ဒါတင်မက သူ့အသံက ထိတ်လန့်အံ့ဩဟန်အပြင် ကရု ဏာရိပ်တွေ လွှမ်းလို့နေသေးသည်။

နွဲ့ယိမ်းမုန်းတာလည်း အဲလို ကရုဏာသက်ဟန်တွေပင် ဖြစ်၏။

---

ဇွှေမဓေဝဿာဓာဝမ

BURMESE CLASSIC .com
www.burmeseclassic.com

wwww.burmeseclassic.com



"ကိစ္စမရှိပါဘူး ဦးဇေလတ်နိုင်၊ ဦးလေး ကြိုမပြောထားတဲ့ အတွက် မသိတာဆိုလည်း အခုသိသွားပြီပဲ၊ နွဲ့ယိမ်းကို ဒီမှာလက်ခံနိုင် မခံနိုင်ပဲ သိချင်ပါတယ်"

"ဘာဖြစ်လို့လဲ နွဲ့ယိမ်းပင်ပျို၊ အစကတည်းက အမျိုးသမီး Violinist ဆိုတာကို စိတ်ဝင်စားလို့ ဦးနေမျိုး ပြောတာ လက်ခံလိုက်တာ၊ ပြီးတော့ မင်းကိုယ်တိုင် ဒီနေ့ ဒီဆိုင်မှာ အလုပ်ဝင်ဖို့ ရောက်လာခဲ့ပြီ မဟုတ်ဘူးလား"

အသက်မရှုစတမ်း ပြောသွားတဲ့ သူ့စကားတွေက နွဲ့ယိမ်း ဒီက ထွက်သွားမှာကို ဘယ်လိုမှ မနှစ်မြို့နိုင်သည့်ဟန်တွေ ပါဝင်နေ၏။

"အဲဒါက နွဲ့ယိမ်း မျက်မမြင်မှန်း မသိခင် အခြေအနေလေ၊ အခု . . ."

"မဟုတ်တာဘဲကွာ၊ မင်းကိုယ်တိုင်တောင် ကိုယ့်အရည်အချင်းကို ယုံကြည်လို့ ဒီမှာအလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တာ





ပဲ၊ မင်းအတွက် အဆင်ပြေတယ်ဆို ကိုယ့်ဘက်က ဘာမှ ကန့်ကွက်စရာ မရှိဘူး"

သူ့စကားသံတွေက လှိုက်လှဲနွေးထွေးမှုအပြည့်နှင့် ယုံကြည် ကိုးစားဖွယ် ချိုကြည်သာယာလွန်းလှ၏။

နွဲ့ယိမ်း ထိတ်ခနဲ ဝမ်းသာပေမယ့် အပြည့်အဝတော့ မပျော်နိုင်ပါ။ ကိုယ့်အရည်အချင်းကို ယုံကြည်ပေမယ့် နွဲ့ယိမ်းဘဝက ချို့ယွင်းချက်အကြီးကြီးနဲ့ အားငယ်နေရသူလေ . . .။

အခုတောင် ဦးဇေလတ်နိုင်ဆိုတဲ့ ယောကျ်ားဟာ နွဲ့ယိမ်း ဘာမှမမြင်နိုင်တာကို အခွင့်ကောင်းယူပြီး နွဲ့ယိမ်းမျက်နှာကို စိမ်ပြေနပြေထိုင်ကြည့်ရင်း ရင်ထဲက တီးတိုးစုတ်သပ်နေပေလိမ့်မည်။

နွဲ့ယိမ်းစိတ်ထဲမှ သူကြည့်နေတာကို သိသလို မျက်လွှာချလိုက်မိ၏။ သူကလည်း နွဲ့ယိမ်းခံစားနေရတာကို သိနေသည့်နှယ် . . .။

"ဒီမှာ စိတ်ချလက်ချ အလုပ်လုပ်နိုင်ပါတယ် နွဲ့ယိမ်းပင်

wwww.burmeseclassic.com



ပျို့၊ လိုအပ်တာရှိရင်လည်း ပြောပါ၊ တခြားလူတွေလိုပဲ အခက်အခဲမရှိအောင် စီစဉ်ပေးပါ့မယ်၊ ပြီးတော့ နွဲ့ယိမ်းမှာ တခြားသူ မသိစေချင်တဲ့ ကိုယ်ရေးကိုယ်တာမျိုး ရှိရင် လျှို့ဝှက်ထားဖို့ . . ."

နွဲ့ယိမ်း မဲ့ပြုံးရိပ်ရိပ်လေး ပြုံးမိတော့သည်။

"မလိုပါဘူး ဦးဇေလတ်နိုင်၊ လောကမှာ ဘယ်အမှန်တရားကိုမှ အကြာကြီး ဖုံးဖိလျှို့ဝှက်ထားလို့ မရပါဘူး၊ အကြောင်းမတိုက်ဆိုင်ရင်သာ မပြောဖြစ်တာရှိမယ်၊ နွဲ့ယိမ်းအကြောင်းကိုတော့ အားလုံးကို အမှန်အတိုင်းပဲ သိထားစေချင်ပါတယ်၊ လူကောင်းတစ်ယောက်လို့ အထင်ခံရပြီးမှ ဒုက္ခိတမှန်းသိသွားတဲ့ အံ့အားသင့်မှုက ပိုပြီး ခံရခက်နာကျင်ပါတယ်"

"ခုနကိစ္စ ကိုယ် တောင်းပန်ပါတယ်"

"ရပါတယ်၊ မသိလို့ ဖြစ်ရတာပဲ၊ နောက်ထပ် အလားတူ





ကိစ္စမျိုးတွေတော့ နွဲ့ယိမ်း မရှင်းပြချင်တော့ဘူး၊ အဲဒီခံစားချက်မျိုးကို သူများတွေတော့ မဖြစ်ဖူးလို့ သိမှာမဟုတ်ဘူး၊ နွဲ့ယိမ်း တကယ်ကြောက်နေတာပါ"

"ကိုယ် နားလည်ပါတယ် နွဲ့ယိမ်းပင်ပျို့၊ ဘယ်တော့မှ မဖြစ်စေရဘူးလို့ ကိုယ် တာဝန်ယူပါတယ်"

"ကျေးဇူးတင်ပါတယ်"

ထိုနေ့က သူနဲ့ နွဲ့ယိမ်းဟာ ငယ်ပေါင်းတွေလို တစ်ထိုင်တည်းမှာပင် ရင်းနှီးခင်မင်သွားခဲ့ပါသည်။

ခင်မိတာချင်း အတူတူ သူ့ဘက်က နွဲ့ယိမ်းကို ပိုပြီး ဂရုစိုက်ဟန် ပိုနေ၏။ ဒါဟာ နွဲ့ယိမ်းက အားနည်းချက်ရှိသူမို့လား မဆိုတတ်။

"နွဲ့ယိမ်းပင်ပျို့ရဲ့ စိတ်ဓာတ်ကို ကိုယ် သိပ်ပြီး လေးစားအားကျတယ်"

ဆိုသော စကားကြောင့် နွဲ့ယိမ်းစိတ်တွေထဲ အလိုလို



www.burmeseclassic.com

wwww.burmeseclassic.com



အားရှိလာကာ ယိုင်နဲ့နဲ့ဖြစ်နေတဲ့ မျှော်လင့်ချက်အလင်းစကလေးဟာ မသိစိတ်မှာ ဟုတ်ခနဲ လင်းလာသယောင်ပင် ခံစားရလေသည်။ ဘာပဲဖြစ်ဖြစ် . . .။

ဘဝကို အရှုံးမပေးနဲ့ နွဲ့ယိမ်းပင်ပျို့ . . .။

➤ ➤ ➤



## အခန်း(၂)

သူမရဲ့ ပုခုံးထက်က တယောကြိုးလေးတွေပေါ်မှာ စုန်ဆန်ပြေးလွှားနေတဲ့ ဘိုးတံလေးက ရပ်တန့်သွားသည်။

ဝဲဘက်ကို စောင်းငဲ့ထားတဲ့ သူမခေါင်းက ခပ်လေးလေးပြန်လည်တည့်မတ်သွားတော့ ကပိုကရို ဖြာကျနေသည့် ဆံနွယ်တွေက နဂိုအတိုင်း ပုခုံးတစ်ဖက်စီမှာ မညီမညာ ဖုံးအုပ်လျက်ပျော့အိခွေနွဲ့စွာ နေရာယူကြ၏။



www.burmeseclassic.com

wwww.burmeseclassic.com



ပုခုံးပေါ်က တယောလေးကို ယူချလိုက်ပြီးသည့်နောက်

မှာတော့ သူမထိုင်နေတာ စတီတ်ချ်ပေါ်က အလင်းကွက်ကွက်

ကလေး ပျောက်သွားပြီး ပြာလဲ့မှိန်ဖျော့သော မီးရောင်ကလေးသာ

ကျန်ခဲ့တာမို့ စားပွဲတွေနေရာက လှမ်းကြည့်လျှင် ဘာမှမမြင်သာ

တော့ချေ။

ထိုအချိန်မှာ သူမက တစ်စုံတစ်ယောက်ရဲ့ အကူအညီ

နှင့် စတီတ်ချ်ပေါ်မှ ဆင်းသက်သွားပေလိမ့်မည်။

မိနစ်အနည်းငယ်အကြာမှာ မီးရောင်ကလေး ပြန်လင်း

လာလျှင် သူမက မျက်လှည့်ဆရာရဲ့ ဦးထုပ်အောက်က ခိုကလေး

တစ်ကောင်လို ရုတ်ချည်း ပျောက်ကွယ်သွားလေတော့၏။

ဒီလိုဖြစ်အောင် သူ တမင်ဖန်တီးစီစဉ်ပေးထားခြင်း ဖြစ်

ပါသည်။

ဇေလတ် သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။ သူ ထိုင်

နေရာမှ ဖြည်းညင်းစွာ ထရပ်မိပြီးသည့်နောက် သူ့ခြေလှမ်းတွေ





က နွဲ့ယိမ်းပင်ပို့ နားနေရာ သီးသန့်ခန်းဆီသို့ ဦးတည်လိုက်သည်။

အခန်းဆိုပေမယ့် အဆိုတော်တွေလို အလှပြင်တာ၊

အဝတ်အစားလဲတာတွေ မလုပ်သည့်အတွက် သူမအခန်းက

တိတ်ဆိတ်ရှင်းလင်းကာ အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည့်

ပုံစံမျိုးလေး ဖြစ်သည်။

ခေည့်ခန်းပုံစံ ဆိုဖာရှည်တွေ ချထားပြီး အခန်းထောင့်ရှိ

စင်ပေါ်မှာ ထားပေးသော sound box ကြောင့် အပြင်မှာ ဖျော်

ဖြေနေသည့် Piano သံကို ကောင်းစွာ ကြားနိုင်လေသည်။ အေး

စိမ့် မွှေးပျံ့သော ရနံ့အပြင် သူမစိတ်ကြည်လင်အောင် နှင်းဆီဖြူ

တွေပါ အခန်းပတ်လည်မှာ အိုးတွေနှင့် ထိုးထားပေးတာကတော့

သူ့ရဲ့စေတနာပိုမှုတွေပင်။

ပုတီးစေ့တွေသာ ဆွဲထားတဲ့ ခန်းဆီးဝမှာ သူ အသာရပ်

ရင်း နွဲ့ယိမ်းပင်ပို့ရဲ့ လှုပ်ရှားမှုတွေကို တိတ်တဆိတ် စောင့်ကြည့်

နေမိသည်။



www.burmeseclassic.com

wwww.burmeseclassic.com



ပုံမှန်ရှိနေကျ air fresher ရနံ့အပြင် နှင်းဆီပန်းရနံ့တွေကြောင့် သူမက အံ့ဩစူးစမ်းဟန်နှင့် ခေါင်းလေးမတ်ပြီး အသက်ပြင်းပြင်း ရှုကြည့်၏။

ထို့နောက် ထိုင်ရာမှ ထရပ်ကာ မွှေးရနံ့ရနေသော နေရာကို မှန်းလျက် တရွေ့ရွေ့ လျှောက်သွားသည်။

သူမရဲ့လက်တစ်ဖက်က ရှေ့ကို ဆန့်တန်းလျက် တစ်စုံတစ်ခု တွေ့နိုးနှင့် စမ်းတဝါးဝါး ရှာနေပုံက ကရုဏာသက်ဖွယ်ပင်။

ထိုမြင်ကွင်းလောက် သူ့ရင်ကို ဆို့နင့်လှုပ်ခတ်စေတာ မရှိဟု ထင်ရလေသည်။

သူ တစ်ခုခုပြောမိတော့မလို ပြင်ပြီးမှ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်လျက် မျက်မှောင်ကျုံ့ ငေးကြည့်နေလိုက်၏။

သူမက အခန်းထောင့်မှာ ထိုးထားသည့် အလှပန်းအိုးကြီးဆီ ရောက်သွားပြီး နှင်းဆီပန်းတွေကို လက်နှင့် ဖွဖွစမ်းသပ်ကြည့်သည်။

---

ရွှေပဒေသာစာပေ



ငုံ့နမ်းတော့မလို ပြင်ပြီးမှ ရိုးတံတွေဆီ စမ်းသပ်ကြည့်ကာ ဆတ်ခနဲ ခေါင်းမတ်သွားသည်။ သူမမျက်နှာက အေးစက်နာကျင်ခြင်းနှင့် အစွမ်းကုန် တင်းမာလျက်ရှိနေ၏။

အတန်တန် ထိန်းချုပ်ထားသည့်ကြားမှ သူ့နှုတ်က အာမေဋိတ်သံ တိုးတိုးလေး ထွက်သွားတော့သည်။

"နွဲ့ယိမ်းပင်ပို"

အံ့ဩစိတ်လှုပ်ရှားဟန်အပြည့်နှင့် သူမက ဆတ်ခနဲ ခေါင်းငဲ့နားစွင့်သည်။

"ကိုယ်ပါ . . . ဇေလတ်"

"ဩော်"

သူမက ထိုနေရာမှာပဲ မလှုပ်မယှက်ရပ်ရင်း ဩော် ဟု တိုးတိုး ရေရွတ်လေသည်။ သူမမျက်နှာက ခုနလို နာကျင်ကြေကွဲရိပ်တွေ မရှိတော့ဘဲ ရုတ်ချည်းတည်ငြိမ်သွားကာ ခံစားချက်ဗလာနှင့် အရုပ်မျက်နှာလေးလို ဖြစ်သွားသည်။

---

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



ကြည့်ပါဦး။ အခြယ်အသ ဘာမှမပါဘဲ နဂိုနေမျက်နှာလေးကိုက ပြည့်ဝိုင်းကြည်စင်နေတာ၊ နှုတ်ခမ်းထွေးထွေးလေးတွေ နီရဲစိုဖတ်နေတာ နှင်းဆီပွင့်ချပ်တွေနှင့်အပြိုင်။

နက်မှောင်ကော့ရှွန်းသည့် မျက်ခုံးတွေအောက်က မည်းနက်ရှည်လျားသော မျက်တောင်ကော့ကော့တွေ ထူခဲစွာ ဝိုင်းရံ ယှက်သိုင်းထားသည့်မျက်လုံးတွေက ဘာကိုမှ မြင်နိုင်စွမ်းမရှိတာ အံ့ဩစရာပင် ကောင်းသေးတော့။

"နှင်းဆီပန်းတွေ ထားပေးတာ သဘောကျရဲ့လား"

သူမက ဆတ်ခနဲ မျက်မှောင်ကျုံ့ပြီး တစ်ခုခုကို စဉ်းစားသယောင် ငြိမ်သက်သွား၏။

"နှင်းဆီက ဘာရောင်တွေလဲ၊ အဖြူဆိုရင်တော့ နောက်နေ့ မထားပေးပါနဲ့"

သူ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိတော့သလို နှုတ်ဆိတ်သွားစဉ် သူမက ...





"နွဲ့ယိမ်း စိတ်ထင် ဒါ ... နှင်းဆီဖြူတွေမှတ်လား"

ဟု ပြောလိုက်ရာ သူ မျက်ခုံးပင့်မိသွားသည်။

"နှင်းဆီဖြူမှန်း ဘယ်လိုသိတာလဲ"

သူ့အမေးကြောင့် နွဲ့ယိမ်းပင်ပျိုက သူမဘာသာ ခပ်လွန့်လွန့် ပြုံးသည်။

"လက်နဲ့ စမ်းကြည့်တာလေ"

"လက်နဲ့ စမ်းကြည့်ရုံနဲ့ အရောင်သိတယ် ... ဟုတ်လား"

"အဲဒီအာရုံက မျက်စိမမြင်ကတည်းက အလိုလိုရလာတာလေ၊ နှင်းဆီဖြူက သိပ်မမွှေးဘူး၊ သေသေချာချာ အာရုံစိုက်မှ ခပ်သင်းသင်းပဲ ရတာ၊ သူ့ပွင့်ချပ်က တခြားနှင်းဆီတွေထက် ပိုထူပြီး နူးညံ့တယ်၊ ဥပမာ ရေမွှေးနှင်းဆီဆို ပွင့်ချပ်ပါးတယ်၊ ပြီးတော့ နှင်းဆီဖြူက အရိုးတုတ်ပြီး ဆူးသိပ်မရှိဘူး၊ ရှိတဲ့ဆူးက ပျော့တယ်၊ အဲဒီ



www.burmeseclassic.com

wwww.burmeseclassic.com



အချက်တွေထက် ပိုသေချာတာက နွဲ့ယိမ်းက နှင်းဆီဖြူရဲ့အထိအတွေ့၊ အနံ့အသက်ကို လုံးဝယဉ်ပါးပြီး အလွတ်ရနေလို့ပဲ"

အေးစက်တိုးလျှသော သူမရဲ့စကားကြောင့် သူ ပြုံးရင်းခေါင်းညိတ်မိသွားသည်။

သူမ ဖန်တီးသော တယောသံလေးက သာယာနာပျော်ဖွယ် နှစ်ခြိုက်သလောက် စကားပြောရာတွင် အေးစက်မာကျောကာ အကျိုးအကြောင်းကို လေယူလေသိမ်းမပါဘဲ စာရှင်းပြသလို ခပ်ထောင့်ထောင့် ပြောတတ်သော နွဲ့ယိမ်းပင်ပျိုကို သူ မဖြုံဘဲ မနေနိုင်။

ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချတာတစ်ဝက်၊ တမင် တင်းမာ ခက်ထန်ထားတာတစ်ဝက်နှင့် သူမလေသံဟန်ပန်တွေအားလုံး ထုံပေအေးစက်နေတာကြောင့် သူမရဲ့ လျှို့ဝှက်ချက်တွေကို ဇေလတ် စိတ်ဝင်စားမိသည်မှာ သိပ်တော့ မဆန်းချေ။





"ဟုတ်ပါပြီ၊ ဘာလို့ ဒီအခန်းထဲမှာ နှင်းဆီဖြူတွေ မထားစေချင်တာလဲ၊ ကိုယ်က မင်း စိတ်ကြည်လင်အောင် တမင်ထားပေးတာ"

ဇေလတ်စကားအဆုံး နွဲ့ယိမ်းပင်ပျိုက ဟက်ခနဲ တစ်ချက်ရယ်ရင်း ပြုံးမဲ့မဲ့လေးလုပ်ကာ . . .

"တမင်ထားပေးတာဆိုတိုင်းလည်း နွဲ့ယိမ်းက ကျေးဇူးမတင်တတ်ပါဘူး၊ ဦးဇေလတ်နိုင်ထင်သလို ဒီပန်းတွေကြောင့် စိတ်လည်း မကြည်လင်ဘူး၊ တစ်ခုသတိထားရမှာက နွဲ့ယိမ်းက သူများတွေလို မဟုတ်ဘူးလေ၊ သူများတကာတွေ စိတ်ကျေနပ် ကြည်နူးလောက်တဲ့ အရာတိုင်း နွဲ့ယိမ်းကို စိတ်ကျေနပ်စေမှာမှ မဟုတ်တာ၊ လူတိုင်းကြိုက်တဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို နွဲ့ယိမ်း မကြိုက်ဘူးဆိုရင် အပြစ်တင်မှာလား၊ အဟင်း . . . နွဲ့ယိမ်းမှ ရုပ်ရှင်မကြည့်နိုင်တာလေ၊ အပြစ်တင်လည်း ခံရုံပေါ့"



www.burmeseclassic.com

wwww.burmeseclassic.com



"အဲဒါတော့ ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ နွဲ့ယိမ်း ပင်ပျို ကြည့်ရတာ နှင်းဆီဖြူတွေကို မုန်းနေသလိုပဲ"

"ဟုတ်တယ်၊ နွဲ့ယိမ်း နှင်းဆီဖြူတွေကို သိပ်မုန်းတယ်၊ ဘာကြောင့်လဲဆိုတာတော့ နွဲ့ယိမ်း မဖြေနိုင်ဘူး၊ ဖြေဖို့ လည်း မလိုဘူးထင်ပါတယ်"

"အိုကေ! ကိုယ်နားလည်ပါပြီ နွဲ့ယိမ်းပင်ပျို"

"တဆိတ်လောက် နွဲ့ယိမ်းပင်ပျိုလို့ ခေါ်ရတာ ခက်ခဲရင် နွဲ့ယိမ်းလို့ပဲ ခေါ်ပါလား၊ နားထဲမှာ တစ်မျိုးကြီးဖြစ်နေ လို့"

ဇေလတ် တိုးတိုးကလေး ရယ်လိုက်မိ၏။

"ဟုတ်ပါပြီ၊ ကိုယ် မင်းကို နွဲ့ယိမ်းလို့ပဲ ခေါ်ပါ့မယ်၊ မင်း နာမည်က ရှည်ပေမယ့် အစအဆုံးခေါ်မှ အဓိပ္ပာယ်ရှိပြီး ပိုလှနေလို့ပါ"

သူ့စကားကို သိပ်မလိုလားဟန်နှင့် သူမက နှုတ်ခမ်းကို





တင်းတင်းစေ့လျက် မျက်နှာလွှဲသွားလေတော့သည်။

သူမမျက်နှာက တည်တင်းအေးစက်နေတာ တစ်ခုနဲ့တင် အလှပျက် အကျည်းတန်သွားသည်မဟုတ်ရာ သူ့အတွက်တော့ အမြဲထိုင်ငေးချင်စရာတည်း။

ဒီလောက်လှတဲ့မိန်းကလေးဟာ မျက်မမြင်ဒုက္ခိတတဲ့။

ဘယ်လိုသော အကျိုးပေး အကြောင်းတရားတွေနဲ့ ဒီဘဝ မျိုး ရောက်နေရပါလိမ့်။

မွေးကတည်းကတော့ မမြင်တာ မဟုတ်နိုင်။ မတော် တဆမှုတစ်ခုခုကြောင့်လား။ နဂိုချို့ယွင်းချက်ကြောင့်လား။

သူ တွေးရင်း သက်ပြင်းတွေသာ ချမိ၏။ အဖြေကတော့ ဘာမှထွက်မလာပါ။

"ဦးဇေလတ်နိုင်"

"ပြောလေ. . . နွဲ့ယိမ်း"

သူ့အသံက ရုတ်တရက် လန့်သွားသလို ခပ်ဆတ်ဆတ်



www.burmeseclassic.com

wwww.burmeseclassic.com



ဖြစ်နေတာမို့ နွဲ့ယိမ်းမျက်ခုံးလေး စုကျုံ့သွားသည်။

"နွဲ့ယိမ်းကို ပြောစရာကိစ္စတစ်ခုခု ရှိလို့လား"

သူမစကားက ဇေလတ်ကို ခပ်အမ်းအမ်း ဖြစ်သွားစေတာ တော့ အမှန်ပင်။

ရုတ်တရက် ဘာဖြစ်ရမှန်းမသိ ကြောင်တောင်တောင် ဖြစ်နေမိပြီးမှ . . .

"ရှိတယ် . . . နွဲ့ယိမ်း၊ ကိုယ့်ကို ဦးဇေလတ်နိုင်လို့ ခေါ် တာ ပြင်စေချင်တယ်၊ အဲဒါ အသက်သုံးလေးဆယ် အရွယ်တွေကို ခေါ်တာမျိုးလေ"

"ထားပါတော့၊ နွဲ့ယိမ်း အဲလိုမခေါ်တော့ပါဘူး၊ ဦးလေး ခေါ်သလို သူဌေးလို့ပဲ ခေါ်မယ်"

"ကျွတ် . . . အဲဒါက ပိုဆိုးတယ်၊ ဒီလိုလုပ် . . . နွဲ့ယိမ်း နဲ့ ကိုယ်က အသက်တူတူလောက်ပဲရှိမှာ၊ ဇေလတ်ပဲ ခေါ်၊ ဟုတ်ပြီလား"





"ဇေလတ်"

သူမက လေသံနှင့် ရေရွတ်ကြည့်ပြီးမှ ဆတ်ခနဲ ခေါင်း ညိတ်ကာ . . .

"ရပါတယ်၊ ရိုင်းသလိုများ ဖြစ်နေမလား မသိဘူး"

"မရိုင်းဘူး၊ ပိုရင်းနှီးသွားသလို ခံစားရတယ်"

သူမက ခေါင်းငုံ့လျက် ငြိမ်သက်သွားသည်။

တကယ်ဆို သူတို့နှစ်ယောက်က ရင်းနှီးဖို့မှ မလိုဘဲ ဟူသော ယေဘုယျအတွေးကို ချက်ချင်းမောင်းထုတ်လိုက်ပြီး နောက်တွင် သူမကို ကူညီဖေးမလိုသော၊ စာနာနားလည်လိုသော ဆန္ဒတွေသာ ရင်ထဲမှာ တဖွားဖွား ပေါ်ပေါက်လာမိသည်။

ထို့အတွက် မရိုးသားဘူးဟူ၍တော့ သူ့ကိုယ်သူ မထင်မိ ပါ။ သေချာတာကတော့ နွဲ့ယိမ်းနေရာမှာ တခြားတစ်ယောက်ဆို ထိုစိတ်မျိုး ဝင်ချင်မှ ဝင်လိမ့်မည်။

"ဟော . . . ကိုဇေလတ်က ဒီရောက်နေတာကိုး၊ နွဲ့ယိမ်း



www.burmeseclassic.com

wwww.burmeseclassic.com



ပြန်ဖို့ ကားရောက်နေပြီ"

ဝန်ထမ်းတွေအတွက် ဖယ်ရီစီစဉ်ပေးရသော ကိုဝင်းမြတ်၏ စကားအဆုံး နွဲ့ယိမ်း ခေါင်းလေးညိတ်၍ တယောထည့်ထားသည့် သေတ္တာလေးကို ကောက်လွယ်သည်။

"နွဲ့ယိမ်း"

အခန်းဝသို့ တရွေ့ရွေ့ လှမ်းသွားသည့် နွဲ့ယိမ်းက ခြေရပ်၍ နားစွင့်နေသည်။

"ကိုယ် . . . နွဲ့ယိမ်းကို နေ့တိုင်းလိုက်ပို့ပေးမယ်"

"ဟင့်အင်း၊ နွဲ့ယိမ်း ဖယ်ရီကလွဲပြီး ဘယ်သူ့ကားမှ မစီးဘူးလို့ ဆုံးဖြတ်ပြီးသားပါ"

"ဆုံးဖြတ်ချက်ဆိုတာ အခြေအနေအရ ပြင်လို့ရတာပဲ နွဲ့ယိမ်းရယ်"

"ဆုံးဖြတ်ချက်က ပြင်လို့ရရင် နွဲ့ယိမ်းစိတ်ထဲ ထည့်ထားတာ သန္နိဋ္ဌာန်တစ်ခုပဲနေလိမ့်မယ် ဇေလတ်၊ ဘယ်တော့





မှ မပြင်ဘူး၊ ဇေလတ်က နွဲ့ယိမ်းရဲ့ အလုပ်ရှင် တစ်ယောက် ဖြစ်နေတာလည်း ပါတယ်"

"သူဌေးချင်းဆိုရင်ရော . . ."

ကပ်သပ်ပြောလိုက်သော သူ့စကားအဆုံး နွဲ့ယိမ်းက ခေါင်းခါသည်။

"ပိုတောင် မဖြစ်နိုင်သေးတယ်"

အေးစက်ပေမယ့် ခံစားချက်ပါသော စကားအဆုံး သူ သက်ပြင်းမရှိုက်မိအောင် ထိန်းရင်း . . .

"ကိုယ်ကတော့ နွဲ့ယိမ်းရဲ့ အရင်းနှီးဆုံးလူ ဖြစ်ချင်ပါတယ်"

ဟု ပြောလိုက်၏။

နွဲ့ယိမ်း နှုတ်ခမ်းကလေး တင်းတင်းစေ့သွားသည်။ ပြုံးလိုက်သလားဟု သူ လိုရာဆွဲတွေးမိ၏။

"နွဲ့ယိမ်းကို ခွင့်ပြုပါဦး"



www.burmeseclassic.com

wwww.burmeseclassic.com



"ကောင်းပါပြီဗျာ"

နွဲ့ယိမ်း မမြင်ရပေမယ့် သူ လှိုက်လှိုက်လှဲလှဲ ပြုံးလိုက်မိသည်။

နွဲ့ယိမ်းက Piano တီးသော အမျိုးသမီးတစ်ယောက်၏ လက်ကိုတွဲကာ ဖယ်ရီဆီသို့ လျှောက်သွားလေတော့သည်။

သူ နွဲ့ယိမ်းအကြောင်းကို CV form ပေါ်က အချက်အလက်တွေထက်ပို၍ ပြည့်စုံစွာ သိချင်နေမိ၏။

နွဲ့ယိမ်း လျှို့ဝှက်ထားတဲ့ ပဟေဠိက ဘာတွေဖြစ်မလဲ။

➤ ➤ ➤



## အခန်း(၃)

နွဲ့ယိမ်း ရေချိုးပြီး ထွက်လာတော့ အခန်းထဲမှာ ရှင်းလင်းပေးနေသော မေမေ့လှုပ်ရှားသံ တချွတ်ချွတ်ကို ကြားနေရ၏။

ကုတင်စွန်းမှာ ဝင်ထိုင်ပြီး မျက်နှာနှင့် လက်မောင်းပေါ်က ရေစက်တွေကို towel နှင့် သုတ်နေခိုက် . . .

"သမီးရေ . . . ဒီမှာ ဂါဝန်အစိမ်းလေး မေမေ ရွေးပေးထားတယ်၊ ဖဲကြိုးရင်စည်းလေးနဲ့ အောက်ကားကားလေး၊



www.burmeseclassic.com

wwww.burmeseclassic.com



လက်က ပုခုံးစွန်းဖုံးရုံလေးဆိုပေမယ့် မရှိင်းပါဘူး၊ ဒီဝတ်စုံနဲ့ လိုက်တာ ပုလဲပုတီးပဲ၊ မေမေ့မျက်လုံးထဲ စိတ်မှန်းနဲ့ကြည့်တာ တော်တော်လေး လှနေပြီ၊ ဒီနေ့ ဒါလေးဝတ်သွားနော်"

နွဲ့ယိမ်းဆံပင်တွေကို ဖြန့်ချလိုက်တော့ မေမေက အလိုက်တသိပင် လာရောက်ဖြီးသင်ပေးသည်။

"ရတယ် မေမေ၊ နွဲ့ယိမ်းဘာသာ ဖြီးပါ့မယ်"

"မေမေက သမီးကို ဆံထုံးလေး ထုံးပေးလိုက်ချင်လို့"

"အို . . . မဟုတ်တာ မေမေရယ်၊ ဒီအတိုင်းချထားတာပဲ လွတ်လပ်ပါတယ်၊ မတော်တဆပြေသွားရင် နွဲ့ယိမ်း ဘာမှပြန်လုပ်တတ်မှာမဟုတ်ဘူး"

"မပြေစေရပါဘူး သမီးရဲ့၊ သေသေချာချာ ထုံးပေးလိုက်မှာပေါ့၊ ဒီဂါဝန်လေးက ဆံထုံးလေးနဲ့မှ ပိုလိုက်တာ"

မေမေ့စကားကြောင့် နွဲ့ယိမ်း သက်ပြင်းချမိတော့မလို





ဖြစ်သွားပေမယ့် ပြုံးလိုက်ကာ . . .

"နွဲ့ယိမ်းအတွက် လိုက်တာတွေ၊ လှတာတွေက မလိုတော့ပါဘူး၊ ဘယ်လောက်ပဲပြင်ပြင် ပိုမထူးတော့တဲ့ဘဝပဲ မေမေရယ်၊ ဘာမှ အပင်ပန်းမခံပါနဲ့၊ နွဲ့ယိမ်း ဝေယျာဝစ္စတွေ မေမေလုပ်ပေးနေရတာနဲ့တင် လွန်နေပြီ၊ တစ်ခါတလေ မေမေ့ကို ကူညီခွင့်ရတဲ့ အရင်လိုဘဝမျိုးတောင် လိုချင်မိတယ်"

"အဲလိုစိတ်ထဲမှာ မထားနဲ့ သမီး၊ ခုလည်း သမီးက တစ်ဖက်တစ်လမ်းက ဝင်ငွေရှာပေးနေတာပဲ၊ ပြီးတော့ သမီးမျက်လုံးတွေ ပြန်မြင်ဖို့ အခြေအနေကောင်းတယ်ဆိုတာ သိသားနဲ့ . . ."

"တော်ပြီ မေမေ၊ သမီးမျက်လုံးကုဖို့ ဘယ်တော့မှမပြောပါနဲ့၊ သမီး ဒီဘဝမှာပဲ နေသားကျအောင် ကြိုးစားမယ်"

"မဟုတ်တာကွယ်၊ သမီးအသက်ငယ်ငယ်လေး ရှိသေး



www.burmeseclassic.com

wwww.burmeseclassic.com

တာ၊ ပြီးတော့ မေမေ့မှာ သမီးမျက်လုံးတွေ ကုဖို့ ငွေ အလုံအလောက်ရှိတယ်၊ သမီးဆန္ဒအတိုင်း ဘာမဆိုဖြစ် ရမယ်လို့ . . ."

"အဲဒါတွေ ခိုင်မြပြောခဲ့တာ မဟုတ်လား မေမေ၊ နောက် ဆို သူပို့ပေးတဲ့ငွေတွေ လက်မခံပါနဲ့တော့၊ သူ တတ်နိုင်လို့ သူ့မျက်လုံးတွေထုတ်ပြီး အစားပေးမယ်ဆိုရင်တောင် သမီး သူ့ကိုကျေနပ်ခွင့်လွှတ်မှာ မဟုတ်ဘူး"

"အပြုံးဆိုတာ ပြေသင့်တဲ့အချိန်ရောက်ရင် ပြေရပါတယ် သမီးရယ်၊ အပြစ်ဆိုတာ ကိုယ်ကယူမှ ဖြစ်တာ၊ ခိုင်မြ နေရာမှာ တခြားတစ်ယောက်ဆိုရင်တော့ သမီးအတွက် မေမေ သတ်ပစ်ချင်လောက်အောင် မုန်းချင်မုန်းမိမယ်၊ ဒီကလေးကိုတော့ မေမေ မမုန်းနိုင်တာ အမှန်ပဲ၊ ပြီးတော့ နေ့တိုင်းမြင်တွေ့နေရတဲ့ ငြိမ်းငြိမ်းမျက်နှာကလည်း ရှိ သေးတယ်၊ နှစ်ရှည်လများ တွယ်ခဲ့ကြတဲ့ သံယောဇဉ်က





ဘယ်လိုအပြစ်ကြောင့်ပဲဖြစ်ဖြစ် ဖြတ်ဖို့မလွယ်တာ သေချာတယ်၊ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့မိသားစု ကို မေမေ စိတ်မနာတာ အပြစ်တင်ချင်လည်း တင်ပါ သမီးရယ်"

"သမီးကတော့ လွမ်းတာရှိရင်တောင် နာတာနဲ့ ချေမှာပဲ၊ အန်တီငြိမ်းကို ချစ်တာက သက်သက်၊ ခိုင်မြကို မုန်းတာ နာတာက သက်သက်ပဲ၊ နောက်ဆုံးထွက်သက်မှာတောင် သူ့ကိုမုန်းတယ်လို့ ပြောသွားချင်သေးတယ်"

"တော်ပါတော့ သမီးရယ်၊ သူ့ခမျာ ရေခြားမြေခြားမှာ အလုပ်သွားလုပ်နေရရှာတာ၊ သမီးကို သူ ဘယ်လောက် သံယောဇဉ်ကြီးခဲ့တယ်ဆိုတာ သမီးက မေမေ့ထက် ပိုသိ မှာပါ"

မေမေ့စကားကြောင့် နွဲ့ယိမ်းရင်ထဲ နွေးခနဲပူသွားပြီး ဆို့နင့်နေတဲ့ ခံစားချက်က မျက်ဝန်းအိမ်ဆီသို့ ဘယ်လို

wwww.burmeseclassic.com

ပြေးလွှားရိုက်ခတ်သည်မသိ . . .။

အိခနဲ ဝိုင်းလာသည့် မျက်ရည်တွေကို မျက်တောင်ရှည်တွေနှင့် မလုံတလုံ ပင့်ခတ် သိမ်းဆည်းလျက် ခေါင်းမော့မာန်တင်းရလေသည်။

မေမေ့လက်ကလေးတစ်ဖက်က နွဲ့ယိမ်းပုခုံးပေါ် ဖွဖွထွေးဖက်လာသည်။

"နောက်ကျမယ်သမီး၊ အဝတ်လဲတော့ . . . တော်ကြာဖယ်ရီလာတော့မှာ"

နွဲ့ယိမ်း ခေါင်းညိတ်ပြလိုက်၏။

အတိတ်က အကြောင်းတွေနဲ့ ပတ်သက်လျှင် ဦးစွာစကားစ၍ ကိုယ်တိုင် စကားစဖြတ်သူမှာ မေမေပဲ ဖြစ်သည်။ နွဲ့ယိမ်းမှာတော့ နာကျင်ခြင်းတွေ၊ ကြင်နာခြင်းတွေ ခွဲခြားမရအောင် ရောထွေးပွှမ်းတီးခဲ့သည့် အတိတ်အိပ်မက်ဆိုးတွေကို ပြန်တွေးမိရင်း ဝမ်းနည်းကျန်ခဲ့ရတာချည်းပင်။





"တီ . . ."

"ဟော . . . ကားရောက်နေပြီ သမီးရေ၊ သွက်သွက်ကလေး လုပ်ဦး"

အဝတ်လဲတာ မေမေ့အကူအညီမပါဘဲ ပြီးလေသည်။ မျက်နှာကို အထွေအထူး မပြင်သော နွဲ့ယိမ်းအတွက် သိပ်တော့ အချိန်မကြာလိုက်ပါ။

ဖယ်ရီရပ်ထားသော ခြံဝအထိ မေမေက လိုက်ပို့သည်။ တံခါးအသင့်ဖွင့်ပေးထားသည်ထင်၏။

နွဲ့ယိမ်းကို မေမေက ကားပေါ်တင်ပေးပြီး တယောပူးလုမ်းပေးသည်။

"မေမေ . . . သမီး သွားမယ်နော်"

"အေး . . . သမီးလေး၊ သွား သွား . . ."

နွဲ့ယိမ်းစိတ်ထဲ ထူးဆန်းသလို ဖြစ်နေမိ၏။

နွဲ့ယိမ်းကို ဝင်ကြိုလျှင် ကားပေါ်မှာ ဝန်ထမ်း


www.burmeseclassic.com

wwww.burmeseclassic.com



သုံးလေးယောက် ပါသည်။

ယခု နွဲ့ယိမ်းတစ်ယောက်တည်းဖြစ်ကာ ကားအရှေ့ခန်းထဲမှာ ဖြစ်သည်။ အေးစိမ့်စိမ့် မွှေးပျံ့ပျံ့ အငွေ့အသက်ကလည်း စီးနေကျဖယ်ရီနှင့် မတူသလိုပင်။

နွဲ့ယိမ်းဘေးက ဒရိုင်ဘာကိုလည်း အကျိုးအကြောင်း မမေးရဲပါ။

နွဲ့ယိမ်း ဇဝေဇဝါစိတ်နှင့်ပင် ငြိမ်သက်နေရင်း သိချင်စိတ်က များလာပြန်သည်။

"ဟို . . . ဖယ်ရီကားက ပြောင်းသွားသလိုပဲနော်"

"အဟင်း . . . ဟုတ်မယ် ထင်တယ်"

အို . . . ဒီအသံက ဇေလတ်အသံပါလား။

"ဇေလတ် . . . ဇေလတ်မှတ်လားဟင်"

"နွဲ့ယိမ်း မှတ်မိသားပဲ၊ ဟုတ်တယ်၊ ကိုယ် လာကြိုတာ"

"ကျွတ် . . . ရှင့်ကို နွဲ့ယိမ်း ပြောဖူးတယ်လေ၊ ဖယ်ရီက





လွဲပြီး . . ."

"ဒါလည်း ဖယ်ရီပါပဲ နွဲ့ယိမ်းရဲ့၊ ဝန်ထမ်းကြိုပို့ ဖယ်ရီတွေထဲက တစ်စီးယူလာတာ၊ နွဲ့ယိမ်းက ဖယ်ရီက လွဲပြီး ဘယ်သူ့ကားမှ မစီးဘူးဆိုတော့ ကိုယ့်ကားကို ထားခဲ့ပြီး ဖယ်ရီ မောင်းလာတာ"

နွဲ့ယိမ်း စိတ်ရှုပ်နေသည့်ကြားမှ ကြံဖန်စိတ်ကူးရသောသူ့ကို ရယ်ချင်သလိုပင် ဖြစ်သွားရသည်။

"ဘာထူးလဲ၊ ရှင် မောင်းမှတော့ ဖယ်ရီမှမဟုတ်တာ၊ ပြီးတော့ တခြားလူတွေလည်း မပါဘူး၊ အလုပ်ရှင်ကိုယ်တိုင် လာကြိုရအောင် နွဲ့ယိမ်းက ဘာမှမဟုတ်ဘဲနဲ့ သက်သက် သူများပြောစရာဖြစ်အောင်"

ဒီလိုပြောဖို့မသင့်မှန်း နွဲ့ယိမ်းသိပေမယ့် မသိစိတ်ထဲမှာ ရင်းနှီးပြီးသားဖြစ်နေတာမို့ အားမနာနိုင်ဘဲ စွတ်ရွတ်ပြောလိုက်ပြီးမှ သူ့ဘက်က ဘာသံမှ မထွက်ဘဲ တိတ်ဆိတ်ငြိမ်သက်သွားတာ



www.burmeseclassic.com

wwww.burmeseclassic.com



ကြောင့် နွဲ့ယိမ်း နည်းနည်းအနေခက်သွားရလေသည်။

"ဒီမှာ . . . ဇေလတ်၊ ရှင် စိတ်ဆိုးနေတာလား"

"မဟုတ်ပါဘူး၊ နွဲ့ယိမ်းစိတ်ဆိုးနေလို့ ဘာပြောရမှန်းမသိ ဖြစ်နေတာ"

"ဟင်"

နွဲ့ယိမ်းရင်ထဲ လှိုက်ခနဲ ဝမ်းနည်းသွားရပြန်သည်။ သူလည်း ဟိုတစ်ယောက်လိုပဲ နွဲ့ယိမ်းစိတ်ဆိုးလျှင် တိတ်တိတ်လေး ငြိမ်သက်နေတတ်သတဲ့။

အို . . . ဘာလို့ မဆိုင်တာတွေ တွေးမိနေတာပါလိမ့်။

ဇေလတ်အသံက သူ့အသံနဲ့ ဆင်နေတာ စတွေ့တဲ့နေ့ကတည်းက သတိထားမိခဲ့သည်။

ထို့ကြောင့် တိုက်ဆိုင်မှုနှင့် သတိရသွားတာမျိုးဟု ကိုယ့်စိတ်ကို ပြန်တွေးယူရသည်။

"နွဲ့ယိမ်းက ဘာကိုစိတ်ဆိုးရမှာလဲ၊ မသင့်တော်ဘူး ထင်





လို့ ပြောတာပဲ"

"မဟုတ်ဘူး၊ နွဲ့ယိမ်း အသေအချာစိတ်ဆိုးမယ့်ကိစ္စတစ်ခု ကိုယ်လုပ်မိထားသေးတယ်"

ဘုရားရေ . . . ဘယ်လိုလူနဲ့ လာတွေ့နေပါလိမ့်။

"ဘာကိစ္စမို့လဲ"

"ကိုယ်အခု မောင်းနေတာ Sunday Story ကို မဟုတ်ဘူး"

နွဲ့ယိမ်းရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

"ဒါ . . . ဒါဆို ဘယ်ကိုမောင်းနေတာလဲ"

"အေးအေးဆေးဆေး စားသောက်လို့ရတဲ့ ဂျပန်ဆိုင်လေး တစ်ဆိုင်ကိုပါ၊ အဲ့ဆိုင်လေးက အရမ်းအေးချမ်းတိတ်ဆိတ်တာ၊ နွဲ့ယိမ်း သဘောကျမှာပါ၊ ကိုယ့်ဆိုင်မှာဆိုတော့ အေးဆေးစကားပြောလို့ မရဘူးလေ"

"ဒုက္ခပဲ၊ နောက်ကျတော့မှာပဲရှင်"



www.burmeseclassic.com

wwww.burmeseclassic.com



"နောက်မကျပါဘူး နွဲ့ယိမ်းရဲ့၊ ဒီနေ့အတွက် အချိန်စာရင်းမှာ နွဲ့ယိမ်းက နောက်ဆုံးကျမှ၊ သုံးနာရီ လေးနာရီလောက် အချိန်ရသေးတယ်"

"တစ်ယောက်ယောက် ဖျက်တာရှိရင် အစားဝင်ပေးရမှာလေ၊ အဲဒါမျိုးဖြစ်ရင် ဘယ်လိုလုပ်မလဲ . . . ကဲ"

"နွဲ့ယိမ်းက ပူစရာမရှိ ကြံဖန်တွေးပူပြန်ပါပြီ၊ ရှိ့ ရှိကွာ၊ ဘာဖြစ်လဲ"

နွဲ့ယိမ်း မျက်မှောင်ကျုံ့လျက် ကျွတ်ခနဲ စုပ်သပ်မိပြန်သည်။ အင်မတန် ဂျစ်ကန်ပေကပ်လှသောလူမျိုးနှင့်မှ လာဆုံတတ်သော ကိုယ့်ကံကိုပဲ အပြစ်တင်ချင်မိတော့သည်။

တဖြည်းဖြည်းနှင့် နွဲ့ယိမ်းပင် သူပြောသည့်အတိုင်း အလွယ်တကူ ခေါင်းညိတ်လက်ခံလိုက်ရမလို ဖြစ်လာသည်။ အဲဒီအထိ စည်းရုံးသိမ်းသွင်းနိုင်သည့် အစွမ်းအစက အလုပ်ရှင်သူဌေးဟူသော အရှိန်အဝါတစ်ခုတည်းနှင့် မဟုတ်ဘဲ တခြားညှို့ဓာတ်





တစ်မျိုးကြောင့်ဟု ထင်စရာရှိ၏။

ဇေလတ်နိုင်ဆိုတာ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလုပ်ငန်းတွေကို ဦးစီးနေသူတစ်ယောက်မို့ တော်ရုံတန်ရုံ အသေးအဖွဲကိစ္စတွေကို အပီအပြင် ဆောင်ရွက်နိုင်တာ အံ့လောက်စရာတော့ မရှိချေ။

"ဆိုင်ကိုပဲ မောင်းပါ ဇေလတ်၊ နွဲ့ယိမ်း ဘယ်မှမသွားချင်ဘူး"

"မဟုတ်သေးပါဘူးကွာ၊ နွဲ့ယိမ်း ဘယ်မှမသွားတာ ကြာလို့ မသွားချင်တာ ဖြစ်ပါလိမ့်မယ်၊ ဆိုင်ကို ပြန်မလှည့်ချင်တော့ဘူး၊ ကိုယ်သွားမပ်နေရာက ရောက်နေပြီ"

တကယ်ပင် သူက ကားကို ထိုးရပ်လိုက်သည်။

"ကဲ . . . ရောက်မှတော့ ဆင်းလိုက်နော် နွဲ့ယိမ်း ကြိုမပြောမိတဲ့အတွက် တောင်းပန်တယ်၊ နွဲ့ယိမ်း ငြင်းမှာစိုးလို့မပြောတာ ခွင့်လွှတ်လိုက်ပါ"



www.burmeseclassic.com

wwww.burmeseclassic.com



သူက ပြောပြောဆိုဆို နွဲ့ယိမ်းထိုင်နေရာဘက်ခြမ်းမှ
ကားတံခါးကို ဖွင့်ပေးရင်း နွဲ့ယိမ်းလက်ကိုတွဲလိုက်ကာ . . .

"နွဲ့ယိမ်း အဆင်ပြေပြေလျှောက်ဖို့ ကိုယ့်လက်ကိုတွဲနော်
စိတ်ထဲ ဘာမှမထားနဲ့ ဟုတ်ပြီလား၊ ကိုယ်တို့က သူငယ်
ချင်းတွေ"

ဟင့်အင်း . . . သူငယ်ချင်းမဟုတ်ဘူး။ မိတ်ဆွေပါလို့
ပြောလိုက်ချင်သော်လည်း နွဲ့ယိမ်း နှုတ်ဆိတ်ခေါင်းညိတ်မိလေ
သည်။

ရင်ထဲမှာ ရှုပ်ထွေးညစ်ညူးခြင်းတစ်ဝက်၊ လှိုက်ခုန်ကြည်
နူးခြင်းတစ်ဝက်နှင့် ကိုယ့်အဖြစ်ကိုယ် မသိစိတ်မှာ ကျေနပ်နေ
သည်လားပင် မဆိုတတ်တော့ချေ။

"နွဲ့ယိမ်းလက်တွေ အေးစက်နေတာပဲ၊ စိတ်လှုပ်ရှား
တာ ထင်တယ်၊ ဘာမှမဖြစ်ဘူး၊ အေးဆေးပဲ၊ အခု ကိုယ်
တို့ ဆိုင်ဝရောက်ပြီ၊ အဝင်ဝတံခါးတွေက ဂျပန်စတိုင်





ပေါ့၊ စက္ကူလျှောတံခါးတွေနဲ့ ဘေးတစ်ဖက်မှာ အလှစိုက်
ထားတဲ့ ဝါးပင်ပုလေးတွေ ရှိတယ်၊ အဲ . . . ဆိုင်ထဲမှာ
တစ်ခန်းနဲ့ တစ်ခန်း ဝါးယင်းလိပ်တွေ ကာထားတယ်၊
ကိုယ်တို့ အခုသွားမယ့် ထောင့်စွန်းအခန်းနံရံမှာ ချယ်ရီ
ပင်တွေနဲ့ ယပ်တောင်ပုံတွေ ပန်းချီဆွဲထားတယ်၊ ချယ်ရီ
ကိုင်းပေါ်မှာ နှုတ်သီးရှည်ရှည်နဲ့ ငှက်မည်းလေး နှစ်
ကောင်ပုံလည်း ရှိတယ်၊ ဒီဆိုင်က ဝန်ထမ်းကောင်မလေး
တွေက ဂျပန်ရိုးရာအဝတ်အစားတွေနဲ့ သိလား"

သူက နွဲ့ယိမ်းလက်ကို ဖျစ်ညှစ်ရင်း တိုးတိုးကလေး ရှင်းပြ
နေတာမို့ သူများတွေမြင်လျှင် သမီးရည်းစားနှစ်ယောက် တီးတိုး
စကားဆိုနေကြသည်နှင့် တူနေသည်။

နွဲ့ယိမ်း ခေါင်းညိတ်ပြရပေမယ့် ရင်ထဲမှာ မလုံမလဲ စိတ်
ကြောင့် လေးလံနေရ၏။

"ထိုင်တာကလည်း ခုံမပါဘူး နွဲ့ယိမ်းရဲ့ ဘေးပွဲပုလေးနဲ့



www.burmeseclassic.com

wwww.burmeseclassic.com



ဖျာပေါ်ပဲ ထိုင်ရမှာ"

သူက နွဲ့ယိမ်းကို အသေအချာထိုင်စေသည်။

နွဲ့ယိမ်းက သူနေရာချပေးတဲ့အတိုင်း ပုဆစ်လေး တု

ရင်း အရုပ်မလေးလို မလှုပ်မယှက်ထိုင်နေလိုက်သည်။

"နွဲ့ယိမ်း . . . နွဲ့ယိမ်းက တကယ်လှတာပဲနော်"

သူ့စကားက ရင်ဘတ်ထဲကလာသော တကယ့်လိုက်

နွေးဖြာနေတဲ့အသံမျိုး။

အဲဒီစကားတွေထဲမှာ နွဲ့ယိမ်း ဒီဘဝရောက်နေတာ

နှမြောတသဖြစ်ဟန်၊ အားမလို အားမရ ခံစားနေရဟန်တွေ

အပြည့်အသိပ်ပင်။

"ဖေလတ်က ဂျပန်စာ ကြိုက်လား၊ Sushi လို ဟာမျိ

ရော"

"အင်း . . . ကြိုက်တယ်၊ နွဲ့ယိမ်းရော"

"ဗမာအစားအစာလောက်တော့ ဘယ်ဟာမှ မကြို

ရွှေပဒေသာစာပေ



ဘူး"

နွဲ့ယိမ်းစကားကြောင့် သူက ခပ်တိုးတိုး ရယ်သည်။ သူ့ရဲ့

ရယ်သံက တိုးလျှပေမယ့် ချိုရှရှလေးနှင့် နားထောင်လို့ ကောင်း

က လှပသေသပ်သော နှုတ်ခမ်းလေးတစ်စုံကိုပင် မြင်ယောင်

သလိုလို ခံစားရ၏။

နီရဲပြီး အနားသတ် အရေးကြောင်းလေးနှင့် အမြဲတမ်း

စေ့ပိတ်ထားသော်လည်း ပြုံးယောင်သမ်းနေသည့် နှုတ်ခမ်းမျိုးဟု

နွဲ့ယိမ်း ထင်မိလေသည်။ သို့သော် ထိုအတွေးကို ရုတ်ချည်းပင်

ဆက်ဆုပ်ရွံမုန်းသွားမိပြန်၏။

အဘယ့်ကြောင့်ဆိုသော် နွဲ့ယိမ်း မြင်ယောင်မိလိုက်သည်

က ခိုင်မြ၏ နှုတ်ခမ်းများ ဖြစ်နေသောကြောင့်ပင်။

"နွဲ့ယိမ်း"

သူက နှုတ်ကခေါ်ရင်း ပြောင်ချောလေးလံသော တူ

လေးတစ်စုံကို နွဲ့ယိမ်းလက်ထဲ ထည့်ပေးသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



"နွဲ့ယိမ်းဘာသာ စားလို့ အဆင်ပြေပါ့မလားဟင်"

"ရပါတယ်၊ နွဲ့ယိမ်း စားနိုင်ပါတယ်"

ပြောသာ ပြောလိုက်ရသည်။ နွဲ့ယိမ်းရဲ့ တူကိုင်ထားသည့် လက်က ကြွေပန်းကန်လုံးမှာ ထောက်လျက် အခြားလက်တစ်ဖက်က ပန်းကန်နှုတ်ခမ်းကို ထိန်းကိုင်ကာ စမ်းတဝါးဝါးပုံမျိုး ဖြစ်နေသည်။

"နွဲ့ယိမ်း၊ စိတ်မရှိနဲ့နော်၊ ကိုယ် ကူညီလို့ရမလား"

နွဲ့ယိမ်း သက်ပြင်းချလိုက်ပြီး လက်ထဲက တူကို လွှတ်ချလိုက်သည်။

"သဘောပဲ"

"အိုကေ! အဲဒါဆို နွဲ့ယိမ်းကို ကိုယ် ခွံ့ကျွေးမယ်နော်"

ဘာတတ်နိုင်မှာလဲ။

နွဲ့ယိမ်း ခေါင်းကိုသာ ညိတ်ပြလိုက်ရတော့၏။ သူ့မျက်နှာလည်း မမြင်ရဘဲ နွဲ့ယိမ်းစိတ်ထဲ မနေတတ်သလို ဖြစ်ပေမယ့်





ဘာမှမဖြစ်လေဟန် ဟန်ဆောင်ထားရသည်။

ရင်မခုန်ပေမယ့် လက်ဖျားတွေတော့ ရေစိမ့်ယိုမတတ် အေးစက်နေလေသည်။

မည်သို့ဆိုစေ ထိုအခြေအနေကိုပင် နွဲ့ယိမ်း သာယာကျေနပ်နေမိ၏။

အင်း . . . နွဲ့ယိမ်းဘဝမှာ တစ်ခါလဲကျရှုံးနဲ့တော့ တစ်သက်လုံး ယှိုင်နဲ့မနေကောင်းပါဘူးလေ။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၄)

အမှန်အတိုင်း ဝန်ခံရလျှင် နောက်နေ့တွေမှာ ဇေလတ် အကြိုအပို့ လုပ်ပေးတာတွေ၊ နွဲ့ယိမ်း တယောထိုးပြီး စင်ပေါ်က ဆင်းတိုင်း နားနေခန်းမှာ ထိုင်စောင့်ပြီး စကားလာပြောတာတွေ၊ နွဲ့ယိမ်းအတွက်ဟုဆိုကာ ဝယ်လာတတ်သော လက်ဆောင်ပစ္စည်း တွေ၊ အခန်းထဲမှာ ထားပေးသည့် ပန်းစည်းပန်းခြင်းတွေ အားလုံး



www.burmeseclassic.com

wwww.burmeseclassic.com



ကို ဘာမှမပြောင်းဖြစ်တော့အောင် သူတို့နှစ်ယောက်အကြား ရင်းနှီးမှုတွေ ပိုလာသည်။

"နွဲ့ယိမ်း စိတ်ပင်ပန်းနေလား၊ တစ်နေရာ သွားထိုင်ရအောင်လေ"

ဆိုသော ကမ်းလှမ်းမှုမျိုးကအစ . . .

"ကိုယ် နွဲ့ယိမ်းကို သီးသန့်ဆိုင်လေးတစ်ဆိုင်မှာ လိုက်ကျွေးချင်တယ်"

ဆိုသော ဖိတ်ခေါ်မှုမျိုးအဆုံး နွဲ့ယိမ်း ဘာဆိုဘာမှမငြင်းဆန်မိတော့ချေ။

လူငယ်တစ်ယောက်လို ရိုးဖြောင့်ပွင့်လင်းပြီး လူကြီးလူကောင်းဆန်ဆန် တည်ကြည်မွန်မြတ်သောဇေလတ်ကို ဘာကြောင့်မှန်းမသိ နွဲ့ယိမ်း ယုံကြည်မိ၏။

သူ့ကိုမမြင်ဖူးပေမယ့် သူ့ရဲ့ကိုယ်သင်းနံ့ လှုပ်ရှားသံတွေကို ကောင်းစွာမှတ်မိနေသလို မသဲမကွဲစကားဆိုသံ ရယ်သံလေး





တွေကို ကြားရုံနဲ့ပင် နွဲ့ယိမ်းအာရုံက သူမှန်းအလိုလိုသိနေသည်အထိ ငြိတွယ်ဝင်စားမိတာ သိပ်တော့အံ့ဩဖွယ်မရှိ။

Sunday Story မှာ နွဲ့ယိမ်းက လူသိများ ထင်ရှားသလောက် အားနည်းချို့ယွင်းချက်ကလေးနှင့်မို့ အားလုံးရဲ့ စာနာဖေးမခြင်းတွေကို စုပြုံရရှိထားကာ ဇေလတ်၏ ကြင်နာယုယခြင်းတွေနှင့်ပတ်သက်လို့ စကားတင်းဆိုမှုတွေက အလိုလိုလွတ်မြောက်ကင်းဝေးနေသူပင်။

ထို့ကြောင့် နွဲ့ယိမ်းဘဝက သူများတွေနှင့်မတူတာမို့ လိုက်တုလို့ မရတာဖြစ်သည်။

အရမ်းလှနေလို့ **အာရုံစိုက်** စိတ်ဝင်စားခြင်း ခံရတာထက် နွဲ့ယိမ်းရဲ့ ကုသိုလ်ကံကြောင့် ဒီလိုဘဝမျိုး ရောက်နေတာကိုက ကရုဏာသက်ချင်စရာ ဖြစ်နေသည်။ ထို့အတွက် နွဲ့ယိမ်းဘဝကိုပင် ကျေနပ်နေရတော့မလိုလို။

"နွဲ့ယိမ်း"



www.burmeseclassic.com

wwww.burmeseclassic.com



"အမယ်လေး"

"ဟား . . . နွဲ့ယိမ်း တကယ်လန့်တတ်တယ်နော်၊ ကိုယ်မသိဘူးကွာ၊ ဆောရီး . . . တကယ်မသိလို့ပါ"

ဇေလတ်က ထုံးစံအတိုင်း လေသံချိုချိုလေးနှင့် တောင်းပန်သည်။ နွဲ့ယိမ်း ခပ်ဖွဖွပြုံးရင်း . . .

"ရပါတယ်၊ နွဲ့ယိမ်းကိုယ်တိုင်က အတွေးလွန်နေတာ၊ အဲဒါကြောင့်မို့ လန့်သွားတာ"

"နွဲ့ယိမ်းက ကိုယ့်ထက်ငယ်ပေမယ့် လူကြီးလိုပဲနော်၊ အမြတမ်း မှုမှုတတ တွေးပေးတယ်၊ ပြီးတော့ နွဲ့ယိမ်းက အားမနာတတ်ဘူး"

ပြောပြီး သူ့စကားသူ မလုံသလို ရယ်နေသည်။

"ထားပါတော့၊ နွဲ့ယိမ်းက အားမနာတတ်ဘူးဆိုတော့ ဇေလတ်ကရော အားနာတတ်တဲ့လူမျိုးလား"

"ထင်တာပဲ"





"သူ့ကိုယ်သူကျတော့ ထင်တာပဲတဲ့၊ နွဲ့ယိမ်းက အားမနာတတ်လို့မှ မဟုတ်တာ၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောတာပဲ၊ နွဲ့ယိမ်းက ငယ်ငယ်လေးကတည်းက ဘယ်သူ့ကိုမှ ရှိန်တတ်၊ ကြောက်တတ်တာ မရှိဘူး၊ ပြောရင်ရယ်စရာဖြစ်နေဦးမယ်၊ နွဲ့ယိမ်းက ဘယ်နေရာမဆို ဦးဆောင်သူတစ်ယောက်အဖြစ် ရဲရဲရင့်ရင့် ရပ်တည်ချင်တာ၊ အကောင်းဆုံးမှမဟုတ်ရင် ဘာမှမဖြစ်ချင်ဘူး ဆိုတာမျိုးပေါ့"

စကားအဆုံး နွဲ့ယိမ်း ဟက်ခနဲတစ်ချက်ရယ်မိသည်။ သူက လက်ဖျစ်တစ်ချက်တီးရင်း . . .

"ကြိုက်သွားပြီ၊ နွဲ့ယိမ်း အဲလိုစိတ်ဓာတ်ရှိတာကို သဘောကျတာ၊ နွဲ့ယိမ်းက တကယ့် hero ၊ ဘယ်တော့မှ အရှုံးမပေးတဲ့စိတ်ဓာတ်နဲ့ ဘဝကို ရှေ့ဆက်နေတာပဲ၊ ကောင်းတယ်၊ အဲဒါမျိုးမှ မိုက်တာ"



www.burmeseclassic.com

wwww.burmeseclassic.com



ဟု သွက်သွက်လက်လက်ကလေး ထပြောလေသည်။

သူ့စကားကြောင့် နွဲ့ယိမ်းမှာ နဂိုရှိရင်းစွဲသတ္တိတွေထက် ခွန်အားတွေ နှစ်ဆတိုးလာသလို ခံစားရ၏။

ဒါပေမဲ့ မထင်မှတ်ဘဲ အဖြစ်အပျက်တစ်ခုက နွဲ့ယိမ်းကို အကြီးအကျယ် စိတ်ဓာတ်ကျ တုန်လှုပ်သွားစေပြန်သည်။ အခန်းထောင့်မှာ ရှိနေသည့် အပူအအေး နှစ်မျိုးစလုံးရသည့် ရေဘူးထဲမှ ရေကိုယူရန် အလုပ်မှာတော့ . . .

"အ . . ."

နွဲ့ယိမ်းလက်ထဲက ရေခွက်ကလေး လွတ်ကျသွားရသည်။

"ဟာ . . . နွဲ့ယိမ်း၊ ဘာဖြစ်တာလဲ"

နွဲ့ယိမ်း အပူလောင်သွားသည့်လက်ကို တဖျတ်ဖျတ် ခါရင်း ရှုံ့မဲ့သွားမိ၏။

"အပူ . . . အပူလောင်သွားတာ"

"ဟာကွာ . . . ဖြစ်မှဖြစ်ရလေ၊ နွဲ့ယိမ်း ခလုတ်မှားနှိပ်





လိုက်တာဖြစ်မယ်၊ ဟုတ်တယ်မလား"

နွဲ့ယိမ်း ခေါင်းညိတ်ပြလိုက်သည်။

"ဆောရီးကွာ . . . ကိုယ်တစ်ယောက်လုံး ရှိနေရက်နဲ့ ဖြစ်ရတယ်လို့၊ ရေသောက်ချင်တာ ကိုယ့်ကိုပြောလည်း ရပါတယ်၊ ကိုယ် ခပ်ပေးမှာပေါ့၊ မဖြစ်သေးပါဘူး၊ ဒီစက်က နွဲ့ယိမ်းအတွက် အန္တရာယ်များလိုက်တာ၊ ဒါကို ဟိုဘက်အခန်းရွှေ့ပြီး ရေခဲသေတ္တာအသေးတစ်လုံး ထည့်ထားမှပဲ၊ အဲလိုဆို ပိုပြီးခက်နေမလားဟင်"

"ရ . . . ရပါတယ်"

သူမအသံတွေက ရှက်ရွံ့ဝမ်းနည်းတာကြောင့် လှုပ်ခတ်တုန်ယင်နေလေသည်။

အကယ်၍ သူမသာ မျက်လုံးမြင်နိုင်ပါက heat ဆိုတဲ့ စာကြောင်းလေးကိုတွေ့ပြီး ရှောင်နိုင်မှာပဲဆိုသည့်အတွေးကြောင့် ရင်ထဲမှာ တနင့်နင့်မွန်းကျပ်လာသည်။



www.burmeseclassic.com

wwww.burmeseclassic.com



"အပူလောင်သွားတာ ဆေးထည့်မှဖြစ်မှာပေါ့၊ လိမ်းဆေး တစ်ခုခုဆို ရမှာပါ"

"ဟင့်အင်း . . . အဲလောက် မပူပါဘူး၊ နည်းနည်းလေး ထိမိတာ၊ ရေနွေးပူသွားတော့ လန့်ပြီး လွှတ်ချလိုက်တာ"

"မဟုတ်တာ နွဲ့ယိမ်းရယ်၊ တော်ကြာ အဖုထလာဦးမယ်၊ ခဏလေးနေ၊ ကိုယ် ဆေးသွားယူလိုက်ဦးမယ်နော်"

ပြောပြီး သူက လှစ်ခနဲထွက်သွားသည်။

ပြန်ရောက်လာတာနှင့်တစ်ပြိုင်နက် နွဲ့ယိမ်းလက်ကလေး ကို ဆွဲယူပြီး စေးထန်းပျစ်ချွဲသောလိမ်းဆေးတစ်မျိုးနှင့် ခပ်ဖွဖွ လိမ်းသုတ်ပေးကာ . . .

"ပတ်တီးစည်းဖို့တော့ မလိုဘူးထင်တယ်"

ဟုပြောလေသည်။

"ရပါတယ်၊ အဲလောက်ကြီးလည်း မဟုတ်ပါဘူး"

"နွဲ့ယိမ်းက ဘာပြောပြော ရပါတယ်ဆိုတာချည်းပဲ၊ ဒီက





စိုးရိမ်ရတဲ့လူက **အသားလွတ်** သည်းပြနေသလို ဖြစ်နေ ပြီ၊ တကယ်လို့ **အဖုတွေ**ထရင် နွဲ့ယိမ်း တယောဘယ်ထိုး နိုင်တော့မလဲ"

သူ့အသံက ကလေးတစ်ယောက် စိတ်ကောက်သွားသလို ဖြစ်ကန်ကန် အစ်တစ်တစ်လေးဖြစ်နေတာမို့ နွဲ့ယိမ်း ပြုံးလိုက်မိ ၏။

"ဪ . . . လက်စသပ်တော့ ရှင်က နွဲ့ယိမ်း တစ်ခုခု ဖြစ်မှာထက် အလုပ် မလုပ်နိုင်မှာကို ပိုပြီး စိုးရိမ်နေတာ ကိုး . . . ဟုတ်လား"

နွဲ့ယိမ်းက ရယ်သံစွက်၍ စ၁လိုနောက်သလို မေးလိုက် တော့ သူဘာမှမပြောဘဲ တိတ်ဆိတ်ငြိမ်သက်သွားသည်။

အဲလိုကျပြန်တော့လည်း သူ စိတ်မကောင်းဖြစ်သွားမှာကို နွဲ့ယိမ်း စိုးရိမ်ပူပန်လှပါသည်။

"ဇေလတ်"



www.burmeseclassic.com

wwww.burmeseclassic.com



"ပြော"

"နွဲ့ယိမ်းပြောတာ စိတ်ဆိုးသွားလား"

"မဟုတ်ပါဘူး၊ အဲ့စကားကို စဉ်းစားနေတာ"

"အံမယ် . . . ဒါတော့ ရှင် ညာနေတာပါ၊ နွဲ့ယိမ်းစကား

မှာ စဉ်းစားစရာ ဘာမှမပါတဲ့ဟာကို"

"မပါဘဲနေမလား၊ နွဲ့ယိမ်း အလုပ်မလုပ်နိုင်မှာကိုဆိုတဲ့

စကားကို တွေးနေတာ၊ ကိုယ်တကယ်ပဲ နွဲ့ယိမ်း အလုပ်

မလုပ်နိုင်မှာကို စိုးရိမ်တယ် သိလား၊ လူတစ်ယောက်ရဲ့

အရည်အချင်းက ဓားတစ်လက်လိုပဲလေ၊ အသုံးပြုပေး

ပိုထက်တာမျိုးမဟုတ်လား၊ ဘယ်လောက်ပဲ တော်အော

ကောင်းအောင် သွေးထားခဲ့လည်း အသုံးမပြုဘဲထားရ

သံချေးကိုက်သွားမှာပဲလေ၊ အဲဒီတော့ နွဲ့ယိမ်းကို အဲ

မျိုးမဖြစ်စေချင်တာကြောင့် အလုပ်မလုပ်မှာကို စိုးရိ

တာ၊ နွဲ့ယိမ်းနေရာမှာ ကိုယ်ဆိုရင်လည်း ဘယ်တော့





အရှုံးမပေး၊ ငွဲမလျှော့ဘူး၊ တက်မရှိရင် လက်နဲ့လှော်မယ်

ဆိုတဲ့ ခံယူချက်မျိုး ထားမှာ"

သူ့စကားတွေကြောင့် တကယ်တမ်း လေးစားနေမိသူက

နွဲ့ယိမ်းကိုယ်တိုင်ပင် ဖြစ်နေသည်။

နွဲ့ယိမ်း သူ့ကို အမှန်တကယ်ကို အားကျလေးစားသွားမိ

ပါသည်။ ပုံပြင်ထဲက မင်းသားလေးလို အစစအရာရာပြည့်စုံ မွန်

မြတ်လှသော ဇေလတ်ကို အားကျမိရာက ရင်းရင်းနှီးနှီး ပတ်သက်

လိုသောစိတ်ကို မအုံ့ညြမိတော့ပါ။

နွဲ့ယိမ်းကိုယ်တိုင်က အစစအရာရာ ပြည့်စုံကြွယ်ဝမှု၊

အောင်မြင်ထင်ပေါ်မှုတွေကို အသက်တမျှ မက်မောတန်ဖိုးထား

ခဲ့ဖူးသူ ဖြစ်ခဲ့တာကိုး။ ထို့ကြောင့် ဇေလတ်ရဲ့ အလေးပေး ဂရုစိုက်

မှုကို လိုလားစွာ လက်ခံခဲ့ခြင်းဖြစ်သည်။

"နွဲ့ယိမ်း . . . မနက်ဖြန် ကိုယ်နဲ့ Shopping ထွက်မလား

ဟင်"



www.burmeseclassic.com

wwww.burmeseclassic.com



"ဘာမှဝယ်စရာမရှိဘူး၊ ပြီးတော့ နွဲ့ယိမ်း လိုအပ် ပစ္စည်းတွေဆို မေမေပဲ ဝယ်ပေးတာ"

"ဝယ်စရာမရှိလည်း အပျော်သွားတာပေါ့၊ မဝယ် လျှောက်ကြည့်မယ်လေ၊ Window shopping ပေ မကောင်းဘူးလား"

"မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ"

"မဝယ်ဘဲ လျှောက်ကြည့်ရအောင် နွဲ့ယိမ်းက ဘာမြ လို့လဲ၊ ဘယ်ပစ္စည်းမှ မျက်စိအရသာခံ မကြည့်နိုင်ပါ ဇေလတ်ရယ်"

နွဲ့ယိမ်းက ဝမ်းနည်းအားငယ်ဟန်နှင့် ဆိုလိုက်လျှင် ဘာမှမပြောဘဲ အတန်ကြာ ငြိမ်သက်သွားလေသည်။ အတန် မှ . . .

"ကိုယ်လည်း တစ်ခါတစ်ခါ နွဲ့ယိမ်း မျက်စိမမြင်တာ





မေ့မေ့နေတယ် သိလား၊ စိတ်အားမငယ်ပါနဲ့ကွာ၊ ဒီမှာ ကိုယ်တစ်ယောက်လုံး ရှိသေးတယ်၊ ကိုယ့်မျက်စိတစ်ဖက် ကို နွဲ့ယိမ်းပိုင်တယ်လို့ သဘောထားလိုက်၊ ကိုယ်မြင်နေ ရတာတွေ အားလုံး နွဲ့ယိမ်းကို ပြောပြရင် နွဲ့ယိမ်း မြင် တာနဲ့ အတူတူပဲပေါ့၊ မဟုတ်ဘူးလား"

ဇေလတ်စကားက နွဲ့ယိမ်းရင်ထဲကို နွေးနွေးထွေးထွေးနှင့် လှုပ်ရှားယိမ်းထိုးစီးဝင်သွားသလိုပင်။

နှုတ်က ဖွင့်မပြောပေမယ့် ကျေးဇူးတင်လိုက်တာ ဇေလတ် ရယ်လို့ ရင်ထဲမှာ အကြိမ်ကြိမ်ပြောဆိုနေမိတော့သည်။

"ဘယ်လိုလဲ၊ ကိုယ့်ကို ယုံကြည်အားကိုးတယ် မှတ်လား၊ အဲ . . . မှားလို့ ယုံပဲယုံ၊ အားမကိုးနဲ့၊ နွဲ့ယိမ်းက သူများ ကို အားမကိုးချင်တဲ့မိန်းကလေးနော်၊ ဟုတ်တယ်ဟုတ်"

နွဲ့ယိမ်းအသံထွက်အောင်ပင် အားရပါးရရယ်မောလိုက် မိ၏။ ဒီလိုမရယ်ရတာ အတော်လေးကြာခဲ့ပြီ။



www.burmeseclassic.com

wwww.burmeseclassic.com



ဟိုတုန်းကတော့ ခိုင်မြကြောင့် နွဲ့ယိမ်း အော်ဟစ်ရယ် မောခဲ့ရဖူးပါရဲ့ . . .။ ပြီးတော့ သူ့ကြောင့်ပဲ မျက်ရည်ခမ်းမတတ် ငိုခဲ့ရတာလေ . . .။

ဖို . . . တော်စမ်းပါ။

ဘာလို့ သူ့အကြောင်းက ခေါင်းထဲ ဝင်လာရတာလဲ။

➤ ➤ ➤



# အခန်း(၅)

ဇေလတ်နှင့် Shopping ထွက်ရတာ ထင်ထားတာထက် ပို၍ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကောင်းလှသည်။ ကားပေါ်က ဆင်းတော့လည်း နွဲ့ယိမ်းလက်ကို ဖွဖွကလေး ဆွဲယူတွဲခေါ်လျက် ဟန်မပျက်လေး လျှောက်စေသည်။

"နွဲ့ယိမ်း . . . escalator နဲ့ အပေါ်တက်ရမယ်နော်"

ဟု သတိပေးသလို ကပ်ပြောတော့ နွဲ့ယိမ်း အလန့်



www.burmeseclassic.com

wwww.burmeseclassic.com

တကြားလေး ဖြစ်သွားသည်။

ရိုးရိုးလှေခါးကို အမှန်းအဆနှင့် လှမ်းတက်နိုင်ပေမယ့် escalator ပေါ်တက်ဖို့ကျတော့ နွဲ့ယိမ်း စိုးရိမ်စိတ်ကလေးဝင်လျက် တွန့်ဆုတ်ဆုတ် ဖြစ်နေမိ၏။

နွဲ့ယိမ်းပုခုံးကို သူက ခပ်ဖွဖွထိန်းဖက်ထားရင်း . . .

"မကြောက်နဲ့နော်၊ ဘာမှမခက်ခဲဘူး"

ဟု တိုးတိုးကပ်ပြောပေမယ့် နွဲ့ယိမ်းခြေထောက်တွေက နောက်ကိုသာ ခြေကန်ရုန်းကာ . . .

"ရိုးရိုးလှေခါးကပဲ တက်ရအောင် ဖေလတ်ရယ်"

"ဟော . . . နွဲ့ယိမ်းကလည်း ရိုးရိုးလှေခါးမှမရှိတာ၊ ဒါဆို ဒီလိုလုပ်၊ ကိုယ် တစ်နှစ်သုံး ခေါ်ပေးမယ်၊ ညာဘက်ခြေထောက်ကို ရှေ့အရင်လှမ်းလိုက် သိလား၊ ဘာမှမဖြစ်ဘူး၊ ကိုယ် တွဲထားမယ်"

"စိက်ညစ်လိုက်တာ"

ရွှေပဒေသာစာပေ



"မညစ်ပါနဲ့ကွာ၊ ကဲ . . . ကိုယ် စရေပြီနော်၊ တစ် . . . နှစ်"

နွဲ့ယိမ်း သူ့လက်ကို အတင်းဖျစ်ညှစ် ဆုပ်တွယ်ထားမိသည်။ ရင်ထဲမှာ တဒိန်းဒိန်းခုန်လျက် ချွေးစေးတွေပင် ပျံလာရ၏။

"သုံး . . ."

"အို . . ."

နွဲ့ယိမ်း ခြေအလှမ်း သူ့ကလည်း အလိုက်သင့် ထိန်းခေါ်ရင်း escalator ပေါ် ရောက်သွားတော့ ဟန်ချက်ပျက်ပြီး လူက ယိုင်သွားတာမို့ နွဲ့ယိမ်းခါးသေးသေးကလေးကို သူက စွေ့ခနဲပွေ့ဖက်လိုက်ရ၏။ နွဲ့ယိမ်းမျက်နှာ ရှိန်းခနဲနွေးသွားရသည်။

"ရလား . . . နွဲ့ယိမ်း"

"အင်း . . . ရပါတယ်"

သူက နွဲ့ယိမ်းခါးပေါ်မှာ ဖက်ထားပေးတဲ့လက်ကို မလွှတ်သေးတာမို့ နွဲ့ယိမ်းရင်တွေ တလှပ်လှပ်ဖြစ်နေမိ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



အပေါ်ရောက်မှ သူ့လက်က ဆတ်ခနဲဖယ်သွားကာ-

"ဆောရီးနော် နွဲ့ယိမ်း၊ ဆင်းရင် တစ်ခါတည်းတွဲခေါ်လို့ ရအောင် ထိန်းထားပေးတာ၊ တစ်မျိုးမထင်ပါနဲ့"

သူပြောကာမှ နွဲ့ယိမ်း ပိုရှက်မိသွားတော့၏။

"သိပါတယ်၊ ဘယ်သူက ဘာပြောလို့လဲ"

"မပြောပေမယ့် နွဲ့ယိမ်းမျက်နှာက တအားရဲတွတ်နေတာ အသိသာကြီးကွ၊ ဒီတော့ ကိုယ်လည်း အားနာတာပေါ့"

"ဟောတော့"

နွဲ့ယိမ်း ရှက်ရယ်ရယ်တော့ သူကပါ ခပ်တိုးတိုးလိုက် ရယ်သည်။

"ဘယ်သူမှ တကူးတက ရိုက်မစစ်ဘဲ ကိုယ့်ဘာသာ ဖြောင့်ချက်ပေးနေပါလား ဖေလတ်ရဲ့၊ နွဲ့ယိမ်းကို ကူညီ စောင့်ရှောက်ပေးတယ်ဆိုတာ နားလည်ပါတယ်"

"အဲ့အတွက် နွဲ့ယိမ်းကို ကျေးဇူးအများကြီးတင်တယ်"





"ပြောင်းပြန်ပဲ၊ နွဲ့ယိမ်းက ကျေးဇူးတင်ရမှာ"

"မလိုဘူးထင်တယ်နော်၊ အားလုံးထဲက တချို့တစ်ဝက်က နွဲ့ယိမ်းကို ကူညီချင်နေကြတာ၊ ကိုယ်က ကံကောင်းပြီး အဲ့အခွင့်အရေး ရလိုက်တော့ နွဲ့ယိမ်းကို ကျေးဇူးတင်မိ နေရော"

ပြောလည်း ပြောတတ်ပါပေ့ ဖေလတ်ရယ်။

"နွဲ့ယိမ်း Pooh ရုပ်လေးတွေ သဘောကျလားဟင်"

"အင်း . . . ဘာဖြစ်လို့လဲ"

"ဝယ်မလားလို့၊ ခု toys counter ရှေ့ ရောက်နေတာ၊ နွဲ့ယိမ်း အိပ်ရာထဲမှာ ထားဖို့ ဝယ်မယ်လေ"

"ဟာ . . . မဟုတ်တာ၊ နွဲ့ယိမ်း အိပ်ရာထဲမှာ ဘာအရုပ် မှမထားပါဘူး၊ bear တစ်ကောင်ထားတာတောင် ကုတင် ကျဉ်းတော့ အဆင်မပြေလို့ ဗီရိုပေါ် တင်လိုက်ရတယ်၊ အပိုတွေ မဝယ်ချင်ပါဘူး ဖေလတ်ရယ် ပိုက်ဆံကုန်



www.burmeseclassic.com

wwww.burmeseclassic.com



တယ်"

"ကိုယ် ဝယ်ပေးမှာပေါ့၊ နွဲ့ယိမ်းအတွက် အမှတ်တရလေ၊ ညဘက် နွဲ့ယိမ်းစကားပြောချင်ရင် ကိုယ့်ကိုယ်စား အရုပ်ကြီးကို ပြောပေါ့၊ ကိုယ်လည်း ငယ်ငယ်က ဒက်ဒီနဲ့မာမီ့ကိုပြောစရာတွေရှိရင် အရုပ်တွေကိုပြောတယ်၊ အဲ့ အကျင့်က US ရောက်တဲ့အထိ မပျောက်ဘူး"

"ဇေလတ် ငယ်ငယ်က မိဘတွေနဲ့ အတူတူမနေရဘူးလား"

"ဟင့်အင်း၊ ကိုယ် ငယ်ငယ်တုန်းက ဒီမှာ အဘိုးအဘွားတွေနဲ့ ကျန်ခဲ့တာ၊ ဒက်ဒီက MD ဘွဲ့ယူဖို့ ဟိုကို အရင်ရောက်နေတာလေ၊ ကိုယ် ငါးတန်းတက်မယ့်နှစ်ကျတော့ မာမီပါ လိုက်သွားတာ၊ Australia မှာ အတော်လေး အခြေကျနေပြီဆိုတော့ ဒက်ဒီက မိသားစုကို လှမ်းခေါ်တာ၊ ကိုယ့်ကို မာမီ့ဘက်က အဘွားက အရမ်းချစ်တာ၊





ဒီမှာ ဆယ်တန်းအောင်တဲ့အထိ တက်ရမယ်ဆိုပြီး ကျန်ခဲ့တာ၊ တကယ်တမ်း လိုက်သွားရတော့ ကျောင်းသွားတက်ရတာ တစ်နေ့ရာဖြစ်နေတယ်၊ မိသားစု အတူတူမနေရသေးတာ ခုထိပဲ"

"ဩော် . . ."

သူ့ဘဝကို တိတ်တဆိတ် လေးစားအားကျစိတ်ကလေးသည် မိသားစုအတူတူမနေရသေးတာ ခုထိပဲဆိုသည့် နောက်ဆုံးပိတ်စကားကြောင့် ရုတ်တရက် ပျောက်ကွယ်သွားမတတ်ဖြစ်ရလေသည်။

"ဇေလတ် ဒက်ဒီက ပြန်မလာတော့ဘူးလားဟင်"

"ဒက်ဒီက သိပ်မလာချင်ဘူး၊ မာမီကတော့ ကိုယ့်ကိုလှမ်းလှပြီတဲ့၊ သူတို့ပြန်လာမှာပါ"

ပြောပြလိုက်သည့် ဇေလတ်အသံက အားမပါသလို တိုးတိတ်လွန်းလှသည်။



www.burmeseclassic.com

wwww.burmeseclassic.com



"ဇေလတ် . . . နွဲ့ယိမ်းတို့ လျှောက်သာ လျှောက်လာကြတယ်၊ ဘယ်နေရာရောက်နေပြီလဲ ပြောဦးလေ"

"ဩော် . . . ဟုတ်သားပဲ၊ ဆောရီးနော်၊ နွဲ့ယိမ်းက မိသားစုအကြောင်း မေးတော့ ကိုယ့်အလုပ်ကို မေ့သွားတယ်၊ အခု ကိုယ်တို့ရောက်နေတာ ဖိနပ်ဆိုင် နွဲ့ယိမ်းရဲ့ ဝင်ရအောင်နော်၊ နွဲ့ယိမ်းအတွက် ဖိနပ်လှလှလေး တစ်ရံ ကိုယ်ရွေးပေးမယ်"

ဖိနပ်တွေဆို နွဲ့ယိမ်းက သဘောကျတတ်တာမို့ မငြင်းတော့ဘဲ အသာတကြည်ပဲ လိုက်လာခဲ့၏။

"နွဲ့ယိမ်း ဘာရောင်ကြိုက်လဲ"

"အနက်ရောင်"

"အိုကေ! ဟုတ်တာပေါ့၊ နွဲ့ယိမ်းခြေထောက်လေးက အနက်ရောင်နဲ့ အလိုက်ဖက်ဆုံးပဲ၊ နွဲ့ယိမ်းက ဘယ်လို ဒီဇိုင်းမျိုး သဘောကျတတ်တာလဲ၊ ခု စီးလာတဲ့ ထိပ်ပိတ်





ရှုးပုံစံမျိုးပဲလား"

"ဟင့်အင်း . . . ဒါက အိုက်တယ် ဇေလတ်ရဲ့၊ ရှင်းရှင်းလေးနဲ့ သိပ်မမြင့်တာမျိုးဆို ရတယ်၊ သိပ်ဆန်းပြားနေစရာ မလိုပါဘူး"

"အင်း . . . ကိုယ်သိပြီ"

ဇေလတ်သည် ဖိနပ်တွေကို တကယ်ပင် စိတ်ပါဝင်စားစွာ လျှောက်ကြည့်နေပုံရ၏။ သူမကို ဘာမှမပြောတော့ဘဲ တိတ်ဆိတ် ငြိမ်သက်သွားတော့"

"နွဲ့ယိမ်း"

"အင်း . . . ဟင်"

"နွဲ့ယိမ်း အခုစီးထားတဲ့ဖိနပ် ချွတ်လိုက်၊ ကိုယ်ရွေးထားတဲ့ဖိနပ်လေး စီးကြည့်နော်"

သူ့စကားအဆုံး နွဲ့ယိမ်း ဖိနပ်ချွတ်လိုက်သည်။ သူက ဒူးထောက်ထိုင်ချလိုက်ပြီး နွဲ့ယိမ်းခြေထောက်နားအထိ ဖိနပ်



www.burmeseclassic.com

wwww.burmeseclassic.com



အသစ်လေးကို ထိုးပေးကာ . . .

"စီးတော့ နွဲ့ယိမ်း၊ ရပြီ"

နွဲ့ယိမ်း အားနာမျက်နှာပူနေရင်းပဲ ဖိနပ်လေးကို မှန်း၍ ခြေထောက်သွင်းလိုက်သည်။

"နှစ်ဖက်လုံး စီးလိုက်ပါလား၊ နွဲ့ယိမ်း . . . ဟုတ်ပြီ ဟား. . . အရမ်းလိုက်တယ်ကွာ၊ နွဲ့ယိမ်း ခြေထောက်တွေက လှတာကိုး၊ တော်မှ တော်ပါ့မလားလို့ ကိုယ်က ရင်ထိတ်နေတာ၊ ဒါက Size မရှိတော့ဘူး၊ အရမ်းလှတယ် နွဲ့ယိမ်း၊ သိလား၊ ပုံစံက ရှင်းရှင်းလေး ခြေဖမိုးပေါ်မှာ ဖဲပြားလေး တင်ထားသလိုပဲ အရမ်းလည်း မမြင့်ဘူးနော်"

ဖိနပ်လေးက စီးလို့အတော်ကောင်းပါသည်။ လေးလေးအိအိနှင့် သက်သောင့်သက်သာရှိသောဖိနပ်လေးပင်။

သူ တဖွဖွချီးကျူးနေတာတွေ နားထောင်ပြီး နွဲ့ယိမ်းပင်





သဘောတကျ ထရယ်ချင်စိတ် ဖြစ်လာရတော့၏။

"အရောင်က အနက်ပဲ မဟုတ်လားဟင်"

"ဟာ . . . အဲဒါမှ ကွိုင်ပဲ နွဲ့ယိမ်းရဲ့၊ ကိုယ် မေ့သွားတယ်၊ ဒါက အဖြူ၊ လှတာနဲ့ နွဲ့ယိမ်းကို စီးခိုင်းကြည့်တာ၊ နွဲ့ယိမ်းက အနက်လို့ ပြောထားတာနော်"

ဇေလတ်စကားကြောင့် နွဲ့ယိမ်း အပျော်စိတ်လေးဟာ ချက်ချင်း ပျောက်လွင့်ပြေးထွက်သွားပါသည်။

တိုက်တိုက်ဆိုင်ဆိုင် နွဲ့ယိမ်းမုန်းတဲ့ အဖြူရောင်တွေနဲ့မှ ရေစက်လာလာဆုံနေရတယ်လို့။

ဘယ်လိုက်ပါလိမ့်ကွယ်။

"အနက်ဝယ်တာလည်း ဝယ်တာပေါ့၊ ဒါလေးတော့ ယူလိုက် နွဲ့ယိမ်းရယ် . . . နော်၊ နွဲ့ယိမ်း ခြေထောက်လေးနဲ့ အရမ်းလိုက်ဖက်နေတာ"

"နွဲ့ယိမ်းက အဖြူ မကြိုက်ဘူး"



www.burmeseclassic.com

wwww.burmeseclassic.com



"မကြိုက်လည်း ကြည့်ကောင်းတယ် နွဲ့ယိမ်းရဲ့ လူတိုင်းနဲ့ အဖြူက လိုက်သလိုလို ထင်ရပေမယ့် တကယ်တော့ အသားရောင် အရမ်းကြည်လင်လှပမှ ကြည့်လို့ကောင်းတာ၊ ဒါလေး ယူလိုက်နော်"

ဟင့်အင်း . . . နွဲ့ယိမ်း အဖြူရောင်တွေကို မုန်းတယ်၊ မမြင်ရပေမယ့် အာရုံထဲမှာ စွဲနေတဲ့ အဖြူရောင်ကို အရမ်းမုန်းတယ်။

ပြီးတော့ အဖြူရောင်က ခိုင်မြဲကို သတိရစေတယ်

အဲလို . . . မဖြစ်ပါရစေနဲ့လားကွယ်။

နွဲ့ယိမ်း သူ့ကို မုန်းလက်စနဲ့ အပြီးသတ် မေ့ပစ်ဖျော ဖျက်လိုက်ချင်ပြီ။

"နွဲ့ယိမ်း . . . နွဲ့ယိမ်း ဘာတွေ တွေးနေတာလဲ၊ ဖိန လေး တစ်ရံယူဖို့တောင် အဲလောက်စဉ်းစားနေရသလ ကွာ"





"နွဲ့ယိမ်း ဒီဖိနပ် မယူတော့ဘူးဆိုရင် ဖေလတ် စိတ်မကောင်းဖြစ်မှာလားဟင်"

နွဲ့ယိမ်းစကားကြောင့် သူက ဟက်ခနဲ ရယ်ချရင်း . . .

"အဲလောက်ကြီးတော့ ဘယ်ဟုတ်မလဲ နွဲ့ယိမ်းရဲ့ စိတ်ထဲမှာ နှမြောသလိုလိုတော့ ဖြစ်မိမှာပေါ့၊ ဒါပေမဲ့ နောက်ထပ် လှတဲ့ဖိနပ်တွေ အများကြီး ရှိသေးတာပဲ၊ နွဲ့ယိမ်းရောကိုယ်ရော အကြိုက်တူတာတွေ တွေ့ဦးမှာပေါ့၊ ဘာပဲပြောပြော လာဘ်ဦးကတော့ မပယ်ကောင်းတာ အမှန်ပဲ"

သူ့စကားအဆုံး နွဲ့ယိမ်း ဘာပြန်ပြောရမှန်း မသိအောင် ငိုင်သွားမိ၏။

လာဘ်ဦးဆိုတာ မပယ်ကောင်းဘူးတဲ့လား။

ဆိုးဆိုးကောင်းကောင်း ရွေးချယ်လိုက်ရမယ်ဆိုတာမျိုးလား။ နွဲ့ယိမ်း စိတ်ထဲမှာ ဖေလတ်ပြောသမျှဆိုသမျှတွေကို ငြင်း



www.burmeseclassic.com

wwww.burmeseclassic.com



ဆန်ကန့်ကွက်ရမှာကို အားနာသလိုပင် ဖြစ်လာသည်။ သူက
အကောင်းဆုံးဆိုတာကို နွဲ့ယိမ်း ငြင်းပစ်လိုက်ရင် မလေးမစား
မိုက်မဲရာ ကျသွားနိုင်လေသည်။

"ကောင်းပါပြီ၊ နွဲ့ယိမ်း ဒါပဲယူလိုက်တော့မယ်"

"အိုကေ ! ဒီလိုပဲ ဖြစ်ရမှာပေါ့"

နွဲ့ယိမ်း အာရုံထဲမှာ ဇေလတ် ပြုံးနေမှန်း အလိုလို သိ
လိုက်ရ၏။ ထိုနေ့က နွဲ့ယိမ်းရဲ့ Shopping အစီအစဉ်လေးဟာ
ဇေလတ်ရဲ့အကူအညီကြောင့် အလွန်အဆင်ပြေခဲ့ရသည်။

ဒါပေမဲ့ ဘာလေးဝယ်ဝယ် နွဲ့ယိမ်းစိတ်ကြိုက် မဖြစ်ခဲ့ရ။
သူ့အကြိုက်တွေချည်းသာ ဖြစ်နေတာမို့ နွဲ့ယိမ်းရင်ထဲ ခိုးလိုးခုလု
လေးတော့ ဖြစ်လာရသည်။

နွဲ့ယိမ်းက မမြင်ရပေမယ့် ကိုယ်ဆင်တဲ့ အသုံးအဆောင်
တွေရဲ့အငွေ့အသက်ကို ခံစားမိတာမို့ မေမေဆင်ပေးတာတွေကို
ကြေးမျှားခဲ့သူဖြစ်၏။





ခုတော့ . . .

"ကျွီ . . ."

"အမယ်လေး . . ."

နွဲ့ယိမ်း တအားလန့်ပြီး စူးစူးဝါးဝါး ထအော်လိုက်မိ
သည်။ ရုတ်တရက် ထွက်ပေါ်လာသော ကားဘရိတ်နင်းသံက
နွဲ့ယိမ်းတို့ကားနှင့် မနီးမဝေးက ဖြစ်သည်။

"နွဲ့ယိမ်း ဘာဖြစ်တာလဲ၊ အရမ်းလန့်သွားသလိုပဲ"

သူက နွဲ့ယိမ်း လန့်အော်တာကို တအံ့တသြဖြစ်ဟန်နှင့်
လှည့်မေးသည်။

"နွဲ့ယိမ်း. . . အဲ့အသံတွေကြားရင် သေမတတ် ကြောက်
တာ"

"ဘာမှမဖြစ်ပါဘူး နွဲ့ယိမ်းရယ်၊ ရေသန့်ပို့တဲ့ကားကြီးပါ။
ပွိုင့်မလွတ်တော့ ကမန်းကတန်း ဘရိတ်အုပ်လိုက်ရတာ။
နွဲ့ယိမ်းက ဘာလို့ကြောက်တာလဲ"



www.burmeseclassic.com

wwww.burmeseclassic.com



"နွဲ့ယိမ်း . . . နွဲ့ယိမ်းက ကားအက်ဆီးဒင့် ဖြစ်ဖူးတယ်"

"ဒါဆို နွဲ့ယိမ်း မျက်လုံးကွယ်တာ . . . အဲဒါကြောင့်ပေါ့ နော်"

"အင်း"

နွဲ့ယိမ်း ဘယ်တော့မှ မပြောတော့ဘူးလို့ ဆုံးဖြတ်ထား ပြီးမှ ဘယ်လိုဖြစ်ပြီး ဖွင့်ပြောလိုက်မိသည်မသိတော့ချေ။

"ဒါဆို နွဲ့ယိမ်းမျက်လုံးက ကုလို့ရချင် ရဦးမှာနော်"

"အင်း . . . ဟို မရ. မရတော့ဘူး ဇေလတ်"

"ဟုတ်ရဲ့လား နွဲ့ယိမ်းရယ်၊ ကုလို့ရနိုင်မှာပါ၊ ကိုယ့်အသိ တစ်ယောက်လည်း အလုပ်ထဲမှာ အက်ဆီးဒင့်ဖြစ်ရာက မျက်ကြည်လွှာ ပျက်စီးသွားတာ၊ သူကျတော့ ကုလို့ရ တယ်၊ မျက်ကြည်လွှာ အစားထိုးလိုက်တာ ကောင်းသွား ရော"

"နွဲ့ယိမ်းကိုယ်တိုင်က မကုတော့ဘူးလို့ ဆုံးဖြတ်ထားတာ"





"ဘယ်လို . . . ဘာဖြစ်လို့လဲ နွဲ့ယိမ်းရယ်"

"နွဲ့ယိမ်း ဘာကိုမှ မြင်ချင်စိတ် မရှိတော့လို့ ပြီးတော့ နွဲ့ယိမ်း စိတ်နာနေတဲ့လူတစ်ယောက်ကြောင့်ပါ၊ မျက်လုံး မြင်သွားရင် သူ့အပေါ် ထားတဲ့ အမုန်းတွေ လျော့သွားမှာ စိုးတယ်၊ အခုလို မမြင်မစမ်းဘဝရောက်နေမှ သူ့ကြောင့် ဒီလိုဖြစ်ရတာဆိုတဲ့စိတ်နဲ့ အမြဲနာကြည်းမုန်းတီးနေရမှာ လေ"

စကားအဆုံးမှာ သူနဲ့ နွဲ့ယိမ်းကြား အတန်ကြာ တိတ် ဆိတ်သွားရလေတော့၏။

မျက်လုံးအဝိုင်းသားနှင့် တအံ့တဩ ငေးမောနေမည်ဖြစ် သည့် ဇေလတ်ပုံစံကို မြင်ယောင်မိပေမယ့် တကယ်တမ်းမြင်ရ သည့်ရုပ်သွင်က ဇေလတ်မဟုတ်ဘဲ ခိုင်မြဖြစ်နေသည်။

ဘယ်အချိန်မဆို ဇေလတ်ပုံစံကို စိတ်ကူးနှင့် မြင်ယောင် မှန်းဆမိတိုင်း ခိုင်မြမျက်နှာကိုသာ အစားထိုး မြင်မိသည့်စိတ်ကို



www.burmeseclassic.com

wwww.burmeseclassic.com



သူမ အလွန်မုန်းတီးလှပါသည်။

တကယ်ဆို . . . မေ့သင့်နေပြီ။

➤ ➤ ➤



## အခန်း(၆)

သူမ ဧည့်ခန်းထဲမှာ ထိုင်နေစဉ် ခပ်စူးစူး ကျယ်လောင်မြည်ဟီးလာသောဖုန်းသံကြောင့် ထိုးလက်စ သိုးမွေးဆွယ်တာလေးကို ချပြီး ဖုန်းခွက်ကိုကောက်ကိုင်ရန် ပြင်လိုက်သည်။

သို့သော် သူမလက်က ကိုင်ထားမိသော ဖုန်းခွက်ကို မ,မမိဘဲ ဒီအတိုင်းငြိမ်သက်ရပ်တန့်နေမိ၏။ မတော်တဆ ခိုင်မြဲ သက်သောဖုန်းဖြစ်နေလျှင် ဟူသောအတွေးကြောင့် ဖုန်း ားမထောင်



www.burmeseclassic.com

wwww.burmeseclassic.com



လိုချေ။

ဖုန်းသံလေးက စူးစူးရှရှ ထွက်ပေါ်နေဆဲ။ တစ်စုံတစ်ယောက်ကသာ အော်ပေးရတာဆိုလျှင် လည်ချောင်းတွေနာ အသံတွေ ပြာအက်သွားနိုင်လေသည်။

"ဟယ် . . . သမီး၊ ဖုန်းလာနေတာ နားထောင်လိုက်လေ၊ မေမေက နောက်မှာ ဟင်းအိုးတန်းလန်းနဲ့မို့ ထွက်မလာတာကို"

ပြောလည်းပြော ဖုန်းခွက်ကိုလည်း အလျင်စလို ကောက်ကိုင်လိုက်တဲ့ မေမေ့လေသံဟန်ပန်က နွဲ့ယိမ်းစိတ်ကို နားလည်ခြင်းတစ်ဝက်၊ မနှစ်သက်ခြင်းတစ်ဝက်နှင့်ပင်။

"ဟဲလို. . . ဩော် ငြိမ်းငြိမ်းလား၊ ပြော. . . သူငယ်ချင်း ပြော"

အန်တီငြိမ်းဆီက ဖုန်း ဆိုတာကြောင့် နွဲ့ယိမ်းရဲ့ လက်ကလေးတွေ ဆတ်ခနဲတုန်သွားရသည်။

ရွှေပဒေသာစာပေ



ဘာကြောင့်ဆက်တာလဲ။

ဘာအကြောင်းရှိလို့လဲဆိုသော အတွေးက နွဲ့ယိမ်းကို အလိုလိုရင်ထိတ်စေသည်။

"ဟင် . . . ဟုတ်လား"

တစ်ဖက်က ဘာပြောသလဲဆိုတာ သေသေချာချာ နားစွင့်လျှင် ကြားနိုင်ပေမယ့် နွဲ့ယိမ်း တမင် မသိဟန်ဆောင်ထားလိုက်၏။

ရင်ထဲမှာတော့ သိချင်စိတ် ပြင်းပြလှပါဘိ။

"ဟယ် . . . ဒါဆို ရွှေ့အပတ်ထဲမှာပေ့ါ၊ အင်း . . . ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါကြောင့် ငြိမ်းငြိမ်းအသံက အရမ်းမြူးနေတာကိုး"

မေမေ့စကားတွေက ဘာကိုရည်ရွယ်ဆိုလိုနေတယ်ဆိုတာ စဉ်းစားရင်း နွဲ့ယိမ်း အလိုလိုမျက်မှောင်ကျုံ့သွားမိသည်။

"သမီးနွဲ့ယိမ်းလား . . . ရှိတယ်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



ဖုန်းပြောရင်း မေမေက နွဲ့ယိမ်းကို ငဲ့စောင်းကြည့်သည်မို့ မျက်မှောင်ကျုံ့လျက် မှုန်တေတေဖြစ်နေသော နွဲ့ယိမ်းမျက်နှာကို တန်းခနဲမြင်သွား၏။

"အင်း . . . သမီးက အိပ်နေတယ် ငြိမ်းငြိမ်း၊ ကိုယ် ပြောလိုက်ပါ့မယ်၊ အို . . . အဲလိုမဟုတ်ပါဘူး၊ ရန်သူတောင် လက်နက်ချရင် ကျေအေးရတာပဲ၊ စိတ်အေးအေးထားပါ ငြိမ်းငြိမ်းရယ်"

ပြေရာပြေကြောင်းတွေ လျှောက်ပြောနေသည့် မေမေ့ စကားသံတွေ နားထောင်ပြီး နွဲ့ယိမ်း ရယ်လည်းရယ်ချင်၊ ဝမ်းလည်း နည်းမိသည်။

ခိုင်မြနှင့် ပတ်သက်ပြီး အန်တီငြိမ်းတို့ကို နွဲ့ယိမ်း ခပ်တန်းတန်း ဆက်ဆံတာ၊ ရှောင်နေတာကို မေမေက အမြဲဖာထေး ဖုံးကွယ်ပေးနေကျဖြစ်၏။

"အင်း . . . အင်း၊ ဒါပဲနော်၊ သမီးကို ကိုယ် ပြောလိုက်ပါ့





မယ်၊ ဘာလည်း ဝမ်းသာမှာပါ"

မေမေ့အသံက လိမ်ညာမှုန်း သိသိသာသာဖြစ်နေတာမို့ နွဲ့ယိမ်း နှုတ်ခမ်းလေးကို မသိမသာမဲ့ပစ်လိုက်သည်။

ဖုန်းပြောပြီးတော့ မေမေက နွဲ့ယိမ်းနား လာထိုင်၏။ နွဲ့ယိမ်းပုခုံးပေါ် လက်နှင့်ခပ်ဖွဖွဖက်ရင်း . . .

"ငြိမ်းငြိမ်း ဖုန်းဆက်တာ သမီးရဲ့"

"နွဲ့ယိမ်း သိသားပဲ"

"ဘာပြောတယ်ဆိုတာရော သမီးရိပ်မိနေလား"

"ခိုင်မြနဲ့ပတ်သက်တဲ့ကိစ္စဆိုရင်တော့ မပြောပါနဲ့တော့ မေမေရယ်၊ သူ့အကြောင်း သမီး မသိချင်ဘူး"

မေမေက သက်ပြင်းရှိုက်ရင်း နွဲ့ယိမ်းဆံပင်တွေကို ပွတ်သပ်ပေးနေသည်။

"ပြောရခက်တယ်သမီးရယ်၊ မေမေ့သမီးလေးကိုလည်း စိတ်မဆင်းရဲစေချင်ဘူး၊ တစ်ဖက်ကလည်း သိပ်အားနာ



www.burmeseclassic.com

wwww.burmeseclassic.com



မိတယ်၊ ငြိမ်းငြိမ်းက သမီးကို သိပ်ချစ်ရှာတာ သမီးလည်း သိသားနဲ့၊ သမီးဟာ မေမေ့သမီးဆိုတာလည်း ဟုတ်တယ်၊ ဒါပေမဲ့ ငြိမ်းငြိမ်းကလည်း သမီးလေးလို တကယ်ချစ်ရှာတယ်၊ သမီးအခုလိုဖြစ်နေတာ မေမေခံစားရသလို သူလည်း ခံစားနေရတာပဲ၊ သမီးအတွက်ဆို ရှိတဲ့စည်းစိမ်ကုန်သွားပါစေလို့ပြောတာ တော်ရုံသံယောဇဉ်ကြောင့် မဟုတ်ဘူး၊ ငြိမ်းငြိမ်း သမီးအပေါ် ထားတဲ့စေတနာကို မေမေတောင် အံ့ဩမိတယ်၊ ဒါကြောင့်လည်း သမီးဆန္ဒအတိုင်း သမီးမျက်လုံး ကုလို့မရဘူးလို့ လိမ်ညာပေးထားတာ ရင်ထဲမှာ ဘယ်လိုမှမချိဘူး၊ ငါ့သမီးလေး တစ်သက်လုံး ဒီအတိုင်းဖြစ်နေရင်ဆိုတဲ့စိတ်က မေမေ့ကို ရူးမတတ်ဖြစ်စေပါတယ်၊ အခု ခိုင်မြဲ ပြန်လာတော့မယ်၊ သမီးလေးမျက်လုံးကုဖို့ စဉ်းစားပါဦးနော်"

"ဘယ်လို"





နွဲ့ယိမ်း လက်ထဲက နှစ်ချောင်းထိုးအပ်ကလေးက ကြမ်းပေါ်ကို ဒေါက်ခနဲလွတ်ကျသွားသည့်နောက် တယုတယကိုင်ထားတဲ့ သိုးမွေးချည်ထည်ကလေးကိုပါ အလိုလိုလွှတ်ချပစ်လိုက်မိ၏။

ဒေါ်မေသီတာက ကြမ်းပေါ်ကျသွားတဲ့ အပ်ကလေးတွေကို ချက်ချင်းပြန်ကောက်လိုက်ပေမယ့် သမီးဖြစ်သူရဲ့လက်ထဲကို ပြန်မထည့်ဘဲ စိတ်လှုပ်ရှားနေသော မျက်နှာကလေးကိုသာ တအံ့တဩ ငေးစိုက်ကြည့်နေတော့သည်။

"သူ . . . သူ ပြန်လာမယ်ဟုတ်လား မေမေ၊ ဟင့်အင်း ပြန်မလာရဘူး၊ သူ နွဲ့ယိမ်းကို ကတိပေးထားပြီးသား၊ နွဲ့ယိမ်းနဲ့အဝေးဆုံးမှာပဲ နေမယ်လို့ သူ ပြောထားတာ ဘာလို့ပြန်လာရမှာလဲ"

"အို . . . ဒီလိုမပြောရဘူးလေ သမီးရယ်၊ သူ သွားတာ သုံးနှစ်တင်းတင်းပြည့်ပြီ၊ ဒီအတောအတွင်း ငြိမ်းငြိမ်းခမျာ သားအတွက် ဘယ်လောက်ခံစားရတယ်ဟုတ်လဲ၊ ကိုယ့်မှာ



www.burmeseclassic.com

wwww.burmeseclassic.com



အစစ ပြည့်စုံရက်နဲ့ အဝေးတစ်နေရာကို လွှတ်လိုက်ရ
တာ၊ သမီး စိတ်ချမ်းသာဖို့တစ်ခုတည်းအတွက်ဆိုတာ
သိရက်နဲ့ ပြီးတော့ ခိုင်မြဲက သမီးကို ကတိပေးသွားတာ
အပေးအယူရှိတယ်လေ၊ သမီး မျက်လုံးမြင်တဲ့အထိ ကုရ
မယ်လို့ ပြောသွားတယ်မဟုတ်လား၊ သမီးဘက်ကရော
ကတိတည်ခဲ့လို့လား"

"မသိဘူး၊ မသိဘူး၊ သမီးကို ဘာမှလာမပြောပါနဲ့၊ ခိုင်မြဲ
ပြန်လာရင်လည်း သမီးနဲ့လုံးဝမပတ်သက်ပါစေနဲ့၊ သမီး
သူနဲ့ ထပ်မတွေ့ချင်တော့ဘူး မေမေရယ်၊ နော် . . . သူ
ပြန်မလာရင် သိပ်ကောင်းမှာပဲ"

"ပြောနေရင်းနဲ့ ဘာလို့ တစ်ဖက်သတ် တစ်ယူသန် စကား
တွေချည်း ထပ်နေရတာလဲ နွဲ့ယိမ်း၊ သမီး စိတ်ချမ်းသာ
ပါစေတော့ရယ်လို့ အားလုံး အလျှော့ပေးခဲ့ကြတာကို ဒီ
လောက်အထိ တင်းမာနေဖို့ မကောင်းဘူး၊ သမီး အရင်





က နွဲ့ယိမ်း မဟုတ်တော့သလိုပဲ"

မေမေ့စကားကြောင့် နွဲ့ယိမ်းရင်ထဲ ဆစ်ခနဲ နာကျင်သွား
မိ သည်။

"အရင်က နွဲ့ယိမ်း ဘယ်ဟုတ်မှာလဲ၊ နွဲ့ယိမ်းဘဝက
အသက်ရှင်ရက်နဲ့ သေနေရတာလေ၊ အရင်က နွဲ့ယိမ်း
က မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ တစ်ပွေ့တစ်
ပိုက်နဲ့ ဘဝကို ရှေ့ဆက်နေတဲ့ နွဲ့ယိမ်းပဲ၊ အခုလို ဒုက္ခိတ
မှမဟုတ်တာ၊ နွဲ့ယိမ်းကို ဒီလိုဖြစ်စေခဲ့တဲ့လူတွေကို နွဲ့
ယိမ်း မုန်းတယ်၊ သိရဲ့လား"

နွဲ့ယိမ်း စူးစူးရှရှလေး ပြန်အော်ပစ်တော့ မေမေ ဒေါသ
ပိုထွက်သွားတော့သည်။ ခုနလို ချော့မော့နှစ်သိမ့်ဟန်တွေ လုံး[ဝ]
မပါတော့သည့် အေးစက်စက်လေသံနှင့် . . .

"ဘယ်သူမပြု မိမိမှုပဲ သမီး၊ သမီးကို ဒဏ်ရာအနာတရ
ပေးခဲ့တယ်ဆိုရင်တောင် ဖျောက်ဖျက်ရတော့မယ့် သေ



www.burmeseclassic.com

wwww.burmeseclassic.com



ရာပါ ဒဏ်ရာမျိုးကို အငြိုးအတေးနဲ့ ပေးခဲ့တာမဟုတ်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် မုန်းခဲ့ နာခဲ့တာလည်း မရှိဘူး၊ ဖြစ်ပြီးသွားတော့ ဘာမှမတတ်နိုင်တဲ့အတွက် အကောင်းဆုံးတစ်ခုဖြစ်ဖို့ အားလုံးစဉ်းစားနေချိန်မှာ သမီးတစ်ယောက်တည်း ကမ္ဘာမကျေအမုန်းနဲ့ ရန်ငြိုးဖွဲ့တယ်၊ ပြန်ပြင်ရင် အချိန်တစ်ခုအတွင်း ကောင်းသွားမယ့်ကိစ္စကို ပြင်ဆင်ခွင့်မပေးဘဲ ခေါင်းမာနေတာ သမီးကိုယ်တိုင်ပဲ မဟုတ်ဘူးလား၊ အဲ့ဒီအတွက် ဘယ်သူတွေ ဘယ်အထိ ပေးဆပ်ရဦးမှာလဲ"

စကားအဆုံး မေမေက သူမဘေးမှ သုတ်ခနဲ ထသွားသည်။

နွဲ့ယိမ်းကိုတောင် ဘာမှစကားဆိုခွင့် ပေးမသွားတော့ချေ။

အကောင်းဆုံးဖြစ်အောင် ဘယ်လောက်ပဲ ပြင်ပြင် နဂိုပကတိအတိုင်း မရှိနိုင်တာကိုရော မစဉ်းစားမိဘူးလားလို့ နွဲ့ယိမ်း မေးချင်ပါသေးသည်။

တစ်ဖက်က အပြစ်မရှိဘဲ နွဲ့ယိမ်းကိုကျတော့ နဖူးက အမာရွတ်မြင်တိုင်း မဟောသဓာကို နာကြည်းနေတဲ့ ကေဝင်္ဒပုဏ္ဏားလိုလူလို့ စွပ်စွဲချင်တာလား။

နိုင်မြရေ . . . ။

အခုထိ ကံကြမ္မာက နင့်ဘက်ခပ်ပါပါပဲနော် . . . ။

နင်ကတော့ အမြဲတမ်း ဇာတာစန်းလင် တက်နေတဲ့လူကိုး။

ငါ့ဘဝကတော့ မျှားတာတောင် နှစ်ခါပြန်ဆိုတော့ နင့်ကို မုန်းတာတောင် ယုတ္တိမတန်ရမယ့် အပြစ်နဲ့လေ။ ရင်ကွဲချင် ကွဲသွားပါစေ။

နင့်ကို မုန်းတယ်ဆိုတာတော့ ရင်တွင်းထဲ နေရာမှာ စွဲမြဲညည်းထိုးသွားချင်သေးတာပ။

ရွှေပစေဒေသာစာပေ

ရွှေပစေဒေသာစာပေ



www.burmeseclassic.com

wwww.burmeseclassic.com



နှင့် စိတ်ဆင်းရဲဖို့ဆို စကျွန်ုပ်ကွင်း အလင်းမရတာ လောက် မပြောနဲ့။ မဟာအဝီစိငရဲကို ဆင်းသွားရမယ်ဆိုရင် တော် ငါက ဘွာမခတ်တော့မယ့်လူ . . .။

အဲဒီလောက်ထိ နှင့်ကိုမုန်းတယ်ဆိုတာ ကြုံမှပြောပြ ဦးမယ်။ ။

➤ ➤ ➤



## အခန်း(၇)

"သား . . ."

မေမေ့ခေါ်သံက လှိုက်လှိုက်လှဲလှဲနှင့် အဖျားခတ် တုန် ယင်နေသလို မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝေ့နေသည်။

ခပ်ကျုံ့ကျုံ့လေး စုထားတဲ့ မျက်ခုံးအောက်က မေမေ့ မျက်ခမ်းသားရဲရဲတွေက တဆတ်ဆတ်ခုန်နေ၏။

"မေမေ . . . နေကောင်းတယ်နော်"



www.burmeseclassic.com

wwww.burmeseclassic.com



မေမေ့လက်မောင်းနှစ်ဖက်ကို ထွေးဆုပ်ရင်း မေးလိုက်တဲ့ သူ့အသံကတော့ ယခင်အတိုင်း နူးညံ့ညင်သာမှုအပြည့်။

ထူးခြားလာတာကတော့ ယခင်ကထက်ပိုပြီး တည်ငြိမ် ရင့်ကျက်လာတဲ့ ဟန်ပန်အမူအရာတွေပင် ဖြစ်သည်။

မျက်မှန်ချွတ်ရင်း သားအမိနှစ်ယောက် တစ်ဦးမျက်လုံး တွေ တစ်ဦးဆုံအောင် ကြည့်ကာ ကွဲကွာခွဲခွာခဲ့ရသော နေ့ရက် နှစ်လတွေမှ လွမ်းဆွတ်သတိရမှုတို့၏ အရိပ်အရောင် သင်္ကေ တို့ကို အပြန်အလှန်ရှာဖွေနေမိ၏။

"သား . . . သားလေးရယ်"

ဒေါ်ငြိမ်းငြိမ်းက ခပ်နင့်နင့်ခေါ်ပြီး သားဖြစ်သူရဲ့ နှစ်ဖက်ကို လက်ဖဝါးနှင့် ခပ်ဖွဖွပွတ်သပ်ကာ အတန်ကြာမှ သာ ပုခုံးကို မမိမကမ်း သိုင်းဖက်လိုက်ပြီး ဝမ်းသာဝမ်းနည်း မျက်ရည် တွေ ကျလာလေတော့သည်။

သူ အလိုက်တသိပင် မေမေ့ကိုပြန်ဖက်ထားလိုက်၏။





"ဟော . . . မေမေက ငိုနေတယ်၊ ဟုတ်လား၊ သား ပြန် လာပြီပဲ၊ ဘာလို့ ငိုနေရတာလဲ"

"ဝမ်းသာလို့ပါ သားရယ်၊ မေမေနဲ့ ဝေးနေတဲ့အချိန်မှာ သား ဘယ်လောက် နာကျင်ခံစားနေရမလဲဆိုတာ တွေး ပြီး စိတ်မကောင်းလည်းဖြစ်ရတယ်၊ နောက်ဆို ဘယ်မှ မသွားပါနဲ့တော့ သားရယ်၊ မေမေ့ရင်နဲ့ ဝေးတဲ့နေရာဆို ဘယ်မှမသွားရတော့ဘူး၊ သိလား"

သူ ပြုံးရင်း ခေါင်းညိတ်ပြလိုက်မိသည်။ လေဆိပ်ကနေ အိမ်ရောက်တဲ့အထိ မေမေက အလွမ်းသယ်လို့မပြီးသေး။

အိမ်ရောက်တော့ ဧည့်ခန်းထဲမှာ အားကစားဂျာနယ် တစ်စောင်ကို အေးအေးဆေးဆေးဖတ်နေတဲ့ဖေဖေ့ကို တွေ့လိုက် ရ၏။

သူတို့ဝင်လာတာကို တစ်ချက်မျက်လုံးလှန်ကြည့်ပြီး စိတ် မဝင်စားဟန်နှင့် ဖေဖေက ဂျာနယ်ကိုသာ စူးစူးစိုက်စိုက် ပြန်



www.burmeseclassic.com

wwww.burmeseclassic.com



ကြည့်နေသည်။

ဖေဖေက တော်ရုံအလုပ်နားတတ်သူ မဟုတ်။ ဒီနေ့က အလုပ်မသွားဘဲ အိမ်မှာနေရမည့်နေ့မဟုတ်မှန်း သူသိပါ၏။ သို့သော် သားဖြစ်သူကို လေဆိပ်သို့လည်း လာမကြို။ အိမ်ထဲဝင်တာတောင် ဂရုစိုက်ဟန်မပြတာမို့ ဒေါ်ငြိမ်းငြိမ်းက သားကို အားတုံ့အားနာ မော့ကြည့်ရင်း နှုတ်သိမ့်ပြုံးပြသည်။

သူ မေမေ့ကို နားလည်စွာပင် ပြန်ပြုံးပြလိုက်၏။

မေမေ့မျက်လုံးထဲမှာ ဖေဖေ့ကိုသွားနှုတ်ဆက်စေချင်သော အရိပ်အယောင်တွေ သူတွေ့နေရပါသည်။ သူ့လက်မှာ ဆွဲထားတဲ့ luggage ကိုလွှတ်ချထားခဲ့ပြီး ဖေဖေ့ရှေ့ကို တစ်လှမ်းချင်းလျှောက်လာခဲ့၏။

ဖေဖေက ခြေအိတ်ဖြူဖြူစွပ်ထားသည့် သူ့ခြေထောက်ကို တစ်ချက်လှမ်းကြည့်ပြီး လက်ထဲက စာစောင်ကို ဖျတ်ခနဲပိတ်ပစ်ကာ ရှေ့က ဆက်တီစားပွဲပေါ် လှမ်းတင်ရင်း နေရာမှ ထရပ်





သည်။

"ဖေဖေ . . . သား ပြန်လာခဲ့ပါပြီ"

အဲဒါ ဘာဖြစ်သလဲဆိုတဲ့ မျက်နှာပေးနှင့် သူ့ကို အေးစက်စက်ပြန်ကြည့်သော ဖေဖေ့မျက်လုံးများက သူ့ရင်ထဲကို မြားတစ်စင်းလိုပင် စိုက်သွား၏။

ထိုအကြည့်တွေထဲမှာပဲ သူ့ကိုအကဲခတ်သော အရိပ်အယောင်တွေ ပါနေတာမို့ သူ နည်းနည်းတော့ အားတက်မိပါသည်။ အလုပ်မသွားဘဲ သူပြန်လာမယ့်နေ့ အိမ်မှာ တမင်နေတာကိုက ဖေဖေ့ရဲ့ မသိမသာ မျှော်လင့်မှုကလေးမှန်း သူ အလိုလိုနားလည်လိုက်၏။

"သား . . . ဖေဖေ့ကိုကန်တော့မယ်နော်"

ရုတ်တရက် သူ ဖေဖေ့ရှေ့မှာ ဒူးထောက်ထိုင်ချပြီး လက်အုပ်ချီလိုက်တော့ ဖေဖေက မနေတတ်မထိုင်တတ်ဖြစ်သွားပုံနှင့် မျက်မှန်ကိုတစ်ချက်ပင့်လိုက်ရင်း ချောင်းဟန့်လိုက်ကာ-



www.burmeseclassic.com

wwww.burmeseclassic.com



"အေး . . . မလိုပါဘူးကွ၊ မင်းအမေကိုပဲ ကန်တော့လိုက်ပါ"

ဟု ဆိုလျှက် သူ ဦးသုံးကြိမ်ချပြီးအထိ ခပ်ဆိုင်းဆိုင်းနေပြီးမှ ထွက်သွားလေတော့သည်။

မေမေက သူ့ပုခုံးကိုဖက်ပြီး ခေါင်းညိတ်ပြုံးပြ၏။

"ဖေဖေက သားကို ခုထိစိတ်မပြေသေးဘူးနော်"

"အဲလိုလည်းမဟုတ်ပါဘူး သားရယ်၊ သားပြန်လာမယ်ဆိုတော့ သူ တအံ့တသြဖြစ်ပြီး ဝမ်းသာလွန်းလို့ ကြောင်မရဖြစ်နေတာ၊ ဒီသားလေးတစ်ယောက်တည်း ရှိတာသားကို သားဖေဖေက မမုန်းပါဘူးကွယ်၊ သား ထွက်သွားကတည်းက ဒီအိမ်ကြီးဟာ တိတ်ဆိတ် ခြောက်ကပ်သွားခဲ့တာ၊ သားဖေဖေရော မေမေပါ မနေတတ် မထိုင်တတ် ဖြစ်နေရတာ၊ သားဆီကပို့တဲ့ မေးလ်တွေကိုလည်းသားဖေဖေ လက်ခံခဲ့တာ၊ မေမေ မအားရင် ဖေဖေ့





ကိုယ်စား မေးလ်ပြန်ပို့ခဲ့ပေးတာပဲ၊ သားကိုသာ သူ့သံယောဇဉ်မရှိရင်၊ ဂရုမစိုက်ရင် အဲလိုတွေ လုပ်ပေးပါ့မလား၊ ဟိုးအရင်က သားကို ဘယ်လောက်အထိ ချစ်ခဲ့တယ်ဆိုတာ ပြန်သတိရရင် သားဖေဖေ အခုစိတ်ဆိုးနေတာ ဘာမှမပြောပလောက်တဲ့အရာ ဖြစ်သွားမှာပါ၊ စိတ်ဆိုးတယ်ဆိုတာ အကြာကြီးမခံပါဘူးသားရယ်"

"ဒါဆို စိတ်နာသွားရင်ရော အကြာကြီးဖြစ်နေမှာလား၊ မုန်းတယ်ဆိုရင်ရော အမြဲမုန်းနေမှာလား၊ ဖေဖေက သားဖေဖေအရင်းမို့ အချိန်တန်တော့ ခွင့်လွှတ်ပေးပေမယ့်နွဲ့ယိမ်းက သားကို ဘယ်တော့မှ ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတယ်တဲ့၊ အခုရောဟင် . . ."

သူ့စကားအဆုံး မေမေက သူ့ဆံပင်တွေကို ခပ်ဖွဖွ ပွတ်သပ်ကာ ပြုံးနေသည်။

နှစ်သိမ့်ဖျောင်းဖျသော အပြုံးမျိုးပင်။



www.burmeseclassic.com

wwww.burmeseclassic.com



"မေမေ့သားက ဟိုးလွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ကလေးလေးလိုပဲနေဦး၊ နွဲ့ယိမ်း စိတ်ဆိုးပြီး မကစားတော့ရင် မျက်ရည်လေး တလည်လည်နဲ့ သား ဘယ်သူနဲ့ ကစားရတော့မလဲမေမေလို့ ပြေးပြောသလိုပဲ၊ အခုလည်း သားကို နွဲ့ယိမ်း မုန်းနေမှာ စိတ်ဆိုးနာကြည်းနေမှာ စိုးရိမ်နေတယ်မှတ်လား"

သူဘာမှမဖြေဘဲ ခေါင်းငုံ့ထားမိသည်။ ငယ်ငယ်တုန်းက ကစားဖော်မရှိမှာစိုးတာသက်သက်ကြောင့်၊ ခုကျတော့ တစ်သက်တာအတွက် လက်လွတ်ဆုံးရှုံးခံရမှာ စိုးရိမ်မိတာ . . .

ခံစားချက်က ဘာမှမဆိုင်တော့။

"နွဲ့ယိမ်း . . . နေကောင်းရဲ့လား မေမေ"

"ကောင်းပါတယ် သားရဲ့၊ နွဲ့ယိမ်းက အခု အလုပ်ကောင်လုပ်နေပြီပဲဟာ"

"နွဲ့ယိမ်းက အလုပ်လုပ်နေတယ်"





သူ တအံ့တဩ ရေရွတ်တော့ မေမေက ခေါင်းညိတ်ပြသည်။

"ဆိုင်တစ်ဆိုင်မှာပဲ၊ Coffee Shop ပြောမလား၊ Snack Bar လို့ ဆိုမလား၊ တစ်ဆိုင်တည်းမှာ နှစ်ကန့်ခွဲထားတာ၊ ဆိုင်သစ်ပဲ၊ ဖွင့်တာမကြာသေးဘူး၊ Sunday Story တဲ့၊ အဲ့မှာ နွဲ့ယိမ်း တယောထိုးတယ်"

မေမေ့စကားကြောင့် သူ့ရင်ထဲမှာ ကျဉ်ခနဲ ဖြစ်သွားရသည်။

"ဪ . . . နွဲ့ယိမ်းက ခုထိ ဒီအလုပ်တွေ စိတ်မကုန်သေးဘူးကိုး"

သူ့ဘာသာ တစ်ယောက်တည်း ရေရွတ်လိုက်တော့ မေမေက သက်ပြင်းရှိုက်ရင်း . . .

"ကဲ . . . အဲဒါတွေ နောက်မှပြော သားလေး၊ အခု နားတော့၊ Flight ဆိုပေမယ့် ခဏလေးမှ မဟုတ်တာ၊ ညလုံး



www.burmeseclassic.com

wwww.burmeseclassic.com



ပေါက် စီးခဲ့ရတာ ပင်ပန်းနေမှာပေါ့၊ အခန်းထဲမှာ အရင်အတိုင်းပဲ၊ သားမရှိလည်း မေမေကတော့ နေ့တိုင်း လုပ်နေကျအတိုင်းပဲ အခန်းထဲ ဝင်ဝင်ရှင်းထားတာလေ”

ဟု သိသိသာသာပင် စကားလမ်းကြောင်း လွှဲပစ်သည်။ သူ့အိတ်ထဲက Photo Stand တစ်ခုကို ထုတ်လိုက်ပြီး-

“အရင်အတိုင်းဆိုပေမယ့် ဒါ မရှိရင်တော့ သားအခန်းလို့ ပြောလို့မရနိုင်ပါဘူးနော်”

“ဟုတ်ပါ့ရှင် . . . ဟုတ်ပါ့”

ဓာတ်ပုံထဲမှာ ကလေးလေးနှစ်ယောက်။ တစ်ယောက်က ဘောလုံးလေးကိုင်ပြီး ပြုံးလို့။

အဲဒါ သူလေ။ သူ့ဘေးက ဂါဝန်ဖြူဖြူနဲ့ မျက်လုံးဝိုင်းဝိုင်း ကလေးမလေးကတော့ လက်ထဲမှာ ပေါင်ဒါဘူးလေးကိုင်လျက် နှုတ်ခမ်းလေးက စူပုတ်ပုတ်နှင့် ကင်မရာကို ပေစောင်းစောင်းလေး ကြည့်နေလေသည်။





အဲဒီကောင်မလေးကတော့ . . .

သူ့ဘဝရဲ့ အသက်သွေးကြောမလေးဖြစ်သည့် နွဲ့ယိမ်းပင်ပို့။

အခန်းထဲရောက်ပြီး အိပ်ရာဘေး စားပွဲပေါ်သို့ Photo Stand လေး တင်လိုက်သည့်အခါ သူ့အခန်းလေးက အရင်အတိုင်း ပြီးပြည့်စုံ အသက်ဝင်သွားတော့၏။

ထို့နောက် သူ နွဲ့ယိမ်းကို ပြင်းပြစွာ လွမ်းဆွတ်သတိရလာလေတော့သည်။

သူ အခန်းထဲက ဖုန်းတင်ထားသော စင်ကလေးဆီ အကြည့်ရောက်သွားမိ၏။ ဖုန်းကလေးက ရင်းနှီးပြီးသား နံပါတ်တစ်ခုကို အလွယ်တကူခေါ်လိုက်ဖို့ အသင့်အနေအထားနှင့် သူ့ရဲ့ လှုပ်ရှားမှုကို ငံ့လင့်စောင့်စားနေသည်။

သူ ဖုန်းခွက်ကလေးကို ကောက်ယူလိုက်ပြီး တုန်ယင်နေသောလက်တို့နှင့် ဂဏန်းတစ်ခုချင်းကို နှိပ်ချလိုက်ပြီးသည့်နောက်



www.burmeseclassic.com

wwww.burmeseclassic.com



တော့ အင်မတန် ရင်ခုန်တုန်လှုပ်လွန်းစွာနှင့် နားထောင်လိုက်သည်။ တတူတူမြည်သံနှင့်အတူ ကိုယ့်အသက်ရှူသံ ကိုယ်ပြန်ကြားပြီးသည့်နောက်တော့ . . .

"ဟဲလို"

ဟူသော ထူးသံလေးကို ကြားလိုက်ရလေတော့သည်။

သူ့ရင်ထဲ တဒိန်းဒိန်း ခုန်နေသည်။ လည်ချောင်းတစ်လျှောက် ပူနွေးခြောက်ကပ်လာကာ တံတွေးတစ်ချက် ကယောင်ကတမ်း မျိုချလိုက်မိ၏။

"ဟဲလို"

ကြည့်ပါဦး။ အရင်ကအတိုင်း တစ်ခါက နှစ်ခါ ခေါ်မရလျှင် စိတ်ဆိုးနေကျ သူမအသံက ဆောင့်အင့်အင့်လေး။ အဲဒီအသံနဲ့အတူ စူပုတ်ပုတ်လေး ဖြစ်နေမည့် မျက်နှာလှလှလေးကိုပါ မြင်ယောင်လာလေတော့၏။

သူ အသက်ကို ခပ်မျှင်းမျှင်းရှူရင်း ငြိမ်သက်တောင့်မတ်





နေမိလေသည်။

"ဟဲလို . . . ဘယ်သူလဲ၊ ဖုန်းချလိုက်တော့မယ်"

"ခဏနေပါဦး နွဲ့ယိမ်းရယ်"

"ဟင်. . . ဘယ်သူလဲ"

တစ်ခါမှ ဆုမတောင်းဖူးပေမယ့် အနှစ်နှစ် အလလက မျှော်လင့်တောင့်တခဲ့ဖူးသောအသံကလေး ပျောက်လွင့်ထွက်ပြေးသွားမှာ စိုးရိမ်မိစွာ သူ တားဆီးမိ၏။

"ဘယ်သူလဲလို့ မေးနေတယ်လေ"

"ငါ ပြန်ရောက်လာပြီ နွဲ့ယိမ်း"

"နင် . . . နင် ခိုင်မြ"

တစ္ဆေတစ်ကောင်ရဲ့ အသံကို ကြားလိုက်ရသလို နွဲ့ယိမ်းသံက ထစ်ငေါ့တုန်ယင်နေသည်။

ထိုနောက် အသက်ရှူသံပြင်းပြင်းကို ကြားလိုက်ရ၏။



www.burmeseclassic.com

wwww.burmeseclassic.com



သူမ ဖုန်းမချသေး။

အံ့သြမင်တက်နေတာဖြစ်လိမ့်မည်။

"ငါ နင့်ကိုသိပ်လွမ်းတယ် နွဲ့ယိမ်းရယ်"

"ငါ နင့်ကို သိပ် . . . မုန်းတယ် ခိုင်မြ"

အသွားအပြန် လျော်ကန်ညီညွတ်ခြင်းမရှိသော ဝါကျ

ကြောင်းကို တစ်လှည့်စီ ရေရွတ်လို့အပြီးမှာ သူမက စတင်၍ ဖု

ချသွားသည်။ အသံအတော်လေး ကျယ်သွား၏။

ခွပ်ခနဲဖုန်းအချမှာ တကယ်တမ်း အက်ရှကွဲကြေသွားတ

စကားပြောခွက်မဟုတ်ဘဲ သူ့ရဲ့အသည်းသာ ဖြစ်နေခဲ့လျှင် သူမ

သနားညှာတာစွာ ငဲ့ကြည့်ပါ့မလား။

စိမ်းကားပြတ်တောက်ခြင်း၊ ခက်ထန်မာကျောခြင်း

အတွက် သူ့ရင်က အဆမတန် နာကျင်ပင်ပန်းနေသည့်ကြ

အတိတ်ကို လွမ်းဖြစ်အောင် လွမ်းမိသေးသည်။





သူမလည်း ထိုအတိတ်ကို မတွေးဘဲနေမည်မဟုတ်။ ထို
အတွေးထဲမှာ လွမ်းဆွတ်သတိရခြင်းတွေ ပါလာပါစေ။ တကယ်ဆို
အချိန်တွေက ငယ်ဘဝမှာ ရပ်တန့်နေသင့်တာ။ ။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com



♥ ♥ အိပ်မက်တွေ လှုပ်ဖို့
မဝ, တဝ အိပ်ရေးနဲ့
ညတွေကို စတေးရတယ်
နှင့်အကြောင်း တွေးမိတိုင်း
အရေးကြီးတဲ့စွဆိုတာ
ဘဝအတွက်
အပိုသက်သက် ဖြစ်တုန်တတ်လွန်းလို့
တစ်သက်နဲ့တစ်ကိုယ်
နှင့်ကိုသာ တိုးကွယ်လိုက်ချင်ရဲ့ . . . ။
အမြတ်တနိုး တန်ဖိုးထားမယ်ဆို
ပန်းတုံးတလေးတစ်ခုထဲက
မထင်မရှား ခရေတစ်ပွင့်
ဖြစ်ခွင့်ကြုံရင်တောင်

---

ရွှေပစေသောစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



ပျော်ရွှင်နေဦးမယ့် သူ . . .

တကယ်ပါ တောင်မလေးရဲ့

နှင့်တို့ ကြွင်နာခွင့်ရဖို့

နာကျင်ခြင်းတွေ ရင်းနှီးပေးဆပ်ခဲ့ရတဲ့ သူ

အခုပဲ . . . ရောက်လာခဲ့ပြီ ။

စစ်ပွဲအလွန်တာလ မဟုတ်ပေမယ့်

မပေးဘဲ ရသွားတဲ့

ဒဏ်ရာအနာတရကြောင့်

ဝေဒနာ ဗရပွနဲ့

လဲတျ နာကျင်ခဲ့ရသူအတွက်

(အဝေးက . . .)

အလံဖြူတစ်ချောင်း ထမ်းပြန်ခဲ့တယ်

လွန်လေသော မနက်ဖြန်တွေက

သံယောဇဉ်လတ်ကျန်အတွက်





ပြန်လည်ငဲ့ညှာလှည့်ပါ . . .

ဒဏ်ရာနဲ့ ဧည့်ဝတ်ပြုချင်သလား ။

မရင့်တျက်တဲ့အသည်းက

အလဲလဲ အကွဲကွဲ ကျိုးပြီးသားပါ

ငါ . . . နှင့်တို့ လွမ်းနေခွင့်အတွက်

အနာဂတ်တွေ ကျိန်စာမသင့်ပါရစေနဲ့တွယ် . . . ။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

အတိတ် ......

## အခန်း(၉)

"ဟိတ်"

"အမယ်လေး"

မြက်ခင်းစိမ်းလေးပေါ်က ခုံတန်းလျှားလေးမှာ ထိုင်ပြီး တယောကို ပုခုံးပေါ်တင်လျှက် မထိုးတတ် ထိုးတတ်နှင့် ငိုက်ပါ ဝင်စားစွာ လေ့ကျင့်နေသော ကောင်မလေးခမျာ ညှအော်သံ ကြောင့် လန့်သွားရှာသည်။



www.burmeseclassic.com

wwww.burmeseclassic.com



"ဟား ဟား . . . နင် ဘာလုပ်နေတာလဲ"

ခုံတန်းလျားလေးကို ကျော်ပြီး သူမရှေ့ ဘုတ်ခနဲ ခုန်ချလာသော ကောင်လေးရဲ့ ပြောင်စပ်စပ်မျက်နှာကို မြင်လျှင် နွဲ့ယိမ်းအလွန်စိတ်ပျက်ဒေါသထွက်သွားမိတော့သည်။

"ဘာလုပ်နေတာလဲ နင်မမြင်ဘူးလား"

"မြင်တော့ မြင်တာပေါ့၊ နေပါဦး၊ ကျောင်းပိတ်ရက် စာမကျက်ဘဲ ဒါကြီး ပုခုံးပေါ် တထမ်းထမ်းနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"ငါ့ဘာသာ ဘယ်လိုဖြစ်ဖြစ် နင့်အပူလား"

နွဲ့ယိမ်းက မျက်စောင်းထိုးလျက် အမြင်ကပ်စွာ ပြန်အော်လျှင် သူကတော့ နည်းနည်းမှ အပြုံးမပျက်ဘဲ သူမရှေ့မှာ ခပ်တည်တည် လက်ပိုက်ရပ်ကာ . . .

"ငါ့အပူမဟုတ်လည်း နင် ဒီတယောကြီး ပုခုံးပေါ် ထမ်းနေရင် အလိုလိုစိတ်ပူနေရတာပဲ"





"အံမာ. . . ဘာကိစ္စ နင်က စိတ်ပူနေတာလဲ၊ အလကားဆရာကြီး လာလုပ်ချင်တိုင်း"

နွဲ့ယိမ်းက စူပုတ်မဲ့ရွဲ့လျက် ပြန်ပြောလျှင် သူက မျက်ခုံးနှစ်ဖက်ကို ပင့်ပင့်ကာ . . .

"ဆရာကြီးလည်း မလုပ်ချင်ပါဘူးနော်၊ နင် အသုံးမကျလို့ ငါက ဆရာကြီးဖြစ်နေရတာ"

နွဲ့ယိမ်း နှုတ်ခမ်းလေး ထော်လျက် မျက်စောင်းထိုးလေသည်။

ငယ်ငယ်လေးကတည်းက စာညံ့သော နွဲ့ယိမ်းက စာကျက်ရမှာ အလိုလိုကြောက်တတ်ပြီး သူမ ဝါသနာပါသော အဆိုအတီးသာ နေ့တိုင်းလိုလို လေ့ကျင့်နေတတ်သည်။

ခိုင်မြကတော့ ယောကျ်ားလေးတန်မဲ့ အိမ်ထဲ စာတကုပ်ကုပ်ကျက်ကာ စာမရသော နွဲ့ယိမ်းကို အတန်းတူချင်း စာပြပေးနေကျဖြစ်သည်။ ဒါပေမဲ့ တကယ်တမ်း ဆရာလုပ်တတ်သူက



www.burmeseclassic.com

wwww.burmeseclassic.com



နိုင်မြမဟုတ်ဘဲ နွဲ့ယိမ်းသာ ဖြစ်လေသည်။

"မနက်ဖြန် လုပတ်စာမေးပွဲ ရှိတယ်၊ စာကျက်ရအောင်"

"ညကျမှ ကျက်မယ်"

နှစ်ယောက်လုံး ကိုးတန်းရောက်တာချင်းအတူတူ သူက ပဲ ပိုပြီးပူပင်တတ်နေသလားမသိ။ နွဲ့ယိမ်းကတော့ အေးအေးဆေး ဆေးပင်။ ပြီးတော့ တကယ်လည်း စာမရသောနွဲ့ယိမ်းကို စာ ကျက်ချင်လာအောင် ချော့မော့တိုက်တွန်းရတာလည်း ဘယ်ဘဝ ဝင်ကြွေးမှန်းမသိချေ။

သူ လတ်တလော အကြံတစ်ခု ချက်ချင်းထုတ်ရသည်။

"နွဲ့ယိမ်း . . . ရော့၊ ဒီမှာ မေမေ ပေးလိုက်တာ၊ အာလူး ကြော်ထုပ်၊ အိမ်မှာလည်း ဒီနေ့ အာလူးကြော်ပေးမှာ၊ အဲ့အထုပ်ထဲကအတိုင်းဖြစ်အောင် မေမေက ကြော်ပေး မယ်တဲ့၊ နင်လိုက်ခဲ့နော်"

နွဲ့ယိမ်းက တယောကြိုးတွေကို လက်နဲ့လျှောက်ဖိရင်း





အာလူးကြော်ထုပ်ကို မျက်လုံးစွေကြည့်သည်။

"မစားချင်ပါဘူး။ ဆီကြော်မုန့်တွေ စားရင် အသံနာတတ် တယ်"

"ဘာ. . ."

"အန်တီငြိမ်း ကြော်ပေးတာတော့ ကောင်းမှာပါ၊ ဆီသန့် ရင် ဘာမှမဖြစ်လောက်ပါဘူး၊ ငါ အသံပျက်မှာ ကြောက် လို့"

နွဲ့ယိမ်းစကားကြောင့် နိုင်မြ မျက်လုံးပြူးသွားမိ၏။

ဘယ်တုန်းကများ နွဲ့ယိမ်းဦးနှောက်ထဲ အဲဒီအတွေးတွေ ဝင်ကုန်ပါလိမ့်။

"အသံပျက်ရအောင် နင်က အဆိုတော်လား၊ ကြီးကြီး ကျယ်ကျယ်"

"နင် မသိပါဘူး နိုင်မြရယ်၊ ဒီနှစ်ကျောင်းပိတ်ရင် ငါက သီချင်းဆိုပြိုင်ဖို့ လျှောက်လွှာသွားတင်ဦးမလို့၊ အဲ့ကျ



www.burmeseclassic.com

wwww.burmeseclassic.com



မှ ငါ အဆိုတော်ဟုတ်မဟုတ် တီဗီမှာ စောင့်ကြည့်"

ပြောပုံကိုက နားရင်းပိတ်တီးချင်စရာ။ စာကျတော့ ဘာမှ ဟုတ်တိပတ်တိမရ။

ဒီအတိုင်းဆို ခက်ရချည်သေးရဲ့။ နွဲ့ယိမ်း သူ့အိမ်လိုက်ပြီး သူနဲ့အတူ စာကျက်ချင်လာအောင် ဘယ်လိုများ ဆွဲဆောင် စည်းရုံးရမလဲ။

"အဲဒါဆို . . . နင် ဒီနေ့ စာမကျက်တော့ဘူးလား"

"အင်း. . . ညကျမှ ကျက်ပါ့မယ်ဆို၊ မြန်မာစာ ဘာခက်တာမှတ်လို့"

"ပြီးရော . . . ငါ သွားတော့မယ်"

"ဟဲ့ . . . ခဏလေးနေဦး၊ ငါ အိမ်ထဲ စာအုပ်သွားယူဦးမယ်၊ မြန်မာသဒ္ဒါ လေ့ကျင့်ခန်းတွေ မလုပ်ရသေးဘူး၊ နင် စာကျက်ရင်း လုပ်ပေးစမ်းပါ၊ ငါက သဒ္ဒါဆို အင်္ဂလိပ်ရော၊ မြန်မာရော တစ်ခုမှမကြိုက်ဘူး၊ အဲဒါ နင်ရေးပေး





နော် ခိုင်မြဲ"

ပြောပြီး သူမက အိမ်ထဲ လှစ်ခနဲပြေးဝင်သွားသည်။ သူမစောင့်ဘဲ အိမ်ကိုပြန်သွားရင် ကောင်းမလားဟု စဉ်းစားမိသော်လည်း ထိုသို့မလုပ်ရက်ပါ။

နွဲ့ယိမ်း စာအုပ်တွေယူပြီး ပြန်လာတဲ့အထိ စိတ်ရှည်လက်ရှည် စောင့်နေမိသည်။ ခဏကြာတော့ စာအုပ်တွေပိုက်ပြီး နွဲ့ယိမ်း ပြန်ထွက်လာတော့၏။

"ရော့ . . . ဒီမှာ၊ ဘောလ်ပင်တော့ မပေးလိုက်တော့ဘူး နော်၊ စာစီစာကုံးစာအုပ်လည်း ထည့်ပေးလိုက်တယ်၊ သိလား၊ နင် ရေးထားတာလေး ဒီထဲ ကူးထည့်ပေးနော်၊ နင်ရေးတာက ကောင်းတယ် သိလား၊ ဟိုစာအုပ်တွေထဲက ငါ မကြည့်ချင်လို့"

နွဲ့ယိမ်းပြောသမျှ သူ တစ်ချက်မျှ ခေါင်းမခါမိချေ။ သူမ ကမ်းပေးသော စာအုပ်တွေကို ယူပြီး ခြံထဲက ပြန်



www.burmeseclassic.com

wwww.burmeseclassic.com



ထွက်ခဲ့သည်။

အိမ်ရောက်တော့ သူမ ပေးလိုက်သည့် စာစီစာကုံး စာအုပ်ဆိုတာကို ဖွင့်ကြည့်ပြီး ခိုင်မြ မျက်လုံးပြူးသွားရ၏။

ပထမဆုံးစာမျက်နှာကို ဖွင့်လိုက်တာနှင့် တွေ့ရတာက-

"ငါ နင့်ကိုသိပ်ချစ်တာပဲ . . . ဘယ်သူ့မှ မချစ်ချင်ဘူး"

တဲ့။

ခိုင်မြ ကိုယ့်မျက်နှာကိုပင် ယောင်ယမ်း ပွတ်သပ်မိသည်။ ချက်ချင်း ထူအမ်းလာသလားလို့ပါ။

နောက်ထပ် စာကြောင်းတွေ လျှောက်ဖတ်ကြည့်ပြီးမှ သူ သက်ပြင်းချနိုင်တော့သည်။

အြော် . . . ဖြစ်ရလေ နွဲ့ယိမ်းရယ်။ စာစီစာကုံးစာအုပ်ထဲ သီချင်းတွေ ရေးထည့်ထားရတယ်လို့။ ဆံပင်ကုပ်ဝဲလေးနှင့် တစ်နေ့တခြား ပိုလှလာသော နွဲ့ယိမ်းမျက်နှာကို သူပြေးမြင်မိရင်း ကိုင်ထားတဲ့ဘောလ်ပင်အဖုံးကို တအားဖိကိုက်ပစ်မိ၏။

➤ ➤ ➤



## အခန်း(၁၀)

"ချစ်ဖို့ကောင်းလိုက်တာကွာ"

လမ်းထိပ်ကွမ်းယာဆိုင်မှ ထွက်လာသော ပိုင်ရှင်မဲ့အသံတစ်သံကြောင့် နွဲ့ယိမ်း တွန့်ခနဲဖြစ်သွားသည်။

ခိုင်မြက လွယ်အိတ်ကို နောက်ဖက်သိုင်းပို့ရင်း သော်ခနဲ လှည့်ကြည့်တော့ သူတို့ရပ်ကွက်ထဲမှ ဆယ်တန်းအပြင်ဖြေ ကောင်လေး လေးငါးယောက်ကို တွေ့ရ၏။



www.burmeseclassic.com

wwww.burmeseclassic.com



အားလုံးမျက်နှာတွေက ပြုံးဖြီးဖြီး စပ်ဖြဲဖြဲတွေချည်းပင်၊ ရှေ့ကို လေးငါးလှမ်း လျှောက်လာမိတဲ့အထိ နောက်ကို ပေစောင်း စောင်း လှည့်ကြည့်နေသော ခိုင်မြဲလက်မောင်းကို နွဲ့ယိမ်းက ဖျတ် ခနဲပိတ်ရိုက်သည်။

"ဘာလို့ သွားကြည့်နေတာလဲ"

"မကျေနပ်လို့ပေါ့"

နွဲ့ယိမ်းက သူ့ကို မျက်မှောင်ကျုံ့ကြည့်သည်။ အသားဖြူ ဖြူ ဆံပင်ပျော့ပျော့နက်နက်ကလေးတွေနှင့် ခိုင်မြဲပုံစံက အရုပ်မြ ပေမယ့် သိပ်မဝတာမို့ ပိန်ညှက်ညှက်ကလေး ဖြစ်နေကာ ဘယ် မှ အထင်ကြီး အားကိုးချင်စရာလည်းမရှိချေ။

"သွားကြည့်မနေနဲ့၊ နင့်ထက် အကောင်ကြီးသလို အတ လည်း ကြီးတယ်၊ မကျေနပ်ရအောင် ကိုယ့်ကိုရိုက်မ နှက်မယ် စိန်ခေါ်နေတာမဟုတ်ဘူး"

"အကောင်ကြီးလည်း မကြောက်ဘူး၊ အုပ်စုတောင့်လည





ဂရုမစိုက်ဘူး၊ ရန်မဖြစ်ချင်လို့ သည်းခံနေတာ၊ ကျူရှင်က ပြန်လာတိုင်း တစ်မျိုးမဟုတ် တစ်မျိုးပြောတယ်"

"အဲဒါဘာဖြစ်လဲ၊ အသားပဲ့ပါသွားတာမှ မဟုတ်တာ"

ခိုင်မြဲ သူ့မမျက်နှာကို ခပ်စိုက်စိုက်လှမ်းကြည့်မိသည်။ သူတို့ပြောတာတွေက လှလိုက်တာကွာ၊ ချစ်စရာလေးဆိုတာမျိုး တွေမို့ နွဲ့ယိမ်းက စိတ်မဆိုးတဲ့အပြင် ပိုပြီးတောင် လှလှပပ ကျော့ ကျော့မော့မော့လေး ပြင်ဆင်တတ်သေးသည်။

"အသားပဲ့ပါသွားမှ စိတ်ဆိုးရမှာလား၊ နင့်ကို အဲ့လိုမထိ တထိ စ,နေတာ၊ နင် ဒေါသမထွက်ဘူးလား"

"ဘာလို့ဒေါသထွက်ရမှာလဲ၊ လှလို့ လှတယ်ပြောတာ စိတ် ဆိုးရအောင် အရူးလား"

"နင် . . ."

ဘေးနှစ်ဖက်ကို ဖဲကြိုးဖြူဖြူလေးတွေနှင့် ခွဲချည်ထားသော နွဲ့ယိမ်းရဲ့ဆံပင်တွေကို သူ ဆောင့်ဆွဲပစ်လိုက်ချင်သည်။



www.burmeseclassic.com

wwww.burmeseclassic.com



မညီ့ညီအောင် တမင်ညှိလိမ်းထားသော ပါးကွက်ပါး... လေး နှစ်ဖက်ကိုလည်း ပုဆိုးခါးပုံစနှင့် စိတ်ရှိလက်ရှိ ပွတ်ဖျက်... ချင်လာသည်။

တကယ်တမ်း အဲလိုလည်းမလုပ်ရဲဘဲ ခိုင်မြဲ လက်သီး... မသိမသာဆုပ်ကာ မျက်နှာတစ်ဖက်လွှဲလျက် အံကြိတ်မိ... အလကားဟာမလေး . . .။

စာကျတော့ ညံ့လိုက်တာ တူးနေတာပဲ။

သူ့ရုပ်သူကျတော့ အပျိုရုပ်ထွက်အောင်၊ မလှ့လှအော... ပြင်နေတာ။

မနက်ကျောင်းသွားခါနီးတိုင်း ပါးကွက်ကို အံချိန်ယူ ကွ... ရတာ၊ မျက်ခုံးတွေပေါ်အောင် သနပ်ခါးတွေ ခြစ်ချရတာ၊ အတ... ထဲက မြန်မာစာဆရာမလို လုံချည်ကို တင်းနေအောင် အတ... ဆွဲဝတ်နေတာ၊ သူ့အမေ လက်ကိုင်ပဝါကို လွယ်အိတ်ထဲ ခိုးထ... လာတာတွေ . . . ကို သူ မျက်လုံးထဲ မြင်ယောင်ပြီး ဒေါသထွ...





...လာမိ၏။

အိမ်က မေမေကလည်း . . .

"နွဲ့ယိမ်းလေးက တစ်နေ့တခြား လှ့လှလာတယ်"

လို့ အမြဲပြောလေသည်။

ကျောင်းသွား ကျူရှင်သွားတော့လည်း သူတစ်ယောက် ...ဘေးမှာပါရက်နှင့် အမြဲလို အစအနောက်ခံရသည်။

လှတယ်ပြောတိုင်း ဖြစ်ဖြစ်သွားတဲ့ နွဲ့ယိမ်းမျက်နှာပေးကို ...နားမလည်ပေမယ့် စိတ်ဆိုးတာ မဟုတ်မှန်းတော့ အလိုလို ...သည်။

အခုတော့ သူ အသေအချာသိလိုက်ပြီ။

နွဲ့ယိမ်းက လှတယ်ပြောတာတွေကို သဘောကျနေတာ။

နွဲ့ယိမ်း လှမှန်း သူ သိသားပဲ။ တစ်ခါမှ သူမကို လှတယ် ...ဖွင့်မပြောခဲ့ဖူးပါ။

ပြောချင်စိတ်လည်း တစ်ခါမှ မပေါ်ခဲ့သလို ...ကားကို



www.burmeseclassic.com

wwww.burmeseclassic.com



တမင်ရိသွဲ့သွဲ့ပြောသောစကားဟု သူထင်သည်။ မပြောသင့်ဟု ယူဆသောကြောင့် မပြောခြင်းဖြစ်၏။ တွေ့သမျှယောက်ျားလေး တိုင်းက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောသွားလျှင် သူ ဘေးကနေ မခံချိမခံသာဖြစ်ခဲ့ရသည်။

နွဲ့ယိမ်းကိုယ်တိုင်လည်း စိတ်ဆိုးသွားစေချင်သည်။ ဒါ ပေမဲ့ သူမက ဘယ်တော့မှစိတ်မဆိုးတာမို့ သူတစ်ယောက်တည်း သာ ကျိတ်မနိုင်ခဲမရ ဒေါသဖြစ်ရတော့၏။

"ခိုင်မြဲ . . . ဟဲ့ ခေါ်နေတာ မကြားဘူးလား"

"ကြားသားပဲ"

"ကြားရင် ထူးပါလား၊ ပါးစပ်ကြီးပိတ်ပြီး ဘာလုပ်နေတာ လဲ"

"ငါ့ဘာသာငါ ဘာလုပ်လုပ်ပေါ့"

"အံမယ် . . . နင်က ငါ့ကို အဲလိုပြောတယ်၊ တွေ့မယ် နင် မှတ်ထားနော်၊ အိမ်ရောက်တာနဲ့ နင့်ကို အန်တီပြ





ပြီမ်းနဲ့ တိုင်ပြောမယ်"

ပြောလိုက်ရင် ဒါပဲ။

ဖေဖေနဲ့ မေမေက သူမကို ချစ်မှန်းသိလို့ သက်သက် အနိုင်ကျင့် ဆိုးနွဲ့ချင်နေတာ။

"နင် အိမ်ကို ပြန်မတိုင်တဲ့နေ့ ဘယ်တုန်းက ရှိလဲ၊ ကိုယ့် ဘာသာ စာမရလို့ အဆူခံရလည်း ငါ့ပဲ အပြစ်လာရှာတဲ့ လူကများ၊ ငါ ပြန်တိုင်ဖို့လည်း ထားပါဦး"

"အပိုတွေ မပြောစမ်းပါနဲ့ဟယ်၊ စာမရတာ ဘာဖြစ်လဲ၊ ငါက ဉာဏ်မကောင်းလို့ စာမရတာ၊ ဘယ်သူမှ မဆူဘူး၊ နင်သာ ဟိုလူ့ ရန်စချင်၊ ဒီလူ့ ရန်စချင်နဲ့၊ လူကြည့်တော့ လက်တောက်လောက်လေးနဲ့၊ ဟွန်း . . ."

"ဘာဖြစ်လဲ ရန်စချင်တော့၊ အဲဒါ နင့်ကြောင့်ချည်းပဲ၊ နင်လည်း လူကြည့်တော့ မလောက်လေး မလောက်စား နဲ့"



www.burmeseclassic.com

wwww.burmeseclassic.com

"ဘာဖြစ်လဲ၊ အဲဒါဘာဖြစ်လဲ"

နွဲ့ယိမ်းရဲ့ ကက်ကက်လန် ရန်တွေ့သံကြောင့် သူ ရှေ့ဆက်ပြောမယ့်စကား အလိုလိုပျောက်သွားရသည်။ နောက်မှ သူမ မကြားအောင် အပျိုလုပ်ချင်နေတာဟု ခပ်တိုးတိုးရေရွတ်မိ၏။

သူမ ကြားသွားအောင် ပြောမိလျှင် လမ်းလယ်ခေါင်လည်း ရှောင်မှာမဟုတ်ဘဲ သူ့ကို အတင်းထုရိုက် ကုပ်ဆွဲမှာမို့ ခိုင်မြဲနှုတ်က ကျယ်ကျယ်မပြောရဲပါ။

"ဟဲ့ . . ."

"ဘာလဲ"

"ငါ့စာအုပ် ပြန်ပေးဦး၊ မြန်မာသဒ္ဒါစာအုပ်လေ"

သူ လွယ်အိတ်ထဲမှ သူမစာအုပ်ကိုရှာပြီး ထုတ်ပေးလိုက်၏။

"နောက်တစ်ခါ ငါ့ကို စာကူးမခိုင်းနဲ့တော့"

"ဘာဖြစ်တယ်"





"စာကူးမခိုင်းနဲ့လို့ပြောတာ၊ နင့်စာအုပ်ကြီး အတန်းထဲပါသွားတော့ ဘေးနားက ကောင်တွေက စတာပေါ့"

ခိုင်မြဲနှင့် နွဲ့ယိမ်းက အတန်းတူပေမယ့် အခန်းချင်းမတူပါ။ စာတော်သူတို့ထုံးစံအတိုင်း ခိုင်မြဲက (အေ)ခန်းမှာ ဖြစ်ပြီး နွဲ့ယိမ်းက (စီ)ခန်းထဲမှာ နေရသည်။

ဒါပေမဲ့ အချောအလှမှာ အရွယ်နှင့်မမျှ သတင်းကြီးသော နွဲ့ယိမ်းကို ခိုင်မြဲတို့အခန်းထဲက ကောင်လေးတွေတိုင်း သိကြပါသည်။

"နင်ကလေ . . . အခုတလော ပြောင်းကို ပြောင်းလဲနေတယ်"

နွဲ့ယိမ်းက စာအုပ်ကို သူမလွယ်အိတ်ထဲ ထိုးထည့်ရင်း ပြော၏။

"ဘာမှမပြောင်းဘူး၊ ပြောင်းလဲနေတာက နင်"

"အမ် . . . ဘာ"



www.burmeseclassic.com

wwww.burmeseclassic.com

သူပြောတာ ဘာမှအထူးအဆန်းမပါဘဲ နွဲ့ယိမ်းမျက်နှာက ရှက်ရဲရဲလေးဖြစ်သွား၏။

"ဟုတ်တယ်၊ တကယ်တမ်းပြောင်းလဲနေတာက နင်ပဲ၊ သိရဲ့လား"

ခြံချင်းကပ်ရက်ဖြစ်သည့် သူတို့နှစ်ယောက် ကိုယ့်ခြံထဲဝင်ခါနီးမှာတောင် ခိုင်မြဲ ထိုစကားကို ထပ်ပြောပြီး နွဲ့ယိမ်းမျက်နှာကို အသေအချာစူးစိုက်ကြည့်ပစ်လိုက်သည်။

နွဲ့ယိမ်းမျက်နှာက ခုနကထက်ပို၍ပင် ရဲတွတ်ကာ တစ်စုံတစ်ခုကို ရှက်နေပုံမျိုးနှင့် . . .

"နင်က ဘာမှန်းလည်းမသိဘူး"

ဟု မပွင့်တပွင့်ပြောကာ သူမတို့ခြံဝင်းထဲ လှစ်ခနဲပြေးဝင်သွားတော့၏။

သူ ခြံဝမှာ ရပ်၍ ငါပြောတာ ဘာမှားသွားလဲ ဟု အကြာကြီးစဉ်းစားနေသော်လည်း ဘာမှအဖြေထွက်မလာချေ။

---

ရွှေပဒေသာစာပေ



နွဲ့ယိမ်းကတော့ သူ ထင်ထားတာထက်ပင် ပြောင်းလဲနေခဲ့ပြီ။

အရင်က ဒီလိုရှက်ကိုးရှက်ကန်းအမူအရာတွေ မလုပ်တတ်၊ သူလည်း မမြင်ဖူးခဲ့ပါ။

ခုမှ ဘယ်ကဘယ်လို ဒီပုံစံဖြစ်လာသည်မသိ။

အင်း . . . ထူးဆန်းတာတော့ အမှန်ပဲ နွဲ့ယိမ်းရေ . . .။

နင် အပျိုကြီးပုံစံလုပ်တာ သိပ်ရယ်ဖို့ကောင်းတာပဲ။

ခိုင်မြဲ . . . တဟားဟားအော်ရယ်ပစ်လိုက်မိတော့သည်။

➤ ➤ ➤

---

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၁၁)

"ဟာ . . . ဒါကြီးက . . ."

ညှော်ခန်းထဲ ဝင်ဝင်ချင်း ယခင်က ရှင်းလင်းနေသော အခန်းထောင့်မှာ နေရာယူထားသည့်ပစ္စည်းကြီးကိုကြည့်ကာ ပိုပ်မြ အံ့သြသွားမိသည်။

သူ လွယ်အိတ်ကို နီးရာဆိုဖာပေါ် ပစ်တင်ပြီး မည်းနက်ပြောင်လက်နေသော အသစ်စက်စက် Piano ကြီးဆီ ပြေးသွား

wwww.burmeseclassic.com



လိုက်သည်။

"ဖေဖေ . . . မေမေ ဒါကြီးက ဒီနေ့မှဝယ်လိုက်တာလား၊ အားပါး . . . မိုက်လိုက်တာကွာ၊ ဘယ်လောက်လှလဲ၊ ကြည့်စမ်း"

Piano ရှေ့မှာ ချထားသည့်ခုံလွတ်မှာ ဝင်ထိုင်ရင်း ရုပ်ရှင်ထဲမှာ မြင်ဖူးခဲ့သလို သူ့လက်တွေကို ခလုတ်တွေပေါ် စုံတင်လိုက်ပြီး ဖိနှိပ်ချဖို့ ပြင်လိုက်စဉ် သူ့ဘေးသို့ ဖေဖေနှင့်မေမေ ရောက်လာသည်။

"သဘောကျလား သား"

ဖေဖေက သူ့ပုခုံးပေါ် လက်တင်ရင်း ခပ်ပြုံးပြုံး မေးသည်၊ သူ အားရဝမ်းသာပင် ခေါင်းညိတ်ပြလိုက်၏။

အနုပညာတွေ၊ ဂီတတွေ သူ နားမလည်ပါ။

ဒီ Piano ကြီးကိုတော့ သူ သဘောကျမိလေသည်။ သူ ငယ်ငယ်က Organ သေးသေးလေးတစ်လုံး ဖေဖေ ဝယ်ပေးဖူး၏၊





ခလုတ်တွေကို အတင်းဖိနှိပ် ဆော့ပစ်တာမို့ ပျက်စီးသွားပြီဖြစ်သည်။

"ဒါ ဘယ်သူ့အတွက် ဝယ်လာတာလဲ ဖေဖေ"

ဖေဖေက သူ့ခေါင်းကို လက်ဝါးနှင့် ဖိအုပ်ခါရမ်း၍ တဟားဟားရယ်လိုက်ပြီး . . .

"ဧည့်ခန်းထဲမှာ အလှထားဖို့"

ဟုပြောလိုက်သောအခါ သူ ရှက်ရှက်နှင့် Piano ခလုတ်တွေကို တရကြမ်းပွတ်ဆွဲပစ်လိုက်သည်။

သူ့ပုံစံကို ကြည့်ပြီး ဖေဖေရော၊ မေမေပါ သဘောကျစွာ ရယ်ကြလေတော့သည်။

"ဟုတ်တယ်လေ၊ သားက တီးမှမတီးတတ်တာ၊ ဒီလိုပဲ အလှထားရမှာပေါ့"

"မေမေကလည်း မတီးတတ်ရင် တတ်တဲ့သူဆီမှာ သင်မှာပေါ့"



www.burmeseclassic.com

wwww.burmeseclassic.com



"အင်း . . . နွဲ့ယိမ်းတို့အဖေဆို တီးတတ်မယ်ထင်တယ် နော်၊ သူက သီချင်းရေးဆရာဆိုတော့ စန္ဒရားတီးတတ် မယ်ထင်တယ်"

မေမေ့စကားအဆုံး ဖေဖေက ခေါင်းညိတ်ထောက်ခံ သည်။

"ဟုတ်တယ်၊ ကိုသော်ဇင်က Band master ဆိုတော့ Musical Instruments တော်တော်များများကို ကျွမ်း ကျင်တယ်၊ ဒီတစ်ခေါက် နယ်ရှိုးပွဲက ပြန်လာရင် သင်ခိုင်း ရမယ်"

"အို . . . အဲလောက် မလောစမ်းပါနဲ့၊ ဒီသားအဖက လည်း၊ ကျောင်းပိတ်မှ အေးအေးဆေးဆေး သင်ပါစေ လား၊ ကလေးက စာမေးပွဲ နီးပြီ"

သူ နွဲ့ယိမ်းကို ဖျတ်ခနဲပြေးမြင်သည်။

စာမေးပွဲသာ နီးပေမယ့် သူမက တယောကို လက်က





မချချေ။

"မေမေ . . . နွဲ့ယိမ်းကိုမပြောနဲ့ဦးနော်၊ သူ အရမ်းအံ့သြ သွားအောင် နောက်မှပြောမယ်"

မေမေက ဖေဖေ့ကို မျက်ခုံးမင့်ပြပြီး ရယ်နေသည်။

"သားရယ် . . . နွဲ့ယိမ်းက အိမ်ကိုခဏခဏလာနေတာ၊ မြင်သွားမှာပဲဟာ၊ ဒါကြီးက အလွယ်တကူ ဝှက်သိမ်း ထားလို့ရတာလည်း မဟုတ်ဘဲနဲ့"

"အဖုံးပိတ်ပြီး တစ်ခုခုနဲ့ အုပ်ထားရင် သူ မရိပ်မိပါဘူး နော် . . . မေမေ မပြောနဲ့ သိလား၊ သူတို့အိမ်မှာက သူ့အဖေဂစ်တာရယ်၊ တယောရယ်ပဲ ရှိတာ၊ ဒီလို Pi-ano အကြီးကြီး မရှိဘူး၊ သူ တွေ့ရင် အရမ်းအံ့သြပြီး အိမ်ကို ခဏခဏလာကြည့်မှာ မြင်ယောင်သေးတယ်"

"သဘောပါပဲတော်၊ ကဲ . . . ရေလေး ဘာလေး ချိုးဦး၊ ကျောင်းက ရောက်ရင် အဝတ်လဲရင် လဲထား၊ မလဲရင်



www.burmeseclassic.com

wwww.burmeseclassic.com



ခဏနားပြီး ရေချိုးမှ"

"ခဏလေးပါ မေမေရဲ့ သား ဒီနားမှာ ထိုင်ရတာ ရင်ထဲ

တစ်မျိုးလေး ဖြစ်နေလို့"

"တွေ့လား ကိုမျိုး၊ ရှင့်သားကတော့ ပိုပြီ၊ စာကျက်ပျက်

ရင်တော့ ဝယ်လာတဲ့သူရော၊ တီးတဲ့သူရော မလွယ်ဘူး

နော်"

ဖေဖေက ဘာမှမပြော၊ ပြုံးရုံသာ ပြုံးနေ၏။ စီးပွားရေး

သမားသက်သက်ဖြစ်တဲ့ဖေဖေက အနုပညာကို သိပ်ဝါသနာမထုံ

လှပါ။

သူ ခြောက်နှစ်သားလောက်မှာ တစ်ဖက်ခြံကို နွဲ့ယိမ်းတို့

သားအမိ သားအဖသုံးယောက် ပြောင်းလာမှ တေးရေးဆရာဖြစ်

တဲ့ နွဲ့ယိမ်းဖေဖေ၏သီချင်းသံ ဂစ်တာသံကို ညည ထူးဆန်းစွာ

ကြားခဲ့ရတာ ဖြစ်သည်။

အဲဒီကတည်းက ဂါဝန်ကလေး တလွင့်လွင့်နှင့် နွဲ့ယိမ်း





သူ့အဖေ သီချင်းဆိုတဲ့အေးမှာ ခေါင်းကလေး ဘယ်ညာယိမ်းပြီး

သီချင်းလိုက်ဆိုနေတာဖြစ်၏။

သူက ဘောလုံးတစ်လုံး၊ ခွေးကလေးတစ်ကောင်နှင့် ခြံထဲ

ပြေးလွှားဆော့ကစားစဉ် သူမက တစ်ဖက်ခြံမှာ သီချင်းဆိုတမ်း

ကစားနေခဲ့လေသည်။

အလုပ်ကိစ္စတွေနှင့် သူ့ဖေဖေ ခရီးထွက်ချိန် နွဲ့ယိမ်း

အဖေလည်း တီးဝိုင်းတွေနှင့် နယ်မြို့တွေ လှည့်သွားနေရတတ်

သည်။

နွဲ့ယိမ်း ဟန်နှင့် ပန်နှင့် သီချင်းဆိုတာကို သူ ခြံစည်းရိုး

အုတ်တံတိုင်းပေါ် ကုပ်တက်၍ ချောင်းကြည့်ရင်း ပြုတ်ကျကာ

ခေါင်းပေါက်သွားရာမှအစပြု၍ ဟိုဘက်ခြံနှင့် သူတို့မိသားစု နှစ်

အိမ်တစ်အိမ် ရင်းနှီးခဲ့ရသည်။

နွဲ့ယိမ်းမေမေ ဒေါ်မေသီတာက ခိုင်မြကို ချစ်သလို ခိုင်မြ

မေမေ ဒေါ်ငြိမ်းငြိမ်းထက်က နွဲ့ယိမ်းကို ချစ်သည်။ ဗီဇစရိုက်



www.burmeseclassic.com

wwww.burmeseclassic.com



မတူပေမယ့် အရွယ်တူ အတန်းတူဖြစ်တဲ့ နွဲ့ယိမ်းနှင့် သူလည်း အားလုံးထက်ပို၍ သံယောဇဉ်ဖြစ်ခဲ့ရသည်။

စားအတူ၊ သွားအတူ၊ ကစားအတူ ဘယ်တုန်းကမှ မခွဲ ဖူးခဲ့ချေ။

နှစ်တွေလတွေ ဘယ်လိုပြောင်းပြောင်း သူတို့နှစ်ယောက် ရဲ့သံယောဇဉ်ကတော့ ပြောင်းလဲမသွားခဲ့ပါ။

သူ Piano ကြီးကိုကြည့်ပြီး ပီတိဖြစ်စွာ ပြုံးလိုက်မိသည်။

ဒါကြီး အိမ်မှာရှိနေတာ နွဲ့ယိမ်းသိလျှင် သူတို့အိမ်ပေါ် က ဆင်းမှာကို မဟုတ်တော့ . . .။

အဲဒီအခါ သူနှင့်စာကျက်ဖို့ တိုက်တွန်းရန် လွယ်ကူ တော့မည်။

➤ ➤ ➤



## အခန်း(၁၂)

"နွဲ့ယိမ်းရေ . . . နွဲ့ယိမ်း"

ခြံထဲ ကမန်းကတန်း ပြေးဝင်လာရင်း လက်မှနာရီကို လည်း ငုံ့ကြည့်ရသေးသည်။

"အန်တီမေ . . . နွဲ့ယိမ်းရော၊ ကျောင်းမှာ ဒီနေ့ သစ်ပင် စိုက်ရမှာမို့ စောစောသွားရမှာ၊ ခုထိ ပြင်လို့မပြီးသေးဘူး လား"



www.burmeseclassic.com

wwww.burmeseclassic.com



ခြံထဲက အပင်တွေကို ကတ်ကြေးလေးနှင့် ညှိနေသော အန်တီမေသီတာက ခိုင်မြကိုလှည့်ကြည့်ကာ . . .

“ဟော . . . သားသူငယ်ချင်းက ထွက်သွားတာ ကြာပြီလေ၊ သားက ခုထိမသွားရသေးဘူးလား”

“ဟုတ်လို့လား”

သူ အလွန်အံ့ဩသွားရ၏။ နွဲ့ယိမ်းက သူ မပါဘဲ ကျောင်းကို တစ်ယောက်တည်း သွားလေ့မရှိချေ။

“ဩော် . . . ဒီကောင်မလေးနှယ်၊ ဒီနေ့မှ ဘယ်လိုဖြစ်တာလဲ၊ သားကိုမခေါ်ဘဲ သွားရတယ်လို့”

“အဲဒါဆို သားသွားတော့မယ် အန်တီမေ”

“အေးအေး . . . နွဲ့ယိမ်းကို ညနေကျမှ အန်တီမေ ဆူရဦးမယ်၊ တစ်ယောက်တည်း သွားတာကို”

အန်တီမေသီတာက နောက်မှာ ပွစိပွစိ ရေရွတ်လျက်ကျန်ခဲ့လေတော့သည်။





သူ လွယ်အိတ်ကို စလွယ်သိုင်းကာ ပုဆိုးကို တိုတိုပြင်ဝတ်ပြီး ကျောင်းသို့ သုတ်ခြေတင်ရလေတော့သည်။ ကျောင်းရောက်သောအခါ အသင်းအလိုက် သစ်ပင်စိုက် မြက်နုတ်ရသောနေ့မို့ အတန်းခေါင်းဆောင်ဖြစ်သည့် ခိုင်မြ နောက်ကျနေသောကြောင့် ဒဏ်ပေးခံရသည်။

အခန်းချင်း မတူတာမို့ နေ့လည်မုန့်စားဆင်းချိန်ရောက်မှ နွဲ့ယိမ်းကို တွေ့ရတော့၏။

“နွဲ့ယိမ်း”

ကျောင်းရှိ သောက်ရေစည်ထဲမှ ရေကို သူမ ရေဘူးလေးထဲ ဖြည့်နေသော နွဲ့ယိမ်းက သူ့အသံကြောင့် ဆတ်ခနဲလှည့်ကြည့်ပြီး မျက်မှောင်ကျုံ့သွားသည်။

“မနက်က ဘာလို့ ငါ့ကိုမစောင့်တာလဲ”

“မစောင့်ချင်လို့ မစောင့်တာ”

ဖြေပုံက ခပ်ရင့်ရင့်မို့ ဒေါသအရှိန် တင်လာသော ခိုင်မြ



www.burmeseclassic.com

wwww.burmeseclassic.com



ပင် ကြောင်အမ်းအမ်းဖြစ်သွားရ၏။ နွဲ့ယိမ်းက ရေဘူးကို အဖုံး ပိတ်ပြီး ထိုနေရာမှ ခပ်တည်တည်လှည့်ထွက်သည်။

"ဟ . . . ဘယ်လိုဖြစ်တာလဲ၊ ခဏနေဦးလေ"

"ဘာမှလာမပြောနဲ့၊ နင့်ကို စကားမပြောချင်ဘူး"

"ဘာဖြစ်လို့လဲ၊ ငါ နင့်ကို. . ."

"လာမပြောနဲ့၊ နားမထောင်ချင်ဘူး၊ သနားလို့ နင့်အိမ် အထိ လာမတိုင်တာ၊ နောက်တစ်ခါဆို နင် နာပြီသာ မှတ်"

ပြောပြောဆိုဆို နွဲ့ယိမ်းက သူ့ပုခုံးစွန်းကို ဆောင့်ခနဲ ဝင်တိုက်ကာ ဆတ်တောက်ဆတ်တောက်နှင့် ထွက်သွားတော့ သူ ခေါင်းကုပ်ရင်း မအူမလည် ကျန်ရစ်ခဲ့ရလေသည်။

"ခိုင်မြဲအောင်"

(အေ)ခန်းအဝင်ဝမှာ ရပ်နေသော ကျော်စည်သူက လက် တစ်ဖက်မှ စာအုပ်ကို လိပ်ကိုင်ထားရင်း ကျန်လက်တစ်ဖက် လှမ်း





မြှောက်ပြသည်။

သူ နွဲ့ယိမ်း ဝင်သွားရာ (စီ)ခန်းဘက်ကို တစ်ချက်လှမ်း ကြည့်ပြီး ကျော်စည်သူ့ထံသို့ လျှောက်လာခဲ့သည်။

ကျော်စည်သူ့မျက်နှာက ယခင်နေ့တွေနှင့် မတူဘဲ ပြုံး စေ့စေ့ဖြစ်နေ၏။

"အခြေအနေဘယ်လိုလဲ ခိုင်မြဲအောင်"

သူ အင်္ကျီလက်ကို ပြင်ခေါက်ရင်း မျက်မှောင်ကျုံ့မိသည်။

"ဘာကိုပြောတာလဲ"

"ဟဲ ဟဲ . . . နွဲ့ယိမ်းပင်မို့ ငါ့ကိုဘာပြောနေသေးလဲ"

"မင်းကို ဘာကိစ္စ ဘာပြောရမှာလဲ"

သူ့ရဲ့အူလည်လည်မေးခွန်းကြောင့် ကျော်စည်သူ့မျက်နှာ က ရှုံ့မဲ့သွား၏။

"ငါ မနေ့က သူ့စာအုပ်ကြားထဲ စာထည့်ပေးလိုက်တာ၊ အဲဒါ သူဖတ်ရရဲ့လားလို့"



www.burmeseclassic.com

wwww.burmeseclassic.com



"ဘာ . . ."

သူ့အော်သံကြောင့် ကျော်စည်သူ နောက်ကို တွန့်ခနဲဖြစ်သွား၏။

ခုမှ နွဲ့ယိမ်း ဘာကို စိတ်ဆိုးတယ်ဆိုတာ သူကောင်းကောင်းသဘောပေါက်လိုက်သည်။

သူ့လက်က ကျော်စည်သူ့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲမိပြီးသည့်နောက်တော့ ဘာမှအကြောင်းမကြား မကြိမ်းမောင်းတော့ဘဲ မျက်နှာကို လက်သီးနှင့် နှစ်ချက်ဆင့်ထိုးချလိုက်မိ၏။

"ဟော့ကောင် . . . မင်း"

ကျော်စည်သူရဲ့ အကြောက်အကန်အော်သံအဆုံး သူတို့နှစ်ယောက် ဘေးနားကို ကျောင်းသားတွေ ဝိုင်းလာသည်။

"ခိုင်မြဲအောင်"

နောက်ဆုံးရောက်လာတာ အတန်းပိုင်ဆရာမ, ဒေါ်ခင်သန့်စင်ဖြစ်ပြီး သူ့နာမည်ကို ခပ်စူးစူးအော်ခေါ်လိုက်တာမို့ ကျော်





စည်သူ့အင်္ကျီစကို ဆွဲထားမိတဲ့ သူ့လက်က အလိုလိုပြေလျော့ကျသွား၏။

ထူးထူးဆန်းဆန်း ရန်မဖြစ်ဖူးသည့် သူ့ကို ဆရာမက အံ့သြနေသည်။ သူ ထိုးလိုက်သော ကျော်စည်သူက သူနှင့် တစ်ခုံတည်း ထိုင်သော အခင်ဆုံး၊ အတွဲဆုံး သူငယ်ချင်းမို့ အားလုံးတအံ့တသြဖြစ်နေကြသည်။

နောက်ဆုံး ကျောင်းအုပ်ကြီးရုံးခန်း ရောက်သွားသည်။ သူရော ကျော်စည်သူပါ အကြောင်းရင်းမှန်ကို ဖွင့်မပြောဘဲ စရင်းနောက်ရင်း ဖြစ်ရတာပါဟု ဝန်ခံပြီးနောက် တစ်ယောက်ကို သုံးချက်စီ အရိုက်ခံလိုက်ရသည်။

ကျော်စည်သူ အဖြစ်မှန် ဖွင့်မပြောခြင်းမှာ ကျောင်းသူကျောင်းသားချင်း ရည်းစားစာပေးလျှင် ကျောင်းအုပ်ကြီး၏အပြစ်ပေး အရေးယူခြင်း ပို၍ပြင်းထန်လာမှာစိုးသောကြောင့် ဖြစ်ပြီး သူ ဖွင့်မပြောခဲ့တာတော့ နွဲ့ယိမ်း သိက္ခာကျ အရှက်ရမှာစိုးသော



www.burmeseclassic.com

wwww.burmeseclassic.com



ကြောင့်ပင်။

အတန်းထဲ ပြန်ရောက်တော့ သူရော ကျော်စည်သူပါ ခုံမှာ ကောင်းကောင်းမထိုင်နိုင်။ ကြိမ်လုံးဒဏ်ကြောင့် တင်ပါးတွေ ကြိမ်းနေသည်။

ညနေ ကျောင်းဆင်းတော့ ကျောင်းတံခါးဝ အုတ်ခုံမှ ထိုင်စောင့်နေသော နွဲ့ယိမ်းကို တွေ့လိုက်ရသည့်အခါ သူ့တင်ပါး က အရှိုးရာတွေကို ယောင်ရမ်း စမ်းလိုက်မိ၏။

"ခိုင်မြ"

ထုံးစံအတိုင်း နွဲ့ယိမ်းအသံက အထက်စီးနင်းဆန်စွာ မာ ထန်နေသည်။ သူ ပြန်မထူးဘဲ သူမမျက်နှာကိုသာ အေးစက်စက် ပြန်ကြည့်မိ၏။

"နင် ရန်ဖြစ်တယ်ဆို"

"တစ်ကျောင်းလုံး သိတယ်၊ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်လို့ ကျော်စည်သူ့ကို သွားထိုးရတာလဲ၊ နင် တော်





တော် ရန်လိုနေပါလား"

နွဲ့ယိမ်းစကားကြောင့် သူ့ရင်ဘတ်ထဲက ပိုပြီး နာလာ သည်။

"နင်ကရော သူပေးတဲ့စာကို ဘာလို့ ယူထားတာလဲ"

နွဲ့ယိမ်းက သူ့ကို စွေခနဲလှည့်ကြည့်ရင်း အုတ်ခုံပေါ်မှ ဆင်းသည်။

"ငါက ယူထားတာ မဟုတ်ဘူး၊ နင်ယူသွားတဲ့စာအုပ်ထဲ ထည့်ပေးလိုက်တာ၊ အဲဒါ နင့် အသုံးမကျလို့"

ပြောနေရင်းမှ သူ့ကို မျက်စောင်းတစ်ချက် ထိုးလိုက်သေး ၏။ သူ ဘာပြောရမှန်းမသိသလို ငြိမ်သက်တိတ်ဆိတ်နေမိသည်။ သူတို့နှစ်ယောက်လုံး အတန်ကြာအောင် နှုတ်ဆိတ်နေပြီးမှ နွဲ့ယိမ်း က စတင်၍ . . .

"အရိုက်ခံရတာ တော်တော်နာလား"

ဟု သတင်းမေးစကား ပြောလေသည်။



www.burmeseclassic.com

wwww.burmeseclassic.com



ထိုအခါမှ သူ တင်ပါးက ဒဏ်ရာကို သတိရမိသည်။

"ကြိမ်လုံးနဲ့အရိုက်ခံရတာ မနာဘဲနေမလား"

သူ မဖြေချင့်ဖြေချင်လေသံနှင့် ပြန်ပြောတော့ နွဲ့ယိမ်းက ခေါင်းငုံ့လျှောက်နေရင်းမှ . . .

"နောက်ဆို ရန်မဖြစ်နဲ့တော့၊ နင်သာ ကျော်စည်သူ့ကို သွားမထိုးရင် အရိုက်ခံရမှာ မဟုတ်ဘူး"

"ခံရပါစေ၊ အဲလိုလုပ်လိုက်ရတာ ကျေနပ်တယ်၊ အဲဒါမှ နောက် မစရဲတော့မှာ"

နွဲ့ယိမ်းက သူ့မျက်နှာကို ငေးနေသည်။

အဲလိုလာကြည့်တော့ သူ ရှက်သလိုလို ခံစားရလေသည်၊ တစ်ခါမှ သူ့ကို အဲလိုတွေတွေငေးငေး ကြည့်တာ မခံရဖူးလို့ မနေတတ်သလိုလည်း ဖြစ်မိ၏။

"နိုင်မြ"

နွဲ့ယိမ်းက သူ့လက်မောင်းကို လာကိုင်ပြီး ခပ်တိုးတိုး





ခေါ်သည်။ သူ ငဲ့ကြည့်တော့ . . .

"အိမ်ရောက်ရင် . . . နင့်ဒဏ်ရာကို ငါ ဆေးလိမ်းပေးမယ်"

ဟု ပြောလေသည်။ သူ နှုတ်ခမ်းကို တင်းတင်းစေ့ထားရင်းမှ ဟက်ခနဲရယ်ချမိ၏။

"တကယ်လိမ်းပေးမှာလား"

"အင်းပေါ့"

"အရိုက်ခံရတာ ဘယ်နေရာ ထင်လို့လဲ"

ပုဆိုးရှည်ရှည်ဝတ်ထားသော သူ့ခြေထောက်တွေဆီ သူမက မျက်လုံးဝေ့ကြည့်သည်။

"ခြေသလုံးမှာ မဟုတ်ဘူးလား"

ယခင်က ပုဆိုးတိုတိုဝတ်သောသူက ယခု ပုဆိုးရှည်ရှည်ချဝတ်ထားတာမို့ အရှိုးတွေကို တမင်ကွယ်ထားသည်ဟု သူမ ထင်



www.burmeseclassic.com

wwww.burmeseclassic.com



နေတာဖြစ်မည်။ သူ နွဲ့ယိမ်းကိုငုံ့ကြည့်ရင်း . . .

"လိမ်းပေးချင် လာလိမ်းပေး၊ အရှိုးကတော့ ခြေသလုံးမှာမဟုတ်ဘူး"

"အမ်"

"ဆရာမက တင်ပါးကို ရိုက်လိုက်တာလေ"

သူ့စကားအဆုံး နွဲ့ယိမ်းက ရှက်ကိုးရှက်ကန်းနှင့် မျက်စောင်းထိုးသည်။

သူမနှုတ်ခမ်းမှာတော့ အပြုံးတစ်စက မပီမပြင် ခိုတွဲနေလေသည်။

အခုတလော နွဲ့ယိမ်း သိပ်ကိုရှက်တတ်နေမှန်း သူ သတိထားလိုက်မိပါသည်။

ပြီးတော့ နွဲ့ယိမ်း ရှက်နေတာ သူမမျက်နှာပုံစံလေးနှင့် တခြားစီဖြစ်မနေဘဲ အလွန်လိုက်ဖက်ကာ ကြည့်ကောင်းနေ၏။





တစ်ခါတလေတော့ နင် သိပ်လှတာပဲဟု သူ ပြောချင်ပါသည်။ နွဲ့ယိမ်းရဲ့ မျက်လုံးတောက်တောက်တွေနှင့် ရင်ဆိုင်တိုးတိုင်း ပြောမထွက်တာက ခက်လှသည်။

ဪ . . . သူငယ်ချင်းလေးရယ်။ ငါ နင့်ကို . . . ပြောမပြတတ်အောင် . . . ။ ။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

## အခန်း(၁၃)

Piano ရှေ့မှာ ထိုင်ရင်း နွဲ့ယိမ်းကိုပြောဖို့မေ့နေတာ သူ သတိရသွားမိသည်။

အတန်းတင်စာမေးပွဲ ဖြေရတော့မှာမို့ စာကိုပဲ အာရုံစိုက်နေရသဖြင့် Piano တီးဖို့ သတိလည်း မရနိုင်။ သတိရ,ရအောင်လည်း တီးမှုမတီးတတ်သေးပဲကိုး။

သူ နွဲ့ယိမ်း စာကျက်သံ မကြားရလျှင် အလိုလိုစိတ်ပူမိ



www.burmeseclassic.com

wwww.burmeseclassic.com



သည်။ အန်တီမေသီတာပင် သူ့လောက် နွဲ့ယိမ်းကို စိတ်ပူရဲ့လား မသိ။

ညညနွဲ့ယိမ်းတို့အိမ်က ဗွီစီဒီဖွင့်ပြီး သီချင်းဆိုနေတာ တယောထိုးနေတာကြားရလျှင် သူ ဘယ်လိုနေလို့မှ မထိတော့ချေ Piano အယောင်ပြပြီး နွဲ့ယိမ်းကို အိမ်ခေါ် စာကျက်ဖို့ တိုက်တွန်း ရအောင်ကလည်း ခုတလော သူ့မက သူ့အိမ်ကို အရင်လို တစွတ် စွတ် မလာတော့ ခေါ်ရမှာ ခက်နေသည်။

ထို့ကြောင့် နွဲ့ယိမ်းတို့အိမ်နှင့်ကပ်နေသော အခန်းတ ခန်းမှာ စာသွားသွားကျက်ရင်း နွဲ့ယိမ်းစာကျက်ဖို့ သတိရလာ အောင် လုပ်ရတော့သည်။

သူ နွဲ့ယိမ်းကို အမှန်တကယ်ပင် စာမေးပွဲအောင်စေ ချင်ပါသည်။ နွဲ့ယိမ်းက ရည်မှန်းချက်ရှိပေမယ့် သူ့လို စာကြိုးစား ပြီး အသက်မွေးဝမ်းကြောင်း တက္ကသိုလ်တစ်ခုခု တက်ဖို့တော့ မဟုတ်ပါ။





သူမ ဖြစ်ချင်တာ အဆိုတော်တစ်ယောက် ဖြစ်သည်။ ခိုင်မြကတော့ နွဲ့ယိမ်းနှင့်အတူတူ ကျောင်းတက်၊ အတူတူဘွဲ့ရပြီး အလုပ်လုပ်လည်း စိတ်တူကိုယ်တူ ဝါသနာတူသာ ဖြစ်ချင်မိ၏။

နွဲ့ယိမ်းကတော့ သည်သို့မဟုတ်ချေ။

"သား . . . သားရေ၊ ခိုင်မြ"

ရုတ်တရက် ထွက်ပေါ်လာသော မေမေ့ခေါ်သံကြောင့် သူ လန့်ဖျတ်လှည့်ကြည့်မိ၏။

ညအိပ်ဝတ်စုံနှင့် အိပ်ရာထဲမှ ဖရိုဖရဲ ထလာဟန်ရှိသော မေမေက ဆံပင်တွေကို ကလစ်ကြီးတစ်ခုနှင့် ဖြစ်သလို ခေါက်တင် လိုက်ကာ အပေါ် ထပ်လှေကားအတိုင်း ကသောကမျော ပြေးဆင်း လာသည်။

"ဘာဖြစ်လို့လဲ မေမေ"

ဖေဖေလည်း မရောက်သေးတာမို့ သူ တစ်ခုခုများလားဟု တွေးပြီး စိုးရိမ်သွားမိသည်။



www.burmeseclassic.com

wwww.burmeseclassic.com



"ဘာဖြစ်ရမလဲကွယ်၊ နွဲ့ယိမ်းတို့အဖေ နယ်ရှိုးပွဲကအပြန်
လမ်းမှာ ကားမှောက်လို့တဲ့၊ အခုပဲ မေမေ့ဆီ ဖုန်းဝင်လာ
တာ၊ မင်းဖေဖေ အလုပ်ကနေ ဖြစ်တဲ့နေရာကို တန်း
လိုက်သွားတယ်၊ ဒုက္ခပါပဲ၊ မေမေ ဘယ်လိုသွားပြော
မလဲ"

မေမေ့စကားကြောင့် သူလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း
မသိအောင် ပူထူသွားမိသည်။

နွဲ့ယိမ်းတို့အိမ်မှာ ဖုန်းရှိပေမယ့် သေသလား၊ ရှင်သလား
မသိရသေးသည့်အပြင် ဆေးရုံတောင် ရောက်မှာမဟုတ်သေးသည့်
အတွက် ဘယ်သူမှ အကြောင်းကြားပေးဦးမည်မဟုတ်ပါ။

သတင်းဆိုးကြီးမို့ မေမေရော၊ သူပါ ဘယ်လိုမှ ပြော
မထွက်နိုင်အောင် ရှိနေမိသည်မှာ အပြစ်တော့ မဟုတ်ချေ။

"သားတို့ ဘယ်လိုလုပ်ကြမလဲ မေမေ၊ ဆေးရုံက
အကြောင်းကြားပေးတဲ့အထိ စောင့်နေကြမလား၊ သ

---

ရွှေပဒေသာစာပေ



ရက်နဲ့ သွားမပြောဘူးဆိုရင် ကောင်းပါ့မလားဟင်"

မေမေ့လက်ကို ဆွဲရင်း စိုးရိမ်ပူပန်စွာ မေးလိုက်တော့
မေမေ့လက်ဖျားတွေ အေးစက်နေတာ သူ သတိထားလိုက်မိသည်။

"မပြောတတ်တော့ဘူး၊ မမေသိတာကို မေမေ အရမ်း
သနားတယ်၊ မေမေတို့တောင် ခုလောက် သွေးပျက်နေ
ရင် သူဆို တစ်ခုခုဖြစ်သွားမှာ၊ မေမေ ဘယ်လိုပြောထွက်
ပါ့မလဲ သားရယ်"

မေမေ့အသံတွေ တုန်လျက် မျက်ရည်ဝဲနေတာမို့ သူပါ
ဝမ်းနည်းသလို ငိုချင်သလို ဖြစ်လာရ၏။

နွဲ့ယိမ်းအဖေ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်တာရော၊ နွဲ့
ယိမ်း ဝမ်းနည်းနာကျင်ရမှာကို ပူပန်မိတာရော ပေါင်းပြီး သူ
အတော်လေး တုန်လှုပ်နေမိသည်။

မေမေက အားမရှိတော့သလို ဆိုဖာပေါ် ခွေခနဲထိုင်ချ
ရင်း . . .

---

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



"ဒုက္ခပါပဲ၊ မေမေ ဘယ်လိုမှ သွားမပြောရက်တော့ဘူး သားရယ်၊ အပြစ်တင်လည်း ခံရမှာပဲ၊ မမေသိတာကို အရမ်းသနားတယ်၊ သူ့ယောက်ျားအတွက် ဘာမှ မလုပ်ပေးနိုင်ဘဲ သူပါ တစ်ခုခုဖြစ်သွားရင် ပိုဆိုးကုန်လိမ့်မယ်"

ဘာပဲဖြစ်ဖြစ် ခိုင်မြကတော့ ယောက်ျားလေးမို့ ငယ်ပေမယ့် အရာရာကို ပြေး၍ ရင်ဆိုင်လိုစိတ်တော့ ရှိပါသည်။

"အရမ်းလည်း စိတ်လျှော့မထားပါနဲ့ဦး မေမေရယ်၊ အန်ကယ်သော်ဇင်လည်း ဘာမှမဖြစ်လောက်ပါဘူး၊ ကားမှောက်တယ်ပဲ သိရသေးတာပဲ၊ သားတို့ သွားမှ ကောင်းမှာ"

BURMESE CLASSIC .com

သူ့စကားကြောင့် မေမေက အတန်ကြာ ငြိမ်သက်စဉ်းစားနေ၏။

"သားပြောတာလည်း ဟုတ်တယ်၊ အိမ်နီးချင်းဆိုလို့ မေမေတို့ပဲ အားကိုးစရာရှိတာ၊ ဆိုးဆိုးကောင်းကောင်း





အတူမျှဝေခံစားမယ်၊ လာ . . . သား၊ မေမေတို့ ဟိုဘက်ခြံ သွားမယ်"

စိတ်ထဲ လေးလံနေပေမယ့် ခြေလှမ်းသွက်သွက်နှင့် မေမေ့လက်ကို ဆွဲလျက် နွဲ့ယိမ်းတို့ခြံဘက် ကူးလာခဲ့၏။

နွဲ့ယိမ်းတို့ခြံဝအရောက်မှာတော့ အိမ်ထဲမှ အော်သံစူးစူးလေး ကြားလိုက်ရတာမို့ သားအမိနှစ်ယောက် နေရာမှာတင် ခြေစုံရပ်လျက် ငြိမ်သက်တောင့်မတ်သွားမိလေသည်။

"သား . . ."

"ဒါ . . . ဒါ နွဲ့ယိမ်းအသံပဲ မေမေ၊ သူတို့ တစ်ခုခုဖြစ်နေပြီ"

စကားအဆုံးမှာတော့ စေ့ရုံစေ့ထားသော ခြံတံခါးကို တွန်းဖွင့်ရင်း ခြံဝင်းထဲသို့ သူ တရှိန်ထိုးပြေးဝင်သွားလိုက်သည်။ သူ့နောက်မှာ မေမေလည်း အပြေးတစ်ပိုင်း ပါလာသည်။

"နွဲ့ယိမ်း . . . နွဲ့ယိမ်း၊ တံခါးဖွင့်ဦး"



www.burmeseclassic.com

wwww.burmeseclassic.com



အပြင်သံဆွဲတံခါးကို အတင်းလှုပ်ယမ်း၍ သူ ခေါ်တော့ အိမ်ထဲမှ နွဲ့ယိမ်း ပြေးလာသည်။

"ခိုင်မြဲ"

"သမီး . . . အန်တီတို့ပါ၊ တံခါးဖွင့်ပေးဦး"

နွဲ့ယိမ်းက တိုင်မှာ ချိတ်ထားသော သော့တွဲလေးကို ပြေးယူပြီး တံခါးဖွင့်ပေးသည်။

"အန်တီ . . . မေမေ ဖုန်းပြောရင်း မူးလဲသွားလို့၊ လုပ်ပါဦး"

BURMESE CLASSIC .com

"ဟင် . . . ဟုတ်လား"

မေမေရော သူပါ အိမ်ထဲသို့ အလောတကြီးပြေးဝင်သွားတော့ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာ ခွေလဲနေသော နွဲ့ယိမ်းမေမေ အန်တီမေသီတာကို တွေ့လိုက်ရ၏။

"မမေသီတာ၊ မမေသီတာ၊ သမီး ရှုဆေးဘူးနဲ့ သွေးဆေး ယူခဲ့"





"ဟုတ်ကဲ့"

မေမေက အန်တီမေသီတာ သတိရလာအောင် ပြုစုနေဆဲ။ သူနှင့် နွဲ့ယိမ်းက ဘေးမှာရပ်၍ မျက်နှာငယ်လေးတွေနှင့် ငေးနေမိ၏။

ခဏနေတော့ အန်တီမေသီတာ သတိရလာသည်။

"ငြိမ်းငြိမ်း . . . ငြိမ်းငြိမ်း ရောက်နေတာကိုး"

ဟု အသံတုန်တုန်နှင့် ရေရွတ်ပြီး သူနှင့် နွဲ့ယိမ်းကို တစ်ချက်လှမ်းကြည့်သည်။

ထို့နောက် တဆတ်ဆတ်တုန်နေသောလက်တွေနှင့် မေမေ့ကို သိုင်းဖက်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

"မေမေ . . . ဘာဖြစ်လို့လဲ မေမေရယ်"

နွဲ့ယိမ်းက သူ့အမေဘေးမှာ ဒူးထောက်ထိုင်ချပြီး စိုးရိမ်တကြီး မေးသည်။

"ငြိမ်းငြိမ်း . . . ကိုယ်တို့သားအမိတော့ ဒုက္ခရောက်ပါပြီ



www.burmeseclassic.com

wwww.burmeseclassic.com



ကွယ်၊ သမီးရဲ့အဖေ ကားအက်ဆီးဒင့်နဲ့ ဆေးရုံမှာ ဆုံး သွားပြီတဲ့"

"ဟင်"

အာမေဋိတ်သံတွေက ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာသည်။ ရုတ်တရက်မို့ လက်မခံနိုင်ဟန်နှင့် ကြောင်တက်တက်လေး ဖြစ်နေသော နွဲ့ယိမ်းရဲ့ လက်ကလေးတစ်ဖက်ကို သူ ဆုပ်ညှစ်အားပေးလိုက်သည်တွင် အင့်ခနဲရှိုက်သံလေးနှင့်အတူ သားအမိနှစ်ယောက်လုံး မျက်ရည်မိုးတွေ အပြိုင်အဆိုင် သွန်းဖြိုးကျလာလေတော့၏။

BURMESE CLASSIC .com

နှစ်သိမ့်ချော့မော့စရာ စကားရှာမတွေ့သည့်အဆုံး မေမေက အန်တီမေသီတာကို တင်းကျပ်စွာဖက်၍ ရောယောင် ငိုသည်။

နွဲ့ယိမ်းက မေမေ့ပေါင်ပေါ် မျက်နှာအပ်ရင်း သူ့လက်ကို တင်းတင်းဆုပ်ထားကာ တအင့်အင့် ရှိုက်ငိုသည်။

---

ရွှေပဒေသာစာပေ



နိုင်မြ ကိုယ့်ပါးကိုယ် စမ်းမိတော့ မျက်ရည်တွေနှင့် စေးကပ် စိုစွတ်နေတာ သိလိုက်ရ၏။

ထိုနေ့ညက သူမတို့သားအမိနှင့်အတူ နိုင်မြတို့သားအမိပါ မျက်ရည်ခမ်းမတတ် ငိုခဲ့ရလေသည်။ ထိုအခါကျမှပင် နွဲ့ယိမ်းဝမ်းသာလျှင် သူပါ ပျော်နေတတ်ပြီး နွဲ့ယိမ်း ဝမ်းနည်းသောအခါ သူပါ အလိုအလျောက် မျက်ရည်ကျနိုင်ကြောင်း နိုင်မြ သိခွင့်ရခဲ့၏။

ဘယ်အချိန်ကတည်းက သူ့စိတ်က နွဲ့ယိမ်းဝိညာဉ်မှာ ထပ်တူ တွယ်ငြိမိနေသလဲဆိုတာတော့ မည်သို့မှမသိနိုင်ပါချေ။

သေချာတာကတော့ နွဲ့ယိမ်းမျက်ရည်ဟာ သူ့ရင်ကို ပူလောင်ကျွမ်းနိုင်ခြင်းပင်ဖြစ်၏။

➤ ➤ ➤

---

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၁၄)

Band master တစ်ယောက်ဖြစ်သလို composer တစ်ယောက်အဖြစ် ထူးချွန်ထင်ရှားစွာ ရပ်တည်ခဲ့သည့် ဦးသော်ဇင်ကွယ်လွန်ခဲ့ခြင်းဟာ အနုပညာလောကအတွက် ကြယ်တစ်ပွင့်ဆုံးရှုံးရခြင်းဖြစ်သလို နွဲ့ယိမ်းတို့သားအမိအတွက်တော့ ရွှေတောင်ကြီး ပြိုသွားခြင်းပင်။

သားအမိနှစ်ယောက်လုံး ဘာစီးပွားရေးလုပ်ငန်းမှ မရှိ

wwww.burmeseclassic.com



ဘဲ တစ်သက်လုံး ခင်ပွန်းဖြစ်သူ၏ဝင်ငွေဖြင့်သာ ရပ်တည်ခဲ့ပြီး ယခုလိုအဖြစ်မျိုး ကြုံရသည့်အခါ ဒေါ်မေသီတာမှာ အရှုံးမီးပိုင် ဖြစ်ရသည်။

ထူးထူးခြားခြား ပြောင်းလဲသွားတာကတော့ နွဲ့ယိမ်းဖြစ် သည်။

"ဒီတစ်ခေါက် ဖေဖေ သွားတော့ ငါ့စိတ်ထဲမှာ လေး တယ် သိလား၊ တစ်ခါမှ ငါ့ကို စာမကျက်ခိုင်းဖူးတဲ့ဖေ က ငါ့ကို စာကျက်ခိုင်းတယ်၊ နယ်မသွားခင် ငါ သင်ချ တဲ့ Classic သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် တက်ပေ သွားတာ၊ ပြီးတော့ ပြောသေးတယ်၊ တယောချည်း ကို မနေနဲ့တဲ့၊ စာလည်းကျက်တဲ့၊ အနုပညာအလုပ် လု လည်း စာက မဖြစ်မနေ သင်ထား၊ တတ်ထားရမယ် လေ၊ အဲဒါ နောက်ဆုံးခွဲခွာခါနီးမို့ မှာနေတယ်လို့ လုံး မထင်ထားမိပေမယ့် စိတ်ထဲမှာ ထူးဆန်းနေတာတော့





အမှန်ပဲ"

နွဲ့ယိမ်း မျက်ရည်တွေဝဲလျက် ပြောပြတဲ့စကားတွေ နား ထောင်ရင်း သူ့ရင်ထဲ တလှိုက်လှိုက် ဝမ်းနည်းလာခဲ့သည်။ သူ့ အဖေ ပြန်လာရင် Piano သင်ခိုင်းမယ်လို့ စိတ်ထဲ တေးထားမိတဲ့ အကြောင်းတွေ သူမ စိတ်မကောင်းပိုဖြစ်သွားမှာစိုးကာ ဖွင့်မပြော ဖြစ်တော့ချေ။

"အဲဒါဆိုလည်း နင့်အဖေစကားကို နားထောင်တဲ့အနေနဲ့ နင် စာကြိုးစားနော်၊ နင်က အနုပညာပါရမီရှိတယ်၊ မျိုးရိုး ဗီဇလည်း ပါတယ်၊ နင်ဖြစ်ချင်တဲ့ ဘဝမျိုး ဖြစ်လာမှာပါ၊ ဒါပေမဲ့ ခုချိန်က စာကြိုးစားရမယ့်အရွယ်ပဲ၊ နင် စာကို အာရုံစိုက်တော့နော်"

ဒီတစ်ခါတော့ သူ့စကားကို လုံးဝမကန့်ကွက်ဘဲ နွဲ့ယိမ်း ပြုံးလျက် ခေါင်းညိတ်လေသည်။

"စိတ်ချပါ၊ ငါ ဆယ်တန်း အောင်အောင်ဖြေမယ်၊ ဆယ်



www.burmeseclassic.com

wwww.burmeseclassic.com



တန်း စာမေးပွဲကြီး မပြီးမချင်း တယောကို လုံးဝမကိုင်ဘူး၊ တယောကိုင်ရင် ငါ့ဖေဖေကို သတိရပြီး ဝမ်းနည်းရလိမ့်မယ်၊ နင့်ကို ကတိပေးတယ် ခိုင်မြ၊ ငါ ဒီနေ့ကစပြီး စာကြိုးစားတော့မယ်"

သူ ဝမ်းသာလွန်းလို့ ဟေးခနဲအော်ကာ ထခုန်ပစ်ချင်စိတ်ပင် ပေါက်သွားရသည်။ အလေးအနက်စကားတွေကို တည်ကြည်ငြိမ်သက်စွာ ပြောနေသော နွဲ့ယိမ်းမျက်နှာလေးကို ကြည့်ပြီး သူ့ရင်ထဲ တစ်မျိုးပင် ခံစားမိ၏။

"ငါ ဝမ်းသာလိုက်တာ နွဲ့ယိမ်းရာ၊ ဘယ်လိုဝမ်းသာမှန်းကို မသိဘူး၊ ဒါ အရှုံးထဲက အမြတ်ပဲလို့ ငါ ထင်တယ်၊ နင် ခုလိုလိမ္မာလာတာ မြင်တော့ ငါ မလေးစားဘဲ မနေနိုင်တော့ဘူး"

"ဟင် . . . နင့်စကားကြီးကလည်း၊ ငါက အရင်က ဆိုးသွမ်း မိုက်မဲနေတာကျနေတာပဲ"





"အဲလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူးဟာ၊ နင်က အရင်တုန်းက သီချင်းဆိုတာနဲ့ တယောထိုးတာကလွဲရင် ကျန်တာ စိတ်မဝင်စားဘူးမှတ်လား၊ စာကျက်ရမှာလည်း ပျင်းတယ်လေ၊ ခု နင် စာကြိုးစားတော့မယ်ဆိုတော့ လိမ္မာလာတာပေါ့၊ မဟုတ်ဘူးလား"

နွဲ့ယိမ်းက မျက်ရည်ဝဲနေရင်းမှ မျက်စောင်းလှည့်ထိုးသည်။

နီရဲမို့အစ်နေသော အဝိုင်းမျက်နှာလေးက တစ်မျိုးကြည့်ကောင်းကာ ကရုဏာသက် ချစ်မြတ်နိုးဖွယ်ပင်တည်း။

သူ ဘယ်လိုမှ မနေနိုင်စွာ သူမ မျက်ဝန်းထောင့်မှ မျက်ရည်စတွေကို လက်ညှိုးလေးနှင့် တို့သုတ်ပေးလိုက်တော့ သူမက မျက်လွှာချထားရင်း ငြိမ်သက်နေ၏။

"နွဲ့ယိမ်း"



www.burmeseclassic.com

wwww.burmeseclassic.com



"ဘာလဲ"

"ငါ့ကို တစ်ခုကတိပေးဦး"

"ဘာကတိလဲ"

"ဟို . . . ဆယ်တန်းစာမေးပွဲ မပြီးမချင်း အလှမပြင်ပါ
ဘူးဆိုတဲ့ကတိ"

ပြောမယ့်သာ ပြောရသည်။ နွဲ့ယိမ်းက မပြင်ဘဲ လှနေ
တာမျိုးဆိုတော့ တစ်နေ့တခြား ပိုလှလာတဲ့ နွဲ့ယိမ်းကို ကြိုက်တဲ့
ကောင်တွေ ပေါ်လာဦးမှာပင်။

"ဘာဖြစ်လို့ အဲ့ကတိတောင်းတာလဲ၊ နင်က ငါလှတာ
မနာလိုလို့လား"

"အာ . . . သွားစမ်းပါ၊ ငါက အခြောက်ကြီးမှ မဟုတ်
တာ၊ ဘာကိစ္စ မနာလိုဖြစ်ရမှာလဲ၊ နင့်ကို လိုက်ကြိုက်တဲ့
သူတွေ ပိုများလာမှာစိုးလို့ဟ၊ သိပြီလား"

ဇွေပဒေသာစာပေ



နွဲ့ယိမ်းက ပြုံးနေရင်းမှ မျက်စောင်းရွယ်ပြန်သည်။

"အဲဒါဆို နင်လည်း ရန်မဖြစ်ပါဘူးဆိုတဲ့ကတိ ပေး"

"အဲ့ကတိက နင့်အပေါ် မူတည်တယ်၊ နင့်ကို ရုတ်ရုတ်
ရုတ်ရုတ်လာလုပ်ရင် ငါက ဖိုက်ပြီးသားပဲ"

"ဟွန်း . . . နင့်ကို အဲဒါတွေ အမြင်ကပ်တာ၊ ထစ်ခနဲရှိ
ရန်ဖြစ်ဖို့ပဲ၊ သိပ်သတ္တိတွေ ကောင်းနေတယ်ဟုတ်လား"

"ငါက ရန်မဖြစ်ချင်ပါဘူး၊ နင့်ကြောင့်မို့"

"တော်ပါ . . . စာကိုပဲ အာရုံစိုက်မယ်ဆို အဲ့ကိစ္စတွေ
အလိုလို ဘေးရောက်သွားမှာ၊ တွေးပူမနေနဲ့၊ ဆယ်တန်း
ရောက်ရင် စာတွေက များလာပြီ၊ အဲ့ကိစ္စတွေအတွက်
အချိန်ပေးလို့ မရတော့ဘူး"

"ဟုတ်ကဲ့ ဆရာမ၊ ကျွန်တော် မှတ်ထားပါ့မယ်"

သူ့စကားအဆုံး နွဲ့ယိမ်းက သူ့လက်မောင်းကို လှမ်းထု

ဇွေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



သည်။ နွဲ့ယိမ်းရဲ့ လက်သီးဆုပ်လေးကို ဖျတ်ခနဲ ဖမ်းဆွဲရင်း သူ ရယ်မောမိ၏။

အလိုလိုနေရင်း မြူးနေသောစိတ်က တစ်ခါတစ်ရံ လွတ်ထွက်သွားတော့မလိုရှိသည်။

"နွဲ့ယိမ်း"

"ဘာလဲ"

သူ့ခေါ်သံက တိုးပေမယ့် နွဲ့ယိမ်းအသံက ခပ်ဆတ်ဆတ်လေးမို့ နည်းနည်းတော့ တွန့်သွားမိ၏။

"ငါလေ . . . နင်က လွဲပြီး . . ."

"ဟယ် . . . ခုမှ သတိရတယ်၊ ငါ့ကို အန်တီငြိမ်း ခေါ်ထားတယ်၊ ဘာကျွေးမလို့လည်း မသိဘူး"

နွဲ့ယိမ်းက ထိုင်ရာမှ အတင်းကုန်းထတာမို့ သူ ဖျတ်ခနဲ လှမ်းဆွဲထားလိုက်သည်။ နွဲ့ယိမ်းက ဆွဲထားသည့်လက်ကို မရုန်းဘဲ





ခပ်တည်တည် ငုံ့ကြည့်၏။

"ငါ နင့်ကိုပဲ ခင်တယ်ဆိုတာ ပြောမလို့"

"သိသားပဲ"

ပြောပြီး သူမ ရယ်တော့ သူ မရယ်ဘဲ ခပ်တည်တည် ပြန်ကြည့်နေလိုက်လေသည်။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၁၅)

ဆယ်တန်းနှစ် အရောက်မှာတော့ နွဲ့ယိမ်း တကယ်ကို ပုံစံပြောင်းသွားခဲ့ပါသည်။

ပုံစံပြောင်းသည်ဆိုတာထက် အချိုးပြောင်းသည်ဟုဆိုလျှင် ပိုမှန်မည်ထင်၏။ သူမ စာကျက်ဖို့ တိုက်တွန်းရသော အလုပ်တစ်ခု နိုင်မြမှာ လျော့သွားပေမယ့် အပျိုကြီးဖားဖားဖြစ်ခဲ့သော နွဲ့ယိမ်းကို တခြားကောင်ကလေးတွေ မနှောင့်ယှက်နိုင်အောင်



www.burmeseclassic.com

wwww.burmeseclassic.com



တကောက်ကောက် လိုက်စောင့်ရှောက်၊ ကာကွယ်ပေးရသော အလုပ်တော့ ပိုလာပါသည်။

နွဲ့ယိမ်းကတော့ သူမစကားအတိုင်း အနေအထိုင်မှန်ခဲ့သည်။ ခိုင်မြဲအတွက် စိတ်မချရတာက သက်သက်ဖြစ်နေတာမို့ သူမကိုသတိထားစောင့်ကြည့်ရတာ ဘဝပေးတာဝန်တစ်ခုလိုပင်။

နွဲ့ယိမ်းအဖေ ဆုံးသွားပြီးကတည်းက အန်တီမေသီတာရော၊ နွဲ့ယိမ်းပါ ခိုင်မြဲတို့မိသားစုကို ပိုပြီး အားကိုးလာခဲ့သလို တစ်မိသားစုနှင့် တစ်မိသားစု ရင်းနှီးကျွမ်းဝင်မှုက ဆွေမျိုးရင်းချာတွေထက်ပင် ပိုလာသည်။

ခိုင်မြဲနှင့် နွဲ့ယိမ်းဆိုလျှင် တစ်ယောက်တည်း ခွဲမြင်လို့မရသည်အထိ နေရာတကာ အတူတူတွေ့ရတတ်၏။ နှစ်ယောက်လုံးက တစ်ကောင်ကြွက် ဥတစ်လုံးတွေမို့ ပိုပြီး တွယ်တာမိတာလည်း ပါသည်။

ယောကျ်ားလေးဖြစ်တဲ့ ခိုင်မြဲက နေရာတကာ ဦးဆောင်





သူ ဖြစ်တတ်ပေမယ့် အသက်ကျတော့ နွဲ့ယိမ်းက လပိုင်းပင် ကြီးသေးသည်။ ထို့ကြောင့်လည်း တစ်ခုခုအကြောင်းတိုက်ဆိုင်တိုင်း နွဲ့ယိမ်းက . . .

"ဟိတ် . . . ငါက နင့်ထက် အသက်ကြီးတယ်နော်၊ အစကတည်းက ငါ့ကို မမလို့ခေါ်အောင် သင်ပေးထားရမှာ" ဟု ပြောတတ်လေသည်။

နွဲ့ယိမ်းထံမှ ထိုစကားမျိုးကြားရလျှင် သူ မရယ်ဘဲ မနေနိုင်။

"နင်က ဘာရယ်တာလဲ"

"နင့်ကို မမ ခေါ်ရမယ် ဆိုလို့ပါ"

ခိုင်မြဲက သူ့ထက် ခေါင်းတစ်လုံးစာ ပိုနိမ့်သော နွဲ့ယိမ်းကို တမင်ငုံ့ကြည့်ပြီး လှောင်သလို ပြောလိုက်သည့်အခါ . . .

"မဟုတ်တာ ပြောလို့လား၊ နင်က ငါ့ထက် နှစ်လငယ်တယ်"



www.burmeseclassic.com

wwww.burmeseclassic.com



"မမတဲ့၊ မမလုပ်မယ့်လူက ငါ့ကိုတောင် ပြန်မော့ကြည့်နေရတယ်၊ ဟား ဟား . . . ရယ်စရာကြီး"

"အံမယ် . . . ငါက မိန်းကလေးမို့ နင့်ထက်အရပ်နိမ့်တာပါနော်"

"ပုတာပါဟာ၊ နင်က အရပ်ပုတာ"

"မပုပါဘူး၊ ငါးပေသုံးဆိုတာ ပုတာမှ မဟုတ်တာ၊ နင့်ထက် နိမ့်တာပဲရှိတာ"

"အပိုတွေ မပြောနဲ့၊ ပုရင် ပုတယ်ပေါ့ဟာ၊ ငါတို့အခန်းထဲက ခင်ဇာနည်ထွန်းတို့၊ ညိုမီသိမ့်တို့ဆို အရပ်ကြီးတွေ အရှည်ကြီးပဲ၊ နင်က ပုကိုပုတာ"

သူ့စကားအဆုံး နွဲ့ယိမ်းက နှုတ်ခမ်းကိုဖိကိုက်ရင်း ကျောကို ဘုန်းခနဲထုပစ်သည်။

"ငါ့ကို အုန်းပင်လောက် ဟာတွေနဲ့ နှိုင်းတယ်ပေါ့၊ ဟုတ်လား၊ ကဲ . . . နှိုင်းဦးဟယ်၊ အဲဒါ ပုတယ်ပြောချင်ဦး"





ခိုင်မြဲ ခါးတွေကော့တွန့်လိမ်လျက် အော်ရယ်မိ၏။

"ဟား ဟား . . . လူပုစိတ်တို၊ ခွေးပုရန်လိုတဲ့၊ သိပ်မှန်တဲ့ စကားပဲ"

"ခိုင်မြဲနော် . . . နင်"

"အား . . . သေပြီ၊ နွဲ့ယိမ်း တကယ်ထုတယ်ကွာ"

"ထုပါတယ်ဆိုမှ တမင်စ,ပြီး ထုရမှာလားဟဲ့၊ နာအောင်ထုမှာပေါ့"

"ငါတို့အခန်းထဲက ကောင်မလေးတွေဆို ဝါ စရင် ဘယ်တော့မှ နာအောင်ပြန်မထုဘူး၊ နင့်ကျမှ အမဲဖျက်တာ ကျနေတာပဲ"

"ဩော် . . . ဟုတ်လား"

နွဲ့ယိမ်းရဲ့ ရွယ်ထားတဲ့လက်က ဖျတ်ခနဲ ပြန်ကျုတ်ကျသွားသည်။ တလက်လက် တောက်နေသော သူ့မျက်လုံးထဲက အဓိပ္ပာယ်တွေကို ခိုင်မြဲ ရုတ်တရက်တော့ နားမလည်နိုင်ချေ။ နွဲ့

wwww.burmeseclassic.com



ယိမ်းကို စိတ်ဆိုးအောင် စကားမျိုးစုံနှင့် စ,နောက်နေကျဖြစ်ပေမယ့် တခြားကောင်မလေးတွေနှင့်တော့ နှိုင်းယှဉ်ပြီး မစဖူးပါ။

နွဲ့ယိမ်းက ဘာမှမပြောတော့ဘဲ သူ့မျက်နှာကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေသည်။ နွဲ့ယိမ်း စိတ်ဆိုး စိတ်ကောက်သွားလျှင် ပျော်နေတတ်သော ခိုင်မြကတော့ သူ့စကားရဲ့ထိရောက်မှုကြောင့် ပြုံးစေ့စေ့ ဖြစ်နေမိ၏။

"အဟဲ . . . တကယ်ပြောတာ၊ (အေ)ခန်းက ကောင်မလေးတွေက နင့်လို ဒေါသမကြီးဘူး၊ သဘောလည်း ကောင်းတယ်"

"ဟုတ်ပါတယ်၊ ရုပ်လည်း ချောတယ်၊ စာလည်း တော်တယ်၊ ပိုက်ဆံလည်း ချမ်းသာတယ်၊ ဟုတ်တယ်မှုတ်လား"

"ဒါပေါ့ . . . ဒါပေါ့"

သူ မျက်ခုံးပင့်လျက် ရွှတ်နောက်နောက်လေး ထောက်ခံ





လိုက်သည်တွင် နွဲ့ယိမ်းက ထိုင်နေရာမှ ဝုန်းခနဲထရပ်သည်။

"အဲဒါဆို . . . သူတို့နဲ့ပဲ သွားပေါင်း၊ ငါ့ကို လာမခေါ်နဲ့၊ နင်တို့က ကိုးတန်းထဲက အခန်းတူတူပဲ၊ သူတို့တက်တဲ့ ကျူရှင်မှာ သွားတက်၊ သူတို့နဲ့ တစ်ပိုင်းတည်း စာသွားကျက်၊ ငါ့လို စာညံ့ပြီး စိတ်ပုတ်တဲ့လူနဲ့ အပေါင်းအသင်း မလုပ်နဲ့၊ လာမခေါ်နဲ့၊ ဟုတ်ပြီလား"

နွဲ့ယိမ်းက စာကြည့်စားပွဲပေါ်မှ သူမစာအုပ်တွေကို တရကြမ်း စုသိမ်းပြီး အိမ်ပြန်ဖို့ပြင်သည်။

အိမ်နေရင်း စပန့်ဂါဝန်ဝဲဝဲလေးနှင့် ဆံပင်ရှည်တွေကို ဖြစ်သလို စုချည်ထားသော နွဲ့ယိမ်းပုံစံလေးက ဒေါသထွက်နေတာ ရယ်စရာမို့ သူ ခဏတော့ ငြိမ်သက်ကြည့်နေမိသည်။

နွဲ့ယိမ်း စာအုပ်တွေ အကုန်သိမ်းပွေ့ပြီး အခန်းထဲက ထွက်သွားဖို့အလုပ်မှာတော့ သူ ခုံပေါ်က ကမန်းကတန်း ထပြီး သူမရှေ့က အရင်ကြိုပြေးကာ တံခါးကို ကျောပေးလျက် ကာထား



www.burmeseclassic.com

wwww.burmeseclassic.com



လိုက်သည်။

"ဘယ်သွားမလို့လဲ၊ စာကျက်ချိန် မပြည့်ဘဲ မပြန်ရဘူး လေ"

"ပြန်မယ်၊ နောက်နေ့လည်း နင်နဲ့ စာလာမကျက်တော့ဘူး၊ တွက်စာလည်း ရှင်းပြစရာမလိုဘူး၊ ငါ့အိမ်မှာ ငါ ကျက်မယ်၊ ဘေးဖယ်"

"မဖယ်ဘူး"

ခိုင်မြက နိုင်ငံခြားရုပ်ရှင်ကားတွေထဲက မင်းသားဒီဇိုင်းနှင့် လက်နှစ်ဖက် ဖြန့်လျက် ပုခုံးတွန့်ကာ မျက်ခုံးတွေပင့်၊ ခေါင်းကို ဟိုဘက်ဒီဘက် စောင်းငဲ့ပြီး မထီတထီအမူအရာ လုပ်ပြသည်ကို သူမက နှုတ်ခမ်းစူစူနှင့် စိုက်ကြည့်နေ၏။

"ဖယ်လို့ပြောနေတယ်နော်"

"မဖယ်ဘူး"

လက်ပိုက်လျက် ခေါင်းကို ရှေ့ငိုက်ကာ သူမမျက်နှာနား





ကပ်သွားပြီး တစ်ခွန်းချင်း ပြောလိုက်လျှင် နွဲ့ယိမ်းပုံစံက ပိုပြီး ဒေါသထွက်သွားဟန်နှင့် နောက်ကို ခြေတစ်လှမ်း ဆုတ်သွားကာ အံကြိတ်ကြည့်နေလေသည်။

"နင်သေတော့မယ်နော် ခိုင်မြ"

"ဟုတ်လား"

"ငါ အိမ်ပြန်မလို့ ဖယ်ခိုင်းနေတာ နင် နားမပါဘူးလား"

"စာကျက်ချိန်အတွင်း အိမ်မပြန်ရဘူးဆိုတာရော နင် နားမလည်ဘူးလား"

"ခိုင်မြ"

နွဲ့ယိမ်း စိတ်မရှည်တော့။ ကြမ်းကို ခြေတစ်ချက် ဆောင့်ရင်း ခပ်စူးစူးအော်သည်။

"ရှူး . . . တိုးတိုး၊ မေမေ နေမကောင်းဘူး၊ နင်သိတယ်နော်"

ခိုင်မြက နှုတ်ခမ်းရှေ့မှာ လက်ညှိုး[illegible]ကပ်ရင်း မျက်လုံး



www.burmeseclassic.com

wwww.burmeseclassic.com



ပြုံးပြလျက် သူမကိုလက်ညှိုးထိုးကာ သတိပေးသလို ပြောလိုက် သည်တွင် နွဲ့ယိမ်း သက်ပြင်းကို ဆောင့်ခနဲချမိ၏။

"ဘာဖြစ်လဲ အဲဒါ၊ နင် အေးအေးဆေးဆေး ဘေးဖယ်ပေ ပါလား၊ ငါ့ဘာသာ ဒီမှာစာမကျက်ချင်လို့ ပြန်မယ့်ဟာ နင် ဆရာလုပ်နေစရာအကြောင်းမရှိဘူး"

"မနက်ဖြန် Chemistry မေးခွန်းဟောင်းတွေ စစ်မှာ နင် သိတယ်နော်"

"နင် မရှုပ်နဲ့၊ နင့်ကိုယ်နင် စာလေးတော်တယ်ဆိုပြီး ငါ့ ကို နေရာတကာ ဆရာမလုပ်နဲ့၊ နောက်နေ့လည်း မလုပ် နဲ့တော့၊ နင်နဲ့စာမကျက်တော့ဘူး"

"ဟာ . . . ဟော့၊ နွဲ့ယိမ်း၊ နင် ငါ့ကို ဗလိုင်းကြီး စွတ်ကော နေတာနော်၊ ငါ ဘာမှမပြောဘဲနဲ့"

"မပြောဘဲနေမလား၊ ခုနပြောတယ်၊ (အေ)ခန်းက ကောင်မတွေအကြောင်း နင် ပြောတယ်၊ နင် သူတို့ကို





ကြိုက်နေတယ်မှတ်လား၊ နင့်အကြောင်း မသိရင် ခက် မယ်"

နွဲ့ယိမ်းစကားကြောင့် ခိုင်မြဲ ပါးစပ်အဟောင်းသားဖြစ် သွားသည်။

"ဟေး . . . နင် ပေါက်ကရတွေမပြောနဲ့"

"ဘာ ပေါက်ကရလဲ၊ နင့်အကြောင်းတွေ မသိချင်မှ အဆုံး၊ ငါ့ကျတော့ ဟိုလိုမနေနဲ့၊ ဒီလူနဲ့ မခေါ်နဲ့၊ လျှောက် ပိတ်ပြီး နင်ကမှ ကောင်မလေးတွေကို ကြောင်ချင်နေ တာ"

"နင်က ဘယ်လိုလုပ်သိလဲ"

"အံမာ . . . ငါက အ,အလား၊ နင့်မျက်နှာကြည့်တာနဲ့ သိတယ်၊ ရုပ်ကိုက"

"ငါ့မျက်နှာ . . . "

ခိုင်မြဲ ရယ်ချင်ပက်ကျိနှင့် ကိုယ့်မျက်နှာကို ပြန်စမ်းကြည့်



www.burmeseclassic.com

wwww.burmeseclassic.com



"ဟုတ်တယ်၊ နင့်မျက်နှာ ပြီတီတီ စပ်ဖြဲဖြဲနဲ့ ရည်းစား ထားချင်နေတဲ့ရုပ်"

"စွပ်စွဲလှချည်လား၊ ငါ့ကိုယ်ငါတောင် ဘာဖြစ်နေမှန်း မသိရဘူး"

"အပိုတွေ မပြောနဲ့၊ ဖယ် . . . ငါပြန်မယ်"

နွဲ့ယိမ်းက ငြိမ်သက်အငိုက်မိနေသော သူ့ပုခုံးကို တွန်း ဖယ်ပြီး တံခါးလက်ကိုင်ဘုကို လက်လှမ်းသည်။

"ဟိတ် . . . နေဦး"

နိုင်မြ တံခါးဖွင့်လုဖွင့်ခင် လုပ်နေတဲ့ နွဲ့ယိမ်းလက်ကို လှမ်းဆွဲပြီး သူ့ဘက် ဆွဲလှည့်လိုက်တော့ အရှိန်မထိန်းနိုင်တဲ့ သူ့ လက်က နွဲ့ယိမ်းပုခုံးပေါ်က ကျော်ပြီး တံခါးကို သွားထောက်မိကာ သူမမျက်နှာက သူ့ရင်ဘတ်မှာ အပ်မိသွားသည်။

"ဆောရီး . . ."

ရွှေပစေသောစာပေ



"အ. . ."

"အဲ . . ."

ဆွဲချုပ်ထားတဲ့လက်ကို မလွှတ်သေးဘဲ နွဲ့ယိမ်းကို ငုံ့ အကြည့် ရုတ်တရက် မော့လာတဲ့ သူမမျက်နှာနှင့် သူ့မျက်နှာက ဘယ်လိုမှရှောင်မရဘဲ သွားတိုးမိသည်။

သွားပြီ . . . နွဲ့ယိမ်းရေ။

ကိုယ့်ဒေါသနဲ့ကိုယ်ပဲလို့သာ စိတ်ထဲက ဘ,လိုက်နိုင် သည်။

လန့်ဖျတ်အသက်အောင့်ထားပြီး ပြန်းခနဲ သတိရလာ တော့ နွဲ့ယိမ်းက သူ့ရင်ဘတ်ကို အရှိန်နှင့် ဆောင့်တွန်းလိုက်တာ မို့ သူ ဘယ်လိုမှမထိန်းနိုင်ဘဲ နောက်ကို လဲကျသွား၏။

"ဒုန်း . . ."

"အား . . . သေပြီ"

"နည်းတောင် နည်းသေးတယ်"

ရွှေပစေသောစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



သူ လဲကျနေရာမှ မထနိုင်သေးခင် သူမက အခန်းထဲမှ ထွက်ကာ တံခါးကို ဝုန်းခနဲပြန်ဆောင့်ပိတ်သွားသည်။

သူ ကမန်းကတန်း ကုန်းထပြီး ဝရံတာကို ပြေးထွက်ကြည့်တော့ အိမ်ထဲမှ ဘောက်ဆတ်ဆတ် ထွက်သွားသော နွဲ့ယိမ်းကို တွေ့လိုက်ရ၏။

"ဟေး . . ."

နွဲ့ယိမ်းက သူ့ကိုမော့ကြည့်သည်။ ဘာလဲဆိုတဲ့ပုံစံနဲ့ ပေ စောင်းစောင်းမော့ကြည့်နေသော သူမကိုကြည့်ပြီး သူရယ်ချင် သွား၏။

"ဘာမှမဟုတ်ဘူး၊ မနက်ဖြန် စာမေးပွဲ မမေ့နဲ့လို့ ပြော မလို့"

သူမက မျက်စောင်းထိုးကာ ခပ်သုတ်သုတ်လျှောက်သွား တော့ တဒိတ်ဒိတ်ခုန်နေသည့် သူ့ရင်ဘတ် သူပြန်စမ်းရင်း ပြုံး လိုက်မိသည်။





သူဝတ်ထားတဲ့ တီရှပ်အစိမ်းရင့်ရင့်ပေါ်က အနက်ရောင် စာတစ်ကာပေါ်မှာ နွဲ့ယိမ်းပါးက သနပ်ခါးမှုန်တွေ ကပ်ငြိကျန်ခဲ့ တာ တွေ့တော့ သူ ဝမ်းသာအားရ ဆွဲယူငုံ့နမ်းပစ်လိုက်၏။

ထိုညက နွဲ့ယိမ်း ကိုယ်သင်းနံ့လေး ရနေသော တီရှပ် အစိမ်းကို ညအိပ်ဝတ်စုံနှင့်မလဲဘဲ အိပ်လိုက်သည်။

သူ တကယ်ပဲ အိပ်မက်လှလှမက်ပါသည်။ အိပ်မက်ထဲ မှာ နွဲ့ယိမ်းက သူ့လည်ပင်းကို သိုင်းဖက်၍ သူ့နဖူးကို နှုတ်ခမ်းနှင့် ထိကာ နမ်းလိုက်သည်တဲ့။

လန့်နိုးတဲ့အထိ ရင်ခုန်တာ မပြေသေးချေ။ ထိုအိပ်မက် မှီး နောက်ထပ်မက်လေဦးမလားဟူသော မျှော်လင့်ချက်နှင့် ပြန် အိပ်သော်လည်း တကယ်တမ်း ထပ်မက်သည့်အိပ်မက်ကတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေနေရသည်ဟူ၏။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၁၆)

“ဘယ်လိုလဲ၊ ဖြေနိုင်ရဲ့လား နွဲ့ယိမ်း”

“သိပ်တော့အားမရဘူး၊ နင့်လို ဒီတော့ မမှန်းနိုင်ဘူးပေါ့ဟယ်”

သူတို့နှစ်ယောက်လုံး Final Exam: ဖြေပြီးသောနေ့ ဖြစ်ပါသည်။

ဂုဏ်ထူးတွေဘာတွေ မပါနိုင်သော်လည်း နွဲ့ယိမ်း အောင်



www.burmeseclassic.com

wwww.burmeseclassic.com



မည်ဟု သူ ယုံကြည်မိ၏။

"ဘာလိုလိုနဲ့ စာမေးပွဲ ပြီးသွားပြီနော်၊ စာမေးပွဲပြီးရင် ပျော်စရာကောင်းမယ်လို့ ထင်နေတာ၊ ခုတော့ စာမကျက်ရ၊ ကျူရှင်မသွားရနဲ့ ပျင်းစရာဖြစ်ကျန်ခဲ့ရော"

"ငါကတော့ ပျော်လွန်းလို့ ဘယ်လိုနေရမှန်းတောင် မသိဘူး၊ ဝန်ထုပ်ဝန်ပိုးအလေးကြီးတစ်ခုကို ပုခုံးပေါ်က ဖယ်ချလိုက်ရသလို ရှင်းပေါ့သွားတာပဲ၊ နင်ပဲ ကြုံကြုံဖန်ဖန် ပျင်းရတယ်လို့"

နွဲ့ယိမ်းက စာရေးကိရိယာတွေ ထည့်သော အိတ်ရှည်ရှည်လေးကို ပစ်မြှောက်ကစားရင်း သူ့ကိုအပြစ်တင်သလို မျက်စောင်းလေးရွယ်ကာ ပြောလေသည်။

သူကတော့ ကတ္တီပါဖိနပ်စီးထားသော သူမခြေထောက်ဖြူဖြူလေးတွေကို ငေးကြည့်နေမိ၏။

---

ရွှေပဒေသာစာပေ



ကျောင်းစိမ်းထမိန်ကို ခပ်ရှည်ရှည်ဝတ်ထားသောကြောင့် ခြေလှမ်း လှမ်းမှ လှစ်ခနဲထွက်လာသည့် ခြေဖမိုးလေးကို ကြည့်ရင်း နီးနီးလေးမှာရှိနေသည့်သူမကို ပြင်းပြစွာ လွမ်းလာမိ၏။

ပြောပြလျှင် သူမ ရယ်လိမ့်မည်။

ထိုသို့ အနှောင့်အသွားမလွတ်သော စကားမျိုး သူ ပြောမထွက်ခဲ့တာမို့ နှစ်စကတည်းက မျိုသိပ်ချုပ်ထိန်းခဲ့ရတာဖြစ်၏။ သူမကိုလွမ်းထိုင်း သူ့ကိုယ်တိုင် စာကျက်ပျက်ခံ၊ အိပ်ရေးပျက်ခံပြီး ကျိတ်ခံစားခဲ့ရတဲ့ကာလတွေ မနည်းတော့ပါ။

စာအတူကျက်တိုင်း အနီးကပ် တွေ့နေရတဲ့ သူမမျက်နှာလေးကို ခိုးငေးရင်း ဖွင့်ပြောမိတော့မလို ဖြစ်ရပေမယ့် သူမ စာမေးပွဲအောင်မှဖြစ်မယ်ဟူသောအသိက သူ့ကို ခွင့်မပြုခဲ့ပါ။

သူ့ကြောင့် နွဲ့ယိမ်းစိတ်တွေ လေလွင့်သွားမှာမျိုး နည်းနည်းမှ အဖြစ်မခံနိုင်သောစေတနာက ရင်ထဲက အရိုးခံ့ခံ့ဆန္ဒသာဖြစ်၏။

---

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



ကိုယ်တိုင်ထားခဲ့သော စည်းတစ်ခုကို အချိန်မတန်ခင် မချိုးဖောက်မိအောင် ထိန်းရသောအလုပ်မှာ နုနယ်လွန်းသော သူ့နှလုံးသားအတွက် မမျှတသောဝန် ဖြစ်ခဲ့သည်။

သို့သော် သူ နိုင်ခဲ့ပါသည်။

သူချစ်သောကောင်မလေးအတွက် သူ့ရင်တွင်းခံစားချက်တွေက အနှောင့်အယှက်မဖြစ်ခဲ့ပါ။

ဒီနေ့တော့ စာမေးပွဲ နောက်ဆုံးနေ့မို့ သူ့စိတ်က လေနေရာမှ လွတ်ချင်လာသည်။

"နိုင်မြ"

"ဟင်"

"ဘာငိုင်နေတာလဲ၊ နင်ကလည်း လမ်းလျှောက်ရင်း အိပ်ပျော်လာသလား မှတ်ရတယ်၊ ငိုက်စိုက်ငိုက်စိုက်နဲ့၊ ဘာလဲ၊ စာမေးပွဲရက်မှာ ရှိသမျှစွမ်းအင်တွေ ထုတ်သုံးလိုက်ရလို့ လူက လဲချင်နေပြီလား"

ရွှေပဒေသာစာပေ



အဲလိုဆို နင့်ပုခုံးပေါ် ခေါင်းမှီပြီး လဲသွားချင်တယ် နွဲ့ယိမ်းရယ်လို့ ခပ်သွက်သွက် ပြောလိုက်ချင်ပေမယ့် သူ ပြောမထွက်ပါချေ။

"ဟဲ့ . . . ဪ၊ ပြောနေတာတောင် မလှုပ်တလှုပ်နဲ့ နင်ဘာဖြစ်နေတာလဲ နိုင်မြ"

သူ ဆတ်ခနဲခေါင်းမော့ပြီး အသက်ကို ခပ်ပြင်းပြင်းရှူလိုက်သည်။

"ဘာမှမဖြစ်ပါဘူးဟာ၊ စာမေးပွဲ ပြီးသွားရင်တော့ ငါ နင့်ကိုလွမ်းနေတော့မှာပဲလို့ . . . အဲ"

ရုတ်တရက် လွတ်ခနဲထွက်သွားသောစကားကို သူလည်း အမှတ်တမဲ့။

နွဲ့ယိမ်းက မျက်လုံးလေး ဝိုင်းပြီး တအံ့တသြကြည့်နေရာမှ ဟက်ခနဲရယ်လိုက်ကာ . . .

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



"နင်ကလည်း အထူးအဆန်း၊ ဒီလောက် အိမ်ချင်းကပ်နေ တာကို ဘယ်လိုလွမ်းမှာလဲ"

"မသိဘူးဟာ၊ စာမေးပွဲပြီးရင် နင်နဲ့ နေ့တိုင်းမတွေ့ရ တော့ဘူးဆိုတာ ငါ နားလည်တယ်၊ အဲဒါကြောင့် လွမ်း ရမှာလို့ထင်တယ်"

"လွမ်းရင် အိမ်ကိုနေ့တိုင်းလာပေါ့"

"နင့်အမေက ပြောဦးမယ်၊ ဘာအကြောင်းမှမရှိဘဲ ငါ လာရင် . . ."

"ပြောစရာလား၊ အရင်လည်း လာနေကျပဲဟာကို"

"နင်မသိပါဘူး နွဲ့ယိမ်းရယ်"

"ငါက ဘာကိုမသိတာလဲ"

"ငါ့စိတ်ထဲ ဘာရှိတယ်ဆိုတာကိုလေ"

နွဲ့ယိမ်း ဘာမှမပြောဘဲ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်





သွားသည်။ အတန်ကြာမှ . . .

"နင့်စိတ်ထဲ တစ်ခုခုရှိတာနဲ့ မေမေ့ဆူမှာ ကြောက်စရာ လား ခိုင်မြဲရယ်၊ နင့်ကြည့်ရတာ တစ်မျိုးပဲ၊ စကားတွေ ကြားရတော့လည်း အဆန်း၊ စိတ်ရှုပ်လိုက်တာ"

သူ ဘာမှမပြောရသေးခင် သူမက စိတ်ရှုပ်နှင့်နေပြီ။ တကယ်တမ်း ဖွင့်ပြောလိုက်ရင် စိတ်ဆိုးသွားဦးမှာလား နွဲ့ယိမ်းရယ်။

အချစ်ဆိုတာ အကြာကြီး သိမ်းထားရင် ပိုပြီးကြီးထွား ရင့်သန်လာတတ်တာမျိုးလား မသိဘူး။ ငါ့ရင်ထဲမှာ အဆမတန် ပြည့်သိပ်ဖောင်းကားပြီး ပေါက်ထွက်တော့မတတ် တင်းကျပ်နေပြီ ဆို ဘာလုပ်ရမလဲ။

ချစ်တယ်ဆိုတဲ့ စကားလုံးကို တူတူတန်တန်ပြောဖို့ ငါ့မှာ အရည်အချင်း မရှိသေးသလို နင့်ဘက်က တုန့်ပြန်ဖို့ အသင့်ဖြစ် မနေမှာလည်း စိုးရိမ်မိတယ်။



www.burmeseclassic.com

wwww.burmeseclassic.com



"နွဲ့ယိမ်း"

"ဟင်"

"ကျောင်းပိတ်ရက် နင် ဘာလုပ်မှာလဲဟင်"

"ငါ ဝါသနာပါတဲ့အလုပ်ပဲ လုပ်မှာပေါ့၊ ငါ့အဖေ သူငယ်ချင်း ဦးစိုင်းသန့်ဆီမှာ သီချင်းဆို သင်မယ်၊ ပြီးတော့ တယောလည်း ပြန်ကျင့်ရဦးမယ်၊ အနုပညာက ဆုံးတယ် မရှိဘူးလေ၊ အောင်မြင်တဲ့ အဆိုတော်တစ်ယောက် ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားရမှာပဲ"

"အဲဒါတွေ လုပ်တာလည်း လုပ်တာပေါ့၊ ငါနဲ့ ကွန်ပျူတာ သင်တန်း လိုက်တက်ပါလား"

"ဟင့်အင်း၊ Basic လောက် တက်ထားရင် တော်ပြီ၊ ငါ အရမ်းဝါသနာမပါဘူး၊ နင်ကရော ကျောင်းပိတ်တိုင်း ကွန်ပျူတာပဲ လျှောက်တက်နေ၊ မပျင်းသေးဘူးလား"

"ပျင်းစရာမှ မဟုတ်တာ၊ ဒါတောင် လေ့လာစရာ level





တွေ အများကြီး ကျန်သေးတယ်၊ ငါက ထူးချွန်တဲ့ computer engineer ဖြစ်ချင်တာ"

ရည်ရွယ်ချက်တစ်ယောက်တစ်မျိုးနှင့် ကိုယ်ဖြစ်ချင်တဲ့ ဘ၀တွေက ဘယ်လိုမှ ဆွဲလွဲစေ့စပ်လို့မရသော သီးခြားအရာတွေ ဖြစ်နေသည့်အတွက် သူ ကျိတ်ပြီး ဝမ်းနည်းရသည်။

ဒီလိုနဲ့ပဲ ဝေးသွားရမှာလား။

မခံစားရဲဘူး နွဲ့ယိမ်းရယ် . . .။

"နွဲ့ယိမ်း . . . ငါ့ရည်မှန်းချက်ကို သဘောကျရဲ့လား ဟင်"

"အင်း . . . ဘာသဘောမကျစရာရှိလဲ၊ လူတိုင်း ကိုယ့်ဝါသနာနဲ့ ကိုယ်ပဲ၊ နင်က ငယ်ငယ်ကတည်းက ထူးချွန် ထက်မြက်တဲ့သူပဲ၊ နင့်ကို ငါ အမြဲလေးစားအားကျခဲ့ရတာပါ"

"ငါကတော့ နင့်ကိုချစ်တယ်"



www.burmeseclassic.com

wwww.burmeseclassic.com



"ဟင်"

ဘာမှလည်း မဆိုင်ဘူးဟုတော့ သူမ မပြောပါ။

ရွှန်းလက်ကြည်စင်နေသော မျက်ဝန်းအစုံနှင့် သူ့ကို တအံ့တသြမော့ကြည့်ပြီး ချက်ချင်းမျက်လွှာချသွားသည်။

"တကယ်ပြောတာ နွဲ့ယိမ်း၊ နင့်ကို ငါ ချစ်နေတာ ကြာပြီ၊ ဘာလို့ ခုမှဖွင့်ပြောလဲဆိုတာ နင်နားလည်မှာပဲ"

နွဲ့ယိမ်းက ဘာမှပြန်မဖြေဘဲ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ငြိမ်သက်နားစွင့်နေသည်။

"နင် အခုမဖြေချင်သေးရင် အောင်စာရင်းထွက်တဲ့နေ့မှ ဖြေပါဟာ . . . နော်၊ ငါ နင့်အချစ်ကို စိတ်ရှည်ရှည် စောင့်နေပါ့မယ်"

တစ်ဖက်က အဖြေပေးဖို့ မသေချာခင် သူ အရင်ကြိုပြီး တောင်းဆိုထားလိုက်သည်။

"ငါ နင့်ကို သံယောဇဉ်ရှိပါတယ်၊ ပြီးတော့ သူငယ်ချင်း





တစ်ယောက်ထက် ပိုတဲ့ . . ."

"ဒါဆို ငါ့ကိုချစ်တယ်ပေါ့နော်"

"ငါပြောတာ မဆုံးသေးဘူးလေဟာ"

"ဪ . . . ဟုတ်သားပဲ"

သူ ရှက်ကိုးရှက်ကန်းနှင့် ဆံပင်တွေထဲ လက်ထိုးဖွရင်း ဟီးခနဲရယ်ချလိုက်မိသည်။

"ချစ်တယ်ဆိုရင်တောင် နင့်ကို ဘယ်လိုချစ်နေမိတာလည်း ငါ့ကိုယ်ငါ သေချာမသိဘူး၊ နင်ကရော ငါ့ကို အနေနီးလို့ စိတ်ယိုင်တာ မဟုတ်ဘူးလား၊ နီးစပ်လို့ ဖြစ်သွားကြတယ်ဆိုတာမျိုးလည်း မဖြစ်စေချင်ဘူး၊ ငါက ဘယ်အရာမဆို အနုပညာဆန်ချင်တာ၊ စိတ်ခံစားမှုကိုပဲ ဦးစားပေးချင်တယ်၊ ဆိုလိုတာက နင်နဲ့ငါ သူများတွေထက် သံယောဇဉ်ပိုလို့ ချစ်သူတွေ ဖြစ်သွားတာမျိုး မလိုချင်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက် အရူးအမူးချစ်လို့



www.burmeseclassic.com

wwww.burmeseclassic.com



အခြေအနေတွေ ပြောင်းသွားတာပဲ လိုချင်တယ်"

စကားတွေ တတ်လှချည်လား နွဲ့ယိမ်းရယ်လို့ သူ့စိတ်ထဲ က ကျိတ်ပြီး ညည်းညူလိုက်မိသည်။

တကယ်တမ်းတော့ ရင်ထဲမှာ ခံစားချက် ဘယ်လောက် ပြင်းပြင်း တခမ်းတနား အဓိပ္ပာယ်မဖွဲ့တတ်ပါ။

သူသိတာ နွဲ့ယိမ်းကို သိပ်ချစ်နေမိပြီဆိုတာပါပဲ။

"အမှန်အတိုင်း ဝန်ခံရရင် အဲဒါတွေ ငါ လုံးဝမစဉ်းစား မိဘူး၊ ငါ စဉ်းစားတာ နင့်ကို ဘယ်လောက်ထိ ချစ်မိနေ သလဲဆိုတာပဲ၊ နင့်ကို အဆုံးရှုံး မခံနိုင်လောက်အောင် ချစ်တယ်၊ ငါ နင်နဲ့မဝေးရဲဘူး နွဲ့ယိမ်းရယ်၊ နင်ကလွဲပြီး ဘယ်သူ့ကိုမှ ထပ်ချစ်လို့လည်း ရမှာမဟုတ်ဘူး၊ ရင်ခုန် တတ်စအချိန်ကတည်းက နင့်ကို ငါ ချစ်ခဲ့တာ၊ အဲ့အချစ် က ရင်ခုန်သံ မရပ်တန့်သရွေ့ တည်မြဲနေမယ်လို့ ငါ ယုံ တယ်"





"သိပ်ပြောတတ်နေပါလား၊ ဘယ်ဝတ္ထုစာအုပ်ထဲကလဲ၊ ဟင် ..."

"ငါ ဘယ်တုန်းက ဝတ္ထုဖတ်လို့လဲ၊ အဲဒါ ရင်ဘတ်ထဲက အလိုလိုထွက်လာတဲ့စကားတွေ၊ ချစ်တတ်ရင် အဲဒါ သင် စရာမလိုဘဲ တတ်တယ်"

နွဲ့ယိမ်းက ခပ်တိုးတိုး ရယ်သည်။ ခုနလောက် ရှက်ရွံ့ အနေခက်တာမျိုး မရှိတော့ပေမယ့် သူမ စိတ်လှုပ်ရှားနေတာကို အတင်းဖုံးကွယ်ချင်ဟန်နှင့် ရယ်မောနေသော နွဲ့ယိမ်းကို သူ ငေး နေမိ၏။

"နင် ချစ်နေတာ ငါ သိတယ်"

ရုတ်တရက် ထိုသို့ထပြောလိုက်တော့ သူ အသက်ရှူရပ် မတတ် အံ့သြသွားခဲ့ရ၏။

"ဘယ်လို ..."

"နင် ငါ့ကိုချစ်နေမှန်း သိတယ်လို့ပြောတာ၊ နင် ဖွင့်



www.burmeseclassic.com

wwww.burmeseclassic.com



မပြောပေမယ့် နင့်အကြည့်တွေ မရိုးသားမှန်း သိနေတာ ကြာပြီ"

"တကယ်ကြီး"

"တကယ်ပေါ့၊ ငါ့သူငယ်ချင်းတွေကလည်း ပြောတယ်၊ ခိုင်မြဲ နင့်ကို တစ်နေ့ဖွင့်ပြောမှာတဲ့၊ ငါ မကျေနပ်တာ လည်း အဲဒါပဲ၊ နင်နဲ့ ငါ ချစ်သူတွေ ဖြစ်သွားမယ်လို့ ကြိုတင် ထင်ကြေးပေးနေကြတာလေ၊ ဘာဆိုင်လို့ အဲလို ဖြစ်ရမှာလဲ"

သူ ဝမ်းသာရတော့မလို၊ ဝမ်းနည်းရတော့မလိုဖြစ်အောင် နွဲ့ယိမ်းရဲ့စကားအချိုးအကွေ့က ပြင်းထန်လွန်းလှသည်။

"သူတို့လည်း ငါ ချစ်နေတာ ရိပ်မိလို့နေမှာပေါ့"

"မဟုတ်ပါဘူး၊ တတွဲတွဲရှိနေလို့ အဲလိုထင်နေတာ၊ ငါ တော့ သူတို့ထင်တဲ့အတိုင်း ဖြစ်သွားမှာ သိပ်စိုးရိမ်တာ ပဲ"





"ဟင်"

သူ့အဖြစ်က အတော်ဝမ်းနည်းစရာ ကောင်းပါသည်။ နွဲ့ယိမ်းဆီက ဒီလို မအီမလည်တုန့်ပြန်မှုမျိုး ရလာလိမ့်မည်ဟု လုံးဝ မထင်ထားခဲ့။

နွဲ့ယိမ်း ရှက်သွားလျှင် သူ ပိုပြီးတော့ စိတ်လှုပ်ရှားရမည်။ နွဲ့ယိမ်း စိတ်ဆိုးလျှင်တော့ သူက လိုက်ချော့ပြီး ဇာတ်လမ်းလေး က ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကဗျာဆန်လာမှာ မလွဲပင်။

ခုတော့ . . . ။

"သူတို့ဟာသူတို့ ဘာထင်ထင် နင် ငါ့ကို ပြန်ချစ်ဟာ၊ နော် . . . နွဲ့ယိမ်း"

"နင်ကလည်း မရောင်းချင်ဘူးဆိုမှ ချိန်လိုက်စမ်းပါ လာ လုပ်နေတယ်၊ မသိဘူးဟာ၊ ငါ နင့်ကို ချစ်လို့ ရ မရ စဉ်းစားဦးမယ်"

"နင် စဉ်းစားလို့ရရင် ချက်ချင်းပြောနော်"



www.burmeseclassic.com

wwww.burmeseclassic.com



"ပြောတော့ အောင်စာရင်းထွက်မှဆို၊ ခုတစ်မျိုး တော်ကြာတစ်မျိုး နှင် စိတ်မငြိမ်သေးဘူးပဲ ခိုင်မြရဲ့"

"ဟာ . . . အဲဒါ ငါ နည်းနည်းလောသွားတာပါ၊ ရပါတယ်၊ နှင် သေသေချာချာစဉ်းစားပါ၊ အောင်စာရင်းထွက်တဲ့နေ့ကို နောက်ဆုံးထားပြီး . . ."

"တော်ပါဟယ်၊ နှင့်ဟာက အကြွေးတောင်းတာ ကျနေတာပဲ၊ ငါ့ဘာသာ ဖြေချင်ဖြေမယ်၊ မဖြေချင် မဖြေဘူး၊ ဘာမှအရေးမပါတာကို ကြီးကြီးကျယ်ကျယ်လုပ်လို့ တော်ပြီ . . . နောက်မှပြောတော့၊ ငါ အိမ်ပြန်ပြီး အေးအေးဆေးဆေးနားချင်တယ်"

စကားအဆုံး စိတ်မြန်လက်မြန်အကျင့်ရှိသော နွဲ့ယိမ်းက နှေးကွေးသောခြေလှမ်းတွေနှင့် အိမ်ကို မပြန်ချင့်ပြန်ချင် သွားနေသောသူ့ကို နောက်ချန်ထားရစ်ကာ ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားလေတော့သည်။





သူ ခေါင်းကို ခါရမ်းရင်း သက်ပြင်းမောတစ်ချက် ချလိုက်မိ၏။

တကယ်တော့ ချစ်တယ်လို့ ဖွင့်ပြောလိုက်တာ ထင်သလောက် မခဲယဉ်းဘဲ သူ့ဆီက တုန့်ပြန်မှုတစ်ခုလောက် အသေအချာရဖို့တော့ အလွန်ခက်ခဲလှပါသည်။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

## အခန်း(၁၇)

"မေမေ"

သူ့ခေါ်သံကြောင့် ပန်းအိုးတွေကို အာရုံစိုက်နေသော မေမေက လှည့်ကြည့်သည်။

"ကဲ . . . ဘာများအလိုရှိသလဲ ဆိုပါဦး"

"ဟဲ . . . ဟဲ . . . သား လိုချင်တာ မေမေက ပေးမှာလား"



www.burmeseclassic.com

wwww.burmeseclassic.com



"ဩော်. . . ဒီကလေးနှယ်၊ မပေးနိုင်တာတော့ မတောင်းနဲ့ပေါ့"

"မေမေ ပေးနိုင်တာပဲ တောင်းမှာပါ၊ သားကို ဒီနှင်းဆီပင်တွေ ပေးပါလား"

ပန်းအိုးလေးတွေထဲ ထည့်ပျိုးထားသော နှင်းဆီပင်ပေါက်လေးတွေကို မေးဆတ်ပြရင်း တောင်းလိုက်သောကြောင့် မေမေက တအံ့တသြ ဖြစ်သွားပုံနှင့် မျက်ခုံးပင့်သည်။

"ကြုံကြုံဖန်ဖန် နှင်းဆီပင်တွေ သားက ဘာလုပ်မှာလဲ"

"သား လိုချင်လို့ပါဆို"

"ဟုတ်ပြီလေ၊ ဘာလုပ်ဖို့ လိုချင်တာလဲ သိချင်တာ၊ ပန်းက ပွင့်တောင် မပွင့်သေးဘူး၊ ခုမှ အဖူးထွက်စ အပင်ပေါက်လေးတွေ ကိုင်းကူး ပျိုးထားတဲ့ဟာကို"

သူ ကုပ်ပိုးကို လက်နှင့် တစ်ချက်စမ်းရင်း ရယ်လိုက်မိသည်။





"သား . . . နွဲ့ယိမ်းကို လက်ဆောင်ပေးချင်လို့ မေမေ"

"ဘုရားရေ . . . နွဲ့ယိမ်းကို လက်ဆောင်ပေးဖို့ ကျူပ်နှင်းဆီပင်တွေ လိုချင်တယ်၊ ဟုတ်လား ကိုခိုင်မြဲအောင်"

လက်ထဲက မြေဆွသည့် ခက်ရင်းလေးကို ချလျက် ခါးထောက်ကာ မျက်စောင်းရွယ်ရင်း ပြောလိုက်သော မေမေ့ အမူအရာက စိတ်ဆိုးနေတာလည်း မဟုတ်ဘဲ မာန်ပါပါကလေးမို့ ခိုင်မြဲ လန့်တော့ လန့်သွားမိ၏။

"အဟီး . . . နွဲ့ယိမ်းက နှင်းဆီပန်း ကြိုက်တယ် မေမေရဲ့၊ အဲဒါကြောင့် . . ."

"အလိုတော် . . . ရာရာစစ သူ နှင်းဆီပန်း ကြိုက်တာနဲ့ပဲ ကျူပ်အပင်တွေ ပေးလိုက်စရာလား၊ ပေးချင်ရင် ဈေးထဲက ဝယ်ပေးပေါ့"

"ဈေးထဲက ပန်းတွေ မဝယ်ပေးချင်လို့ပါ မေမေရာ၊ ဝယ်ပေးတဲ့ ပန်းက ခဏပဲ၊ ပြီးရင် နွမ်းသွားမှာ၊ သားက သူ



www.burmeseclassic.com

wwww.burmeseclassic.com



အမြဲ ခူးလို့ ပန်လို့ရအောင် အမြဲပွင့်ပေးမယ့်အပင်လေး စိုက်ထားပေးချင်တာ"

"အံ့မယ် . . . တယ်ဆိုတဲ့စာပါလားဟော့"

ဘယ်အချိန်ကတည်းက နောက်မှာ ရောက်နေမှန်း မသိသော ဖေဖေ့ဆီက အသံထွက်လာတာမို့ ခိုင်မြဲ မျက်နှာပူပူနှင့် နောက်ကိုလှည့်ကြည့်မိ၏။

မီးမညှိရသေးတဲ့ စီးကရက်ကို နှုတ်ခမ်းမှာ တေ့ရင်း လျှောက်လာသည့်ဖေဖေက သူတို့သားအမိနှင့် မလှမ်းမကမ်း မြက်ခင်းစိမ်းပေါ်က ဒန်းလေးမှာ ခြေထောက်ချင်း ချိတ်လျှက် ဝင်ထိုင်သည်။

ဖေဖေ့မျက်နှာက ပြုံးယောင်သမ်းနေတာမို့ သူလည်း ပြုံးပြလိုက်သည်။

မေမေက ဖေဖေထိုင်နေရာသို့ ခပ်သုတ်သုတ်ထလျှောက်သွားပြီး ဖေဖေ့နှုတ်ခမ်းမှာ ခဲထားသည့်စီးကရက်ကို ဖျတ်ခနဲ





ဆွဲယူလိုက်ကာ . . .

"ကိုအောင်က ဘယ်တော့မှ အမှတ်သည်းခြေ မရှိဘူး၊ စီးကရက် မသောက်ပါနဲ့လို့ ဘယ်နှခါပြောရမလဲ"

"ဟော့ . . . ငြိမ်း၊ ပြန်ပေးပါကွ၊ ခံတွင်းချဉ်လွန်းလို့"

"ဘာလို့ပေးရမှာလဲ၊ မသောက်ရဘူးဆို လုံးဝပဲ"

မေမေက ကလေးမလေးလို လက်ကို နောက်ပစ်ကာ ခေါင်းရမ်းပြန်ပြောသည်တွင် ဖေဖေက ပုခုံးတွန့်လျက် သူ့ကို လှမ်းကြည့်ပြီး မျက်ခုံးပင့်ပြလေသည်။

"ကဲ . . . အဲဒါပဲ လက်တွေ့ကြည့်တော့ သား၊ မိန်းမတွေက တစ်ဖက်သားကို တားမြစ်ပိတ်ပင်တယ်၊ လွှမ်းမိုးချုပ်ခြယ်ချင်ကြတယ်၊ မကောင်းဘူး သိလား"

"မေမေက ဖေဖေ့ကို စိုးရိမ်လို့ ချုပ်ခြယ်တာလို့ သားတော့ ထင်တာပဲ"

ရယ်ဟဟလေး ပြောလိုက်သော သူ့စကားအဆုံး ဖေဖေ



www.burmeseclassic.com

wwww.burmeseclassic.com



က မျက်လုံးပြူးကြည့်ရင်း မေမေ့ဘက် လှည့်လိုက်ကာ ...

"ငြိမ်း ... မင်း သားက မိန်းမတွေဘက်က အကောင်း မြင်ပေးနေပြီ၊ ဒါ ဆန့်ကျင်ဘက်ကို စိတ်ဝင်စားလာတဲ့ သဘောပဲကွ၊ အမေလုပ်နေပြီး မင်း သတိထားမိရဲ့လား။ ဟေ့ ... သား၊ မင်း ခုန ဘယ်သူ့ကို ပန်းပင် လက်ဆောင်ပေးမယ် ပြောနေတာလဲ၊ မင်း ဘယ်ကောင်မလေးကို သဘောကျနေသလဲ ပြောစမ်း"

"ဘယ်သူ့သဘောကျကျ မေးစရာလား"

"ဟ ... ကိုယ့်သားကိုယ် မေးတာ ဘာဖြစ်လဲ၊ သား ပြောစမ်း ဖေဖေ့ကို၊ မင်း ရည်းစားထားချင်နေပြီလား"

"ဟာ ... ဖေဖေကလည်း"

"ကိုအောင် ... ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကလေးကလားစကားတွေ တော်တော်ပြောချင်နေလား"

သူ့ရဲ့ ရှက်အမ်းအမ်းစကားအဆုံး မေမေကပါ ဖေဖေ့ကို





မျက်စောင်းခဲလျက် ပြန်ဟန့်လိုက်သည်တွင် ဖေဖေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...

"အေးပါကွာ ... ငါ ပြောတော့ ကလေးကလားပေါ့၊ မင်း သားတော်မောင် စိတ်ထဲမှာတော့ ဘယ်လောက် ဖီးလ်တွေ ဝင်နေပြီလဲ မသိဘူး၊ အင်း ... မဟုတ်မှလွဲရော၊ မင်း သား ကြိုက်တာ ဟိုဘက်ခြံက ..."

"ကိုအောင်"

မေမေက အသံခပ်ကျယ်ကျယ်နှင့် ခါးထောက်လျက် အော်လိုက်တာမို့ ဖေဖေ သူ့စကား သူ ရှေ့မဆက်နိုင်ဘဲ တဟားဟား အော်ရယ်နေသည်။

"အေးပါ ... မပြောတော့ပါဘူး၊ မင်းလည်း ပန်းပင်တွေ ပေးလိုက်ပါဦး၊ ဟား ဟား ..."

ဖေဖေက မေမေ့ကို မခံချိ မခံသာဖြစ်အောင် စလျက် အိမ်ထဲသို့ ပြန်ဝင်သွားလေတော့၏။



www.burmeseclassic.com

wwww.burmeseclassic.com



ဖေဖေနှင့်မေမေ့ကိုကြည့်ပြီး သူ ခပ်တိုးတိုးလိုက်ရယ်တော့ မေမေက သူ့ကိုမျက်စောင်းထိုးကာ . . .

"ဘာရယ်တာလဲ မင်းက . . ."

"ဘာမှမရယ်ပါဘူး၊ ဖေဖေပြောတာ သဘောကျလို့ပါ"

"ဘာ . . . ဩော် . . . မင်းက မင်းအဖေ အားဖေ အားမြှောက်ပြုတာတွေကို သဘောကျတယ်ပေါ့၊ ဟုတ် လား၊ ဟွန့် . . . မပြောလိုက်ချင်ဘူး၊ တော်တော်လိုက်တဲ့ သားအဖတွေ . . ."

"မေမေကရော ဖေဖေနဲ့ သဘောထားတူတူပဲ မဟုတ် ဘူးလား"

"အို . . . မတူချင်ပေါင်"

"တူလိုက်ပါ မေမေရာ၊ နွဲ့ယိမ်းအတွက် ပန်းပင်ပေးမယ် မဟုတ်လား"

"ဘာလို့ပေးရမှာလဲ၊ ကျုပ် တကူးတက ပျိုးထားတာတွေ





ကို အဖူးတွေ ထွက်နေပြီ၊ သိပ်မကြာခင် ပွင့်တော့မယ့် ဟာ"

"မေမေပဲ နွဲ့ယိမ်းကို ချစ်တယ်ဆို၊ နွဲ့ယိမ်းအတွက် ဘာမှ မနှမြောဘူး ပြောပြီးတော့၊ ဒီ ပန်းပင်လေးကျမှ . . ."

"ဟဲ့ . . . ဒါက မေမေ့အနေနဲ့ ပေးရမှာမှ မဟုတ်တာ နိုင်မြဲရဲ့၊ မင်းကိုယ်တိုင် မျက်နှာလို မျက်နှာရ ပေးမယ့် ကိစ္စ ဘာကြောင့် မေမေ့ပန်းတွေ အဆစ်ထည့်ရမှာလဲ၊ ပေးချင်ရင် တော်ရာက ရှာပေးပေါ့၊ နွဲ့ယိမ်းကိုယ်တိုင် မေမေ့ဆီ လာတောင်းလို့ကတော့ တစ်ခြံလုံးက ပန်းတွေ ပေးလိုက်ဦးမယ်"

"ဟုတ်လား၊ နွဲ့ယိမ်းက ပန်းတွေ မလိုချင်ဘူး၊ သားကိုပဲ လိုချင်တယ်ဆိုရင်ရော ပေးလိုက်မှာလား"

"အံမယ် . . . မင်းကများ"

မေမေက သူ့ဗိုက်ကို ဆွဲလိမ်တော့မလို လက်လှမ်းလာတာမို့ နောက်ကိုဆုတ်ရင်း အော်ရယ်မိသည်။



www.burmeseclassic.com

wwww.burmeseclassic.com



"မေမေကလည်း . . . စ,တဲ့ဟာကို"

"ခိုင်မြနော်၊ အဲလိုတွေ မိဘကို ပြောစရာလား၊ မေ

သီတာ ကြားသွားရင် မေမေတို့ကို ဘယ်လိုထင်မလဲ၊ ပြေ

တာ ဆိုတာ ဆင်ခြင်"

"ဟုတ်ကဲ့ပါ မေမေရယ်၊ သား သိပါတယ်၊ ဒါနဲ့ ပန်း

တွေတော့ ပေးပါနော်"

"ဟင်း . . . အမြင်ကပ်စရာ ကောင်းလိုက်တာ ခိုင်

အောင်ရယ်"

မေမေက သက်ပြင်းချပြီး ခပ်ဆတ်ဆတ် အော်ပေ

မျက်နှာကတော့ ပြုံးရိပ်ထင်နေပါသည်။

နောက်ဆုံးတော့ သူ တောင်းထားတဲ့ နှင်းဆီဖြူ အပ

ပေါက်တွေကို အိုးသေးသေးလေးတွေနဲ့ ပေးလိုက်ရတော့တာပါ

အဲဒါ . . . နွဲ့ယိမ်းအတွက်မို့ မေမေ လက်လွယ် သဘေ

ကောင်းလိုက်သည်ထင့်။

➤ ➤ ➤



## အခန်း(၁၈)

"အံမယ် . . . ဒါဆို နင်က အကြံနဲ့ပေါ့"

လက်မှာပေနေတဲ့ မြေဆွေးမှုန့်တွေနဲ့ ရွှံ့တွေကို စံပယ်ချုံ

ာ ရေပိုက်မှာ ဖွင့်ဆေးရင်း နွဲ့ယိမ်းက အထိတ်တလန့်ရေရွတ်

သည်။

သူ လက်နောက်ပစ်ရင်း ဟီးခနဲ တစ်ချက်ရယ်ကာ ခေါင်း

ပ်ပြလိုက်၏။



www.burmeseclassic.com

wwww.burmeseclassic.com



"ငါက တရားမျှအောင် တွေးတတ်ပါတယ် နွဲ့ယိမ်းရယ်
ပြီးတော့ ငါ့ကို နင်ပြန်ချစ်ရင် သူများတွေနဲ့မတူတဲ့ ပျော်
ရွှင်ရင်ခုန်စရာလေးလည်း ဖြစ်သွားအောင် ဒီနှင်းဆီပြ
တွေ ပွင့်တဲ့နေ့ကျ အဖြေပေးနော်"

"ဒါတော့ နင် လူလည်ကျတာပဲ၊ အစကတော့ အော
စာရင်း ထွက်မှတဲ့၊ အခု နှင်းဆီတွေ ပွင့်တဲ့နေ့တဲ့၊ အော
စာရင်းထွက်ဖို့က တစ်လလောက် လိုသေးတယ်၊ ခု
ဇွန်လ၊ နှင်းဆီပင်တွေက အဖူးတွေနဲ့၊ သိပ်မကြာခင် ပွ
တော့မှာ"

"အဖူးတွေက နည်းနည်းသေးပါတယ်ဟာ၊ ချက်ချင်းမပွ
သေးပါဘူး"

"ဟဲ့ ... ငါက မြေဩဇာတွေ ကျွေးပြီး ရေလောင်းပြ
ရမှာ၊ ပန်းဆို အဖူးတွေ ရှိနေရင် မြန်မြန်ပွင့်မှ သဘော
ကျတာ"





"အဲဒါဆိုလည်း နှင်းဆီပင်တွေကို သေသေချာချာ ဂရုစိုက်
လိုက်ပေါ့ဟာ ... နော်"

သူ့စကားအဆုံး နွဲ့ယိမ်းက ပုခုံးထောက်နေပြီဖြစ်တဲ့
ဆံပင် ထူအိအိလေးကို ဝဲခနဲခါရင်း မျက်မှောင်ကျုံ့ကြည့်သည်။

"ဘာလို့ ဂရုစိုက်ရမှာလဲ"

"ဟို ဟို ... အပွင့်လေးတွေ မြန်မြန်ပွင့်အောင်လေ၊
နင်ပဲ အဲဒါသဘောကျတယ်ဆို"

"အံမယ် ... နင့်အကြံ ငါ မသိဘူး မှတ်နေလား၊ အပွင့်
မြန်မြန်ပွင့်တော့ နင် အဖြေမြန်မြန်ရမှာမို့ အတင်း ဂရု
စိုက်ခိုင်းနေတာ မှတ်လား၊ မသိရင် ခက်မယ်"

"အဲဒါဆိုလည်း သေသေချာချာ ဂရုစိုက်ပါဟာ"

"ဘာ ..."

"နင်ပဲ ငါဖြစ်ချင်တာ သိတယ်ဆို"

"သိတာနဲ့ပဲ လိုက်လုပ်စရာလား၊ ငါ့ကို ငနဲ့မှတ်ပြီး ရော



www.burmeseclassic.com

wwww.burmeseclassic.com



ယောင် မခိုင်းနဲ့"

"အဲဒါဆို နှင်းဆီပင်တွေကို နင် ပစ်ထားမယ်ပေါ့"

သူ့စကားအဆုံး နွဲ့ယိမ်းက နှင်းဆီဖြူပင်တွေကို သံယောဇဉ် မပြတ်ဟန်နှင့် လှမ်းကြည့်သည်။

တလှုပ်လှုပ် ယိမ်းထိုးနေသည့် ဖူးတံငုံငုံကလေးကို မြင်တော့ ခပ်ရွှံ့ရွှံ့ဖြစ်သွားဟန်နှင့် . . .

"အေးလေ . . . ဒီလိုပဲ ပုံမှန်တော့ ကြည့်ပေးရမှာပေါ့။ ဒီအဖူးကြည့်ရတာ အောင်မယ့်ပုံလည်း မပေါ်ပါဘူး၊ ညှိုးခြောက်ကျသွားရင်တော့ သူ့ထိုက်နဲ့ သူ့ကံပဲပေါ့"

"အဲလိုမဖြစ်လောက်ပါဘူးဟာ၊ မေမေ့အပင်တွေဆို ပွင့်ကုန်ပြီ၊ နင်လည်း ဂရုတော့ စိုက်ပေးပါ၊ ဒါမှမဟုတ် ငါ နေ့တိုင်း ရေလာလောင်းပေးရမလား"

"နေပါ"

နွဲ့ယိမ်းက ပြောရင်း နှင်းဆီဖူးစိမ်းစိမ်းကလေးကို လက်ညှိုးနှင့် တောက်လိုက်ကာ . . .

"အေးအေးဆေးဆေးမှ ပွင့်ကြဟဲ့"

ဟု တိုးတိုးကလေးရေရွတ်ကာ သူ့ကို မျက်လွှာပင့်ကြည့်ပါသည်။ သူကလည်း . . .

"မြန်မြန်ပွင့်ကြပါ"

ဟု ပြောပြီး မျက်လုံးတစ်ဖက် မှိတ်ပြတော့ နွဲ့ယိမ်းက မျက်စောင်းထိုးရင်း နှာခေါင်းရှုံ့ပြသည်။

ထိုစဉ် နွဲ့ယိမ်း မေမေ အန်တီမေသီတာနှင့် ဧည့်သည်သုံးယောက် အိမ်ထဲမှထွက်လာကြသည်။

ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတစ်ဦး၊ အရပ်မြင့်မြင့် အမျိုးသားတစ်ယောက်နှင့် အသားညိုညို အရပ်ပုပု ကွမ်းတမြုံ့မြုံ့ဝါးနေသော အမျိုးသားတစ်ယောက်တို့ ဖြစ်သည်။

အန်တီမေသီတာက ထိုဧည့်သည်သုံးယောက်လုံးကို ရင်းရင်းနှီးနှီးစကားဆိုရုံမက ထူးဆန်းစွာပင် အိမ်နှင့် ခြံအနေအထား





www.burmeseclassic.com

wwww.burmeseclassic.com

ကို လိုက်ပြနေခြင်းဖြစ်၏။

"နွဲ့ယိမ်း . . . သူတို့က ဘယ်သူတွေလဲ"

သူ့စကားကြောင့် နွဲ့ယိမ်းလည်း ဧည့်သည်တွေကို ငေးနေရာမှ သူ့ဘက် ဆတ်ခနဲလှည့်ကြည့်သည်။

နွဲ့ယိမ်း မျက်နှာမကောင်းတာ သူ သတိထားလိုက်မိ၏။

"မသိပါဘူးဟာ၊ ဒါနဲ့ဆို ဒီတစ်ပတ်ထဲ လာတာ နှစ်ခါရှိပြီ၊ လာတိုင်း အိမ်ထဲ လျှောက်ကြည့်၊ ခြံထဲ လျှောက်ကြည့်နဲ့၊ မေမေကလည်း ဘာတွေလုပ်နေမှန်းမသိဘူး"

သူ ရင်ထဲ ထိတ်ခနဲစိုးရိမ်သွားမိသည်။

အန်တီမေသီတာ အိမ်များ ရောင်းမလို့လား . . .။

မဟုတ်ပါစေနဲ့။

"နွဲ့ယိမ်း၊ သူတို့က နင့်မေမေနဲ့ အရင်တုန်းက သိလား၊ မိတ်ဆွေတွေလား"

"ဘယ်ကလာ . . . တစ်ခါမှတောင် မမြင်ဖူးဘူး၊ ဟို





ကွမ်းစားတဲ့လူကြီးက အိမ်ခြံမြေ အကျိုးဆောင် ဆိုလား ဘာလား"

"ဒါဆို ပွဲစားပေါ့၊ အန်တီမေက ဟိုလူတွေကို အိမ်များ ရောင်းမလို့လား မသိဘူးနော်"

မပြောသင့်မှန်းသိသားနဲ့ သူ့နှုတ်က လွှတ်ခနဲ ထွက်သွားသည်။ နွဲ့ယိမ်း မျက်နှာလေး သိသိသာသာ ညှိုးကျသွားတာ မြင်တော့ သူ စိတ်မကောင်းနိုင်။

"ငါက ငါ့စိတ်ထင် ပြောတာပါ၊ ဘာလို့ ရောင်းမှာလဲ၊ မဖြစ်နိုင်တာနော်"

နွဲ့ယိမ်းက သူ့မျက်နှာကိုမကြည့်ဘဲ သက်ပြင်းရှိုက်ရင်း-

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

ဟု စိတ်ပျက်အားလျှော့သံနှင့် ပြောလိုက်သောအခါ သူ ပြောမိသောစကားအတွက် များစွာ နောင်တရသွားမိတော့သည်။

"ငါတော့ မဟုတ်ပါစေနဲ့ ဆုတောင်းတယ်၊ ငါ နင်နဲ့ မခွဲ



www.burmeseclassic.com

wwww.burmeseclassic.com



နိုင်ဘူး၊ နင်နဲ့ဝေးသွားရင် . . ."

"သေလိုက်တော့"

"ဟုတ်တယ် . . . ငါသေသွားလိမ့်မယ်"

စကားအဆုံး နွဲ့ယိမ်းက သူ့မျက်လုံးတွေထဲ အတန်ကြာ စူးစိုက်ကြည့်နေ၏။

သူ နွဲ့ယိမ်းလက်တစ်ဖက်ကို ကယောင်ကတမ်း လှမ်းဆွဲထားမိသည်။

"ငါ နင့်ကိုသိပ်ချစ်တာပါ နွဲ့ယိမ်းရယ်"

တိုးလျှရှတသော သူ့စကားအဆုံး နွဲ့ယိမ်းက နှုတ်ခမ်းကို တင်းတင်းစေ့ရင်း မျက်လွှာချ ငြိမ်သက်နေသည်။ ခဏနေမှ သူ့လက်ကို ဖယ်ရုန်းကာ . . .

"မေမေ မြင်သွားလိမ့်မယ်"

ဟု တိုးတိုးကလေး ပြောပါသည်။

သူ ခေါင်းညိတ်ရင်း နွဲ့ယိမ်းလက်ကို လွှတ်ပေးလိုက်သည်။





သူ အိမ်ပြန်လာတော့ နွဲ့ယိမ်းတို့ခြံထဲက ညှော်သည်တွေရဲ့ကားပြန်ထွက်သွား၏။ ထိုအခါ ကားနောက်ခန်းမှာ ထိုင်သော အမျိုးသမီးကြီးက နွဲ့ယိမ်းတို့ ခြံကျယ်ကျယ်ထဲက တစ်ထပ်တိုက်ဝါဝါလေးကို လည်ပြန်ငေးသွားတာ စိုးရိမ်တုန်လှုပ်ဖွယ် မြင်လိုက်ရလေသည်။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၁၉)

တစ်ခြံလုံး မီးရောင်တွေ ဖြာလင်းနေပေမယ့် သစ်ပင်အုပ်လုပ်တွေ၊ စံပယ်ရုံတွေကြောင့် တချို့နေရာတွေမှာတော့ ခပ်မှောင်မှောင် ဖြစ်နေသည်။

"ဟော . . . လာပြီ"

သူ ခပ်တိုးတိုး ရေရွတ်ရင်း ခြံစည်းရိုးနား အသာကပ်၍ ခြေဖျားထောက်ကာ တစ်ဖက်ခြံသို့ လှမ်းကြည့်လိုက်၏။

---



www.burmeseclassic.com

wwww.burmeseclassic.com



ညဝတ်ဂါဝန်ဖြူဖြူကလေးနှင့် လက်ထဲမှာ ရေပုံးတစ်ပုံးကို ဆွဲကာ ကုပ်ချောင်းချောင်း လှမ်းလာသောသူမက နှင်းဆီပင်တွေနားအရောက် လက်ထဲကပုံးကိုချပြီး ပန်းပင်တွေကို ခဲတံသာသာ တတ်မီးကလေးနှင့် ထိုးကြည့်သည်။

မီးရောင်အောက်မှာ အတော်လေး ကြီးထွားလာပြီ ဖြစ်သော နှင်းဆီဖူးလေးက ချက်ချင်းပွင့်အာလိုက်တော့မယောင် အားယူလျက် လန်းဆတ်နုသစ်နေ၏။

သူမက နှင်းဆီဖူးဖူးလေးကို လက်ညှိုးလေးနှင့် မထိတထိ ပွတ်သပ်ကိုင်တွယ်ကြည့်ရင်း ဆောင့်ခနဲသက်ပြင်းချသည်။

ဖရိုဖရဲ ဝဲကျနေသည့်ဆံပင်တွေကို နားရွက်နောက် သိမ်းပို့ရင်း နှုတ်ကလည်း ပွစိပွစိရေရွတ်နေသေး၏။

"ဟင်း . . . နင်က ပွင့်တော့မယ်ပေါ့လေ၊ နေပူပူ မိုးရွာရွာ ဂရုမစိုက်ဘူးပေါ့၊ ဟုတ်လား၊ တော်တော်ခေါင်းမာတဲ့ကောင်၊ နင်နဲ့ ခိုင်မြဲအတူတူပဲ၊ သနားလို့ ရေလာ





လောင်းပေးတာ၊ ဘယ်လိုလဲ၊ တော်တော်ဆာနေပြီလား"

ပြောရင်း ပလပ်စတစ်ပုံးထဲက ရေတွေကို လက်ခုပ်လေးနှင့် ခပ်ယူကာ ပန်းဖူးလေးပေါ်မှ လောင်းချသည်။

"အားဆေးတော့ မကျွေးတော့ပါဘူးဟယ်၊ နင်က ချက်ချင်း ထပွင့်တော့မယ့်အတိုင်း ဖြစ်နေပြီ၊ ဟိုဘက်က တစ်ကောင်လည်း ပွင့်တော့မယ်၊ ကြည့်စမ်း . . . နင်တို့က နောက်တစ်ဖူးတောင် ပြင်နေကြပြီ၊ ကောင်းတယ်၊ ဒါမှ ခိုင်မြဲဆိုတဲ့အစုတ်ပလုပ်ကို ပညာပေးလို့ရမှာ၊ မနက်ဖြန် နင် ပွင့်လိုက်တော့ သိလား၊ ခိုင်မြဲ မနိုးခင် ငါ လာခူးမယ်၊ သိလား"

အရူးမလေးလို တတွတ်တွတ်ပြောရင်း ရေတွေ လောင်းလိုက်၊ အရွက်ဝါတွေ၊ ပိုးပေါက်အရွက်တွေ ဖယ်ပေးလိုက် လုပ်နေတာ နွဲ့ယိမ်းကိုကြည့်ပြီး သူ ခွိခနဲရယ်ချလိုက်မိသည်။

သူလေနှင့် သူ ပိနေသော နွဲ့ယိမ်းက သူ့ရယ်သံကို

wwww.burmeseclassic.com



မကြား။ ရုတ်တရက် ကောင်းကင်မှာ တိမ်လိပ်မည်းမည်းတွေ ညို့လာပြီး လေအေးအေးတစ်ချက် ဝေ့တိုက်သွားသည်။

လက်ပြတ်ဂါဝန်တိုကလေး ဝတ်ထားသော နွဲ့ယိမ်းက လက်ကလေးနှစ်ဖက်ကို ပိုက်ရင်း ကောင်းကင်ကို မော့ကြည့်သည်။

"ဟယ် ...မိုးရွာတော့မှာလား မသိဘူး၊ နင်တို့တော့ ရေမွန်းတော့မှာပဲ၊ စိတ်မပူပါနဲ့ဟယ်၊ သရက်ပင်ကြီးက ကွယ်ထားပေးမှာပါ၊ နောက်နေ့ဆို အိမ်ရှေ့မှာ ခေါ်ထားမယ်၊ သိလား၊ ဒါမှ ငါနဲ့နီးနီးနေရမှာ"

"ဘုတ် ..."

"အမလေး"

"ရှူး ...ငါပါ နွဲ့ယိမ်းရ"

"ဟယ် ...နင် ဘယ်ကဘယ်လို ဝင်လာတာလဲ"

"ခြံစည်းရိုးအပေါ်က ကျော်ဝင်လာတာလေ"

အိမ်ဘက်က လာသော မီးရောင်ကြောင့် တစ်ယောက်





မျက်နှာ တစ်ယောက် သဲသဲကွဲကွဲ မြင်နေရသော်လည်း ဘာရယ် ကြောင့်မသိ၊ ရဲရဲတင်းတင်း မကြည့်မိကြချေ။

နွဲ့ယိမ်း မျက်နှာဖွေးဖွေးလေးက ပန်းရင့်ရောင် သမ်းနေ သလို သူ့ကိုတစ်ချက်မှမော့မကြည့်ဘဲ မျက်လွှာချထားတာမို့ နိုင် မြပင် ရင်ထဲ ကတုန်ကယင်ဖြစ်လာတာ လက်ဖျားတွေက အေး သွားလိုက်၊ နွေးသွားလိုက်နှင့် ရှိနေ၏။

"ဘာလာလုပ်တာလဲ၊ မိုးချုပ်မှ"

"နင်ရော မိုးချုပ်ပြီ ခြံထဲ ဘာဆင်းလုပ်တာလဲ"

နွဲ့ယိမ်းက ဘာမှပြန်မဖြေဘဲ နှင်းဆီပင်တွေဆီ ငုံ့ကြည့် နေ၏။

"နင် ...ငါပြောတာတွေ ကြားသွားပြီလား"

"အင်း ...ငါ ဒီနားမှာ ရောက်နေတာ ကြာပြီ ဟို အရင်ရက်တွေက နင့်ခြံထဲကို ပုံးကြီး ဆွဲဆွဲပြီးသွားတာ တွေ့တယ်၊ ဘာလုပ်ရမှန်း မသိဘူး၊ ညဘက်ကျမှ ဘာလို့



www.burmeseclassic.com

wwww.burmeseclassic.com



လာလောင်းတာလဲ"

"နင် မြင်သွားမှာစိုးလို့လေ"

"ဒါပေမဲ့ နင် ပန်းတွေတော့ ပွင့်စေချင်တယ်မဟုတ်လား"

"မပွင့်စေချင်ပါဘူး၊ ပစ်ထားရတာ စိတ်မကောင်းလို့ လာလောင်းပေးတာ"

"နင် ငါ့ကိုမညာပါနဲ့ နွဲ့ယိမ်းရယ်၊ နင် နှင်းဆီဖြူတွေပွင့်တာ မြင်ချင်တယ်မှတ်လား"

နွဲ့ယိမ်းက လက်နှစ်ဖက်ကို တင်းတင်းပိုက်ရင်း ခေါင်းငုံ့ထားလေသည်။

"နွဲ့ယိမ်း"

တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် ပတ်ဝန်းကျင် အခြေအနေက သူ့ရင်ခုန်သံ ပရမ်းပတာ ဖြစ်စေခဲ့သလား မပြောနိုင်၊

နွဲ့ယိမ်းရဲ့ပုခုံးလေးနှစ်ဖက်က သူ တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ခေါ်လိုက်တာမို့ သူမက မဝံ့မရဲမော့ကြည့်သည်။





ခပ်မှုန်မှုန်အလင်းရောင်အောက်မှာပင် သူတို့နှစ်ယောက်လုံး မျက်လုံးတွေက တလက်လက် တောက်ပလင်းဖြာနေကြ၏။

နွဲ့ယိမ်းရဲ့ နှုတ်ခမ်းဖူးဖူးလေးက တစ်ခုခုပြောတော့မလို ပွင့်ပြီးမှ ရုတ်ချည်း ခေါင်းပြန်ငုံ့ထားတာ၊ ပုခုံးပေါ်က သူ့လက်တွေကို မသိမသာ တွန်းဖယ်ချလေသည်။

"နင် . . . ပြန်တော့ဟာ"

"ငါ ပြန်မှာပါ၊ ဒါပေမဲ့ နင့်အနားမှာ ခဏလေးဖြစ်ဖြစ် နေပါရစေဦး"

"လူကြီးတွေ မြင်သွားရင် မကောင်းဘူး"

"ငါကတော့ နင့်ကိုချစ်တာပဲ သိတယ်"

"ပြောရခက်လိုက်တာ"

"အဲဒါဆို ခေါင်းညိတ်ပြလေ"

"ဘာဆိုင်လို့လဲ"

"ချစ်တယ်လို့ ဖြေပါလားဟင်"



www.burmeseclassic.com

wwww.burmeseclassic.com



သူဘာမှမပြောဘဲ တိတ်ဆိတ်သွားပြန်သည်။ ထိုသို့တိတ်ဆိတ်နေတာကိုပင် သူနှလုံးသားက ခံနိုင်ရည်မရှိ။

တစ်စုံတစ်ခုကို ဆာလောင်မွတ်သိပ်စွာ ဝုန်းဒိုင်းကြဲ ခုန်ပေါက်လျက် ရှိ၏။ ထိုအရာက သူမအချစ်မှတစ်ပါး အခြားမရှိပြီ။

"ပြန်ပါတော့ဟယ်၊ အချိန်မရှိတော့ဘူး၊ တော်ကြာ တစ်ယောက်ယောက် မြင်သွားရင် . . .

"ချစ်တယ်လို့ဖြေရင် ပြန်မယ်"

"အဲလို အကျပ်မကိုင်နဲ့ဟာ"

"အကျပ်မကိုင်ချင်ပါဘူး၊ လက်ပဲ ကိုင်ချင်တာ၊ တစ်စက္ကန့်လောက် ခွင့်ပြုလိုက်လေ"

"နင်နော် . . .

"ငါနော် . . . စိတ်မညစ်ချင်တော့ဘူး ဖြေပါဟာ"





"ဘယ်လိုဖြစ်နေတာလဲ ခိုင်မြ"

"ချစ်နေတာလေ၊ နင်ပြောသလို အရှူးအမူးကို ချစ်နေတာ"

"မသိဘူးဟာ"

"နင်သိအောင် ငါ ဘယ်လိုသက်သေပြရမှာလဲ"

"ဘယ်လိုမှမပြနဲ့၊ ခုပြန်တော့"

"ကဲပါ . . . လူကြီးတွေ လစ်တုန်း မြန်မြန်"

သူမပုခုံးလေးကို မလွှတ်သေးဘဲ မျက်နှာနား နီးကပ်စွာ ငုံ့ကိုင်လျက် လေသံလေးနှင့်ပြောတော့ နွဲ့ယိမ်းက သူ့ရင်ဘတ်ကို လက်နှင့်တွန်းလျက် ခေါင်းငုံ့မျက်နှာလွှဲထားသည်။

"ခိုင်မြနော် . . . ငါ ရှက်လာပြီ"

"ဟမ် . . . ချစ်လာပြီ၊ ဟုတ်လား"

"ဘာချစ်လာပြီလဲ၊ ရှက်တယ်လို့ပြောတာ"

"သြော် . . . ချစ်တယ်တဲ့လား"



www.burmeseclassic.com

wwww.burmeseclassic.com



"ခိုင်မြ"

"ပြောလေ . . . ငါ နားထောင်နေတယ်၊ ချစ်တယ်လို့ ဖြေ"

"ငါ စိတ်ညစ်လာပြီဟာ"

"ဘာ . . . သိပ်ချစ်လာပြီ၊ ဟုတ်လား"

နွဲ့ယိမ်းက သက်ပြင်းကို ဆောင့်ခနဲချပြီး သူ့ကိုမော့ကြည့်သည်။ သူမမျက်လုံးတွေထဲ သူ ပြန်စိုက်ကြည့်နေလိုက်သည်။ ရုတ်တရက်တော့ ဘယ်သူမှမရှောင်လွှဲမိကြဘဲ တစ်ယောက်အကြည့်မှာ တစ်ယောက် ရီဝေယစ်မူးစွာ ဆွံ့အ,သွားမိကြ၏။

ထို့နောက်တော့ သူမမျက်ဝန်းတွေဆီ ပို၍နီးကပ်စွာ တိုးဝင်သွားမိတော့သည်။

နွဲ့ယိမ်းနှုတ်က မသဲမကွဲ အာမေဋိတ်သံလေးတစ်ခု ရုတ်ချည်းလွင့်ကျသွားစဉ် သူ့ရင်ခုန်သံလိပ်ပြာလေးက နှင်းဆီပွင့်ဖတ်တွေနှင့် ဆင်ဆင်တူသော နှုတ်ခမ်းပါးလေးမှာ ခိုနားမိလေသည်။





ရုတ်တရက် အေးစက်သော အထိအတွေ့ကြောင့် သတိဝင်လာမိတော့ သူတို့နှစ်ယောက်လုံး မိုးရေတွေ စိုနေပြီ။

"ဟယ် . . . မိုးတွေ ရွာလာပြီ"

သူမကိုယ်ပေါ်မှာ သိုင်းဖက်ထားသည့် သူ့လက်တွေကို တွန်းဖယ်ချရင်း နွဲ့ယိမ်းက အထိတ်တလန့်ပြောလေသည်။

သူကတော့ လန်းဆတ်ပူနွေးသော အနမ်းတစ်စုံရဲ့ ဖြားယောင်းမှုကြောင့် ပစ္စက္ခကို သတိမေ့လျော့နေဆဲ။

တရစပ် လာရောက်ထိမှန်သည့်မိုးစက်တွေကို အံတုရင်း သူမကို တင်းကျပ်စွာ ဖက်ထားလျက် အေးစက်မွေးမြသည့် ပါးပြင်မှာ မျက်နှာအပ်ထားမိ၏။

"ခိုင်မြ . . . ပြန် ပြန်တော့နော်၊ အအေးမိလိမ့်မယ်"

မျက်နှာပေါ်က မိုးရေစက်တွေကို သပ်ချရင်း သူမကို ပြုံးပြလိုက်မိသည်။



www.burmeseclassic.com

wwww.burmeseclassic.com



"ငါ့ကိုစိုးရိမ်ပေးတဲ့အတွက် ကျေးဇူး၊ ပြီးတော့ ပထမဆုံး ချစ်သူဆီက ဦးဦးဖျားဖျား အနမ်းတစ်ခုအတွက်လည်း ကျေးဇူးပဲ၊ ငါ နင့်ကိုသိပ်ချစ်တယ် နွဲ့ယိမ်း"

သူမက သူ့ပါးပြင်နှစ်ဖက်ကို သူမရဲ့လက်ဖဝါးနှစ်ဖက်နှင့် ခပ်ဖွဖွပွတ်သပ်ရင်း ခေါင်းညိတ်ပြ၏။

"ငါလည်း နင့်ကိုချစ်ပါတယ်"

"ငါ ပြန်တော့မယ်နော်"

"အင်း . . ."

နှုတ်ဆက်သံတွေအဆုံး အော်ဟစ်ပြေးလွှားလာသော မိုးသံလေသံတွေက ပတ်ဝန်းကျင်တစ်ခွင်လုံး ဆူညံစွာ လွှမ်းမိုးသွားသည်။

သူ အိမ်ထဲရောက်ပြီး ခဏအကြာ လျှပ်စစ်မီးတွေ မှိတ်သွားကြသည်။ မီးပျက်သွားပေမယ့် တောက်ပလင်းလက်တဲ့ သူတို့





နှစ်ယောက်ရဲ့ ချစ်ခြင်းကြောင့် မျှော်လင့်ခြင်းနှင်းဆီတွေက စောစီးစွာ ပွင့်လို့ . . .။ မနက်ဖြန်အတွက် သေချာတဲ့ အိပ်မက်တစ်ခုစီနှင့် နှလုံးသားချင်း နီးစပ်ခဲ့ကြလေတော့၏။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

# အခန်း(၂၀)

စာမေးပွဲ အောင်စာရင်းထွက်တော့ သူတို့နှစ်ယောက်လုံး အောင်ကြပါသည်။ ခိုင်မြကြ ဂုဏ်ထူးနှစ်ဘာသာပါပြီး အမှတ်ကောင်းကောင်းနှင့် အောင်တာဖြစ်၏။ နွဲ့ယိမ်းကတော့ ဒီအတိုင်းသာ အောင်ရုံကလေးသာ အောင်ပြီး တော်တော်အမှတ်နည်းသည်။ အောင်တာချင်းအတူတူ ခိုင်မြနှင့် အမှတ်နှင့်နီးပါး ကွာနေတာမို့ တက္ကသိုလ်တစ်ခုတည်း အတူတူတာမို့ ဘယ်လိုမှမဖြစ်

wwww.burmeseclassic.com



နိုင်တော့ချေ။

ထို့အတွက် နွဲ့ယိမ်းက ဘာမှမခံစားရသလို ရှိသော်လည်း ခိုင်မြကတော့ အတော်လေး စိတ်ခတ်ကျနေမိလေသည်။

ထို့ထက်ပို၍ စိတ်မကောင်းစရာကောင်းသောအဖြစ်ကတော့ . . .။

"သားရေ . . . နွဲ့ယိမ်းတို့ မရှိတော့ဘူး၊ မေမေ မြို့ရှည်သွားပို့တာ တံခါးကြီး ပိတ်ထားတယ်"

"ဗျာ"

သူ အိပ်ရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။ ကုတင်ပေါ်မှ အပြေးအလွှားဆင်းပြီး ပြတင်းပေါက်မှ လိုက်ကာစလေးကို ဖယ်ကာ နွဲ့ယိမ်းတို့ခြံထဲကို လှမ်းကြည့်လိုက်တော့ တစ်ခြံလုံး တိတ်ဆိတ် ငြိမ်သက်နေ၏။

သူ အခန်းထဲက အပြေးအလွှားထွက်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။





"ဟဲ့ . . . သား၊ ဒီမှာ . . . ဒီမှာ၊ မမေသီတာ ထားခဲ့တဲ့စာ"

ဟု လှမ်းအော်သည်။ သူ လှေကားအတိုင်း ပြန်တက်လာပြီး မေမေ့လက်ထဲက စာရွက်လေးကို လှမ်းယူလိုက်၏။

"သူတို့ အပြီးပြောင်းသွားကြပြီ သား"

မေမေ့အသံက ဆွေမျိုးရင်းချာတစ်ယောက် အတိဒုက္ခရောက်သွားတာကို မရှုရက်နိုင်ဟန် ဝမ်းနည်းဆို့နင့်လေသည်။

သူ စာရွက်လေးကို ဖြန့်ဖတ်လိုက်တော့ အန်တီမေသီတာ့ လက်ရေးနှင့် နှုတ်ဆက်စာတွေကို တွေ့လိုက်ရ၏။

'ကိုအောင်နဲ့ ငြိမ်းငြိမ်း၊ သား ခိုင်မြရော . . . ဘာမှကြို မပြောဘဲ ခုလိုလုပ်လိုက်ရတာ တောင်းပန်ပါတယ်' တဲ့။

သူ ဆိုဖာပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။ ခြံထဲမှာ အိမ်ရောင်းဖို့ စီစဉ်ထားတာ ကြာပြီဆိုတာရယ်၊ နွဲ့ယိမ်းအဖေ ရှိဟုန်းကတည်းက အကြွေးကိစ္စတွေကို ရှင်းရမှာမို့ ခုလိုလုပ်



www.burmeseclassic.com

wwww.burmeseclassic.com



ရတာဖြစ်ပြီး သူပြောပြလျှင် မိသားစုတွေ စိတ်မကောင်းဖြစ်မှာ စိုးလို့ ကြိတ်ပြီး စီစဉ်မိတာကို နားလည်ပေးပါဆိုတာတွေရယ်၊ အခု ပြောင်းသွားတဲ့ အိမ်လိပ်စာရယ်ကို ရေးပေးထားခဲ့၏။

"စိတ်မကောင်းလိုက်တာ သားရယ်၊ မမေသိတာက သိပ်နှုတ်လုံတာပဲ၊ မေမေ့ကိုဖွင့်ပြောရင် ဒီလိုမဖြစ်စေရဘူး၊ ညီအစ်ကို မောင်နှမတွေလို ဒီလောက်ရင်းနှီးနေတာကို သနားပါတယ်၊ သားအမိနှစ်ယောက်ခမျှာ ဆွေမျိုးရင်းချာရှိတာမဟုတ်ဘူး၊ ကိုသော်ဇင့်ဘက်က အမျိုးတွေကလည်း မသေခင်ကတည်းက ဝိုင်းပစ်ပယ်ထားတာ"

မေမေက မျက်ရည်စတွေကို လက်ညှိုးနှင့် တို့သုတ်ဖယ်ရှားရင်း စိတ်မကောင်းဖွယ် တတွတ်တွတ်ပြောနေသည်။

သူ မေမေ့စကားတွေ ဆက်နားထောင်နေလျှင် မျက်ရည်ကျမိတော့မည်။ ထို့ကြောင့် အိမ်ပေါ်မှဆင်းကာ တစ်ဖက်ခြံသို့ ကူးလာခဲ့၏။





သူတို့တွေ့နေကျ ခြံထောင့်က စံပယ်ရုံလေးနားမှာ နှင်းဆီဖြူအိုးလေးတစ်အိုးသာ ကျန်ခဲ့တာ တွေ့ရသည်။

ရက်စက်လိုက်တာ နွယ့်ယိမ်းရယ်လို့ သူ အသံတိတ် ညည်းညူ ကြေကွဲမိ၏။

ပန်းအိုးထဲမှာ စာလေးတစ်စောင် တွေ့လိုက်ရတာမို့ သူ ထိတ်ခနဲ ဝမ်းသာသွားရသည်။

ဒါဆို . . . သူ့ကို နွယ့်ယိမ်း နှုတ်ဆက်ခဲ့သေးသည်ပေါ့။ သူ စာရွက်လေးကို ကပျာကယာ ဆွဲယူဖြန့်ဖတ်လိုက်၏။ သူ ဒီနေရာလေးကို ရောက်လာမယ်မှန်း သူမ သိနေသောကြောင့်သာ စာကို ဒီနေရာမှာ ထားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

"ခိုင်မြ . . .

နှင်းဆီဖြူတစ်ပင်တည်း ချန်ထားခဲ့တာ စိတ်မကောင်းမဖြစ်ပါနဲ့၊ နင် အဖော်ရအောင်လို့ပါ၊ ကျန်တဲ့ အပင်တွေ ရအောင် သယ်သွားတယ်၊ နောက်ပြောင်းမယ့် ခြံထဲမှာ



www.burmeseclassic.com

wwww.burmeseclassic.com



ထားမယ်၊ နင့်ကိုယ်စား နှင်းဆီဖြူတွေနဲ့ နေ့တိုင်း စကား
ပြောမယ်၊ ပန်းတွေများများပွင့်အောင် ငါ တယောထိုးပြ
ရဦးမယ်၊ နင်လည်း ကျန်ခဲ့တဲ့အပင်လေးကို ဂရုစိုက်ပေး
ပါ၊ ခြံထဲကို ပြန်ယူချင် ယူပေါ့ . . . "

သူ့ပါးပြင်ပေါ်မှ မျက်ရည်တစ်စက် စာရွက်ဖြူလေးပေါ်
ဖောက်ခနဲပြုတ်ကျသွား၏။

"နင် တက်ချင်တဲ့ ကွန်ပျူတာတက္ကသိုလ် တက်ခွင့်ရတာ
ငါ ဝမ်းသာပါတယ်၊ ငါကတော့ အမှတ်နည်းတော့ အပေး
သင်တက်ပြီး ရိုးရိုးမေဂျာပဲ ယူရမှာ၊ နင့်ကိုပြောပြဖို့ မေ့
နေတာ၊ ငါ အလုပ်လျှောက်ထားတာ ရပြီသိလား၊ နင်
အံ့ဩသွားအောင် မပြောဘဲ ထားတာ၊ Jasmine မှာ
သီချင်းဆိုရမှာ၊ အဲဒီဆိုင်မှာ ဂစ်တာတီးတဲ့ ဦးဇော်မျိုး
လင်းက ငါ့အဖေရဲ့ တပည့်အရင်းလေ၊ နင် ဘာမှစိတ်
မပူနဲ့နော်၊ အဲ့ဆိုင်က စည်းကမ်းရှိပါတယ်၊ ငါလည်း





ဝါသနာပါတဲ့အလုပ်နဲ့ အိမ်စရိတ် ထောက်နိုင်မှာမို့ ဝမ်းသာနေမိတယ်၊ ငါ့ရည်မှန်းချက်က ပိုက်ဆံရဖို့ အဓိကမဟုတ်ဘူး၊ အဆိုတော်တစ်ယောက်ဖြစ်ဖို့၊ ဘဝကိုအောက်ခြေက စတယ်လို့ သဘောထားရမှာပဲ၊ အိမ်ပြောင်းမယ့်ကိစ္စကို ငါသိခဲ့တာကြာပြီ၊ မေမေက နင်တို့မိသားစုကို အပူပေးသလို ဖြစ်နေမယ်ဆိုပြီး ဖွင့်မပြောနိုင်းတာ၊ ငါကိုယ်တိုင်ကလည်း မပြောချင်ဘူး၊ နင် သိသွားရင် နင့်မိဘတွေသိပြီး အကူအညီပေးမှာ မလိုချင်ဘူး၊ မာနထားတာတော့ မဟုတ်ဘူး၊ ဘာပဲဖြင့်ဖြစ် နင်တို့ကူညီရင် ငါ့စိတ်ထဲ လုံခြုံမှာ မဟုတ်ဘူးလေ . . .

ထားလိုက်ပါတော့ ပြီးခဲ့တာတွေ . . .

ငါ နင့်ကို အမြဲသတိရနေပါ့မယ်။

ချစ်တဲ့

နွဲ့ယိမ်း ။



www.burmeseclassic.com

wwww.burmeseclassic.com



စာအဆုံး သူမျက်ဝန်းအစုံမှာ မျက်ရည်တွေ စွဲနစ်စိုစွတ်သွားသည်။

မငိုဘဲ ကြွေတဲ့မျက်ရည်တဲ့လား။

နှင်းဆီဖြူတွေ လန်းဖို့ မျက်ရည်နဲ့ ဖျန်းနေမိသော သူ့အဖြစ်ကို နွဲ့ယိမ်း သိအောင်လည်း ပြောမပြချင်။

မလွမ်းတတ်ရင် ကောင်းမယ် နွဲ့ယိမ်းရယ်။

➤ ➤ ➤



## အခန်း(၂၁)

"ဟယ် . . . နိုင်မြ၊ ဘယ်က လှည့်လာတာလဲ"

သူ မချိုပြုံး ပြုံးလိုက်မိသည်။

နွဲ့ယိမ်းကို ကြည့်လိုက်တော့ ယခင်ကထက် အများကြီး ...ှနေတာ တွေ့ရသည်။ ကျောင်းစိမ်းဝတ်စုံလေးတွေ၊ အိမ်နေ...း ဂါဝန် စကတ်ကလေးတွေနှင့်သာ အမြဲမျက်စိယဉ်ခဲ့ဖူးသော ...အတွက် ယခုတွေ့ရသော နွဲ့ယိမ်းရဲ့ အသွင်အပြင်က အသစ်



www.burmeseclassic.com

wwww.burmeseclassic.com



ဖြစ်နေ၏။

အသားကပ်ဘောင်းဘီအနက်ရောင်နှင့် ပုခုံးချိတ် အင်္ကျီ အဖြူရှည်ရှည်လေးကို ဝတ်ထားသော နွဲ့ယိမ်းကို သူ အသေအချာ ကြည့်ပြီး ပြောင်းလဲစ ပြုနေသော အမူအရာကို အကဲခတ်မိ၏။

ဒီလိုအဝတ်အစားမျိုးနှင့် မျက်နှာအပြင်အဆင်တွေ ပြောင်းနေတာတောင် သူ့ရှေ့မှာ မနေတတ် မထိုင်တတ် ဖြစ်နေ တာမျိုး မရှိဘဲ သူမအသွင်က ဖျတ်လတ်တက်ကြွနေသည်။

နာမည်ကြီး စားသောက်ဆိုင်က Vocalist တစ်ယောက် အသွင် လုံးဝပေါ်လွင်နေသော နွဲ့ယိမ်းကို ဒီလောက် လိုက်လျော ညီထွေ နေထိုင်တတ်လာမည်ဟု သူ လုံးဝမထင်မိခဲ့။

ပြီးတော့ ကြားခဲ့ရသော သူမရဲ့အောင်မြင်မှုသတင်းတွေ ထင်ပေါ်လို့ စင်တော်ကောက်ခံရတော့မယ့်ဆဲဆဲ အခြေအနေ ဆို တာတွေ . . .။

အားလုံး သူနှင့်မဆုံခဲ့သမျှ လက်တွေ့မြင်ရတော့ ရ





တစ်ခုလုံး ပြည့်လျှံပေါက်ထွက်တော့မတတ် ခံစားလိုက်ရသည်။

ကျောင်းစာတွေနှင့် သူ နပမ်းလုံးနေရချိန်မှာ နွဲ့ယိမ်းက သံစဉ်တွေကြားမှာ ဘဝအတွက် အောင်မြင်တိုးတက်မှု ရှာနေခဲ့ သတဲ့။

"ဟဲ့ . . . ဘာငိုင်နေတာလဲ၊ မေးတာ ဖြေဦးလေ"

"အင်း . . . ဘာမေးလိုက်တာလဲ"

နွဲ့ယိမ်းက သူ့ကို မျက်စောင်းတစ်ချက် လှလှပပ ထိုးသည်။ ဒီလိုမျက်စောင်းမျိုး တခြားယောကျ်ားတစ်ယောက်ရှေ့မှာ မသုံးပါနဲ့လားဟု ဖွင့်ပြောလိုက်ချင်သည်။

"နင်ကတော့ ဖြစ်ရမယ်၊ စာတွေ ကျက်လွန်းလို့ ကြောင် ကုန်ပြီထင်တယ်၊ အခု ဘယ်က လှည့်လာတာလဲလို့ မေး တာ"

"ဩော်"

သူ ဩော်ရုံသာ တတ်နိုင်ပါသည်။



www.burmeseclassic.com

wwww.burmeseclassic.com



တစ်ပတ်လုံးမှာ ကျောင်းတက်ရက်နှင့် ကျူရှင်ချိန် သင်တန်းချိန်တွေ အပြည့်ယူထားရသောသူ့အတွက် နွဲ့ယိမ်းကိုတွေ့ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ဖူး၏။

နေ့လယ်ခင်း အိမ်ကိုသွားတော့ ဘယ်သူနဲ့ အပြင်သွားတယ်။ Shopping ထွက်နေတယ်၊ သီချင်းသွားတိုက်တယ်၊ တယောသွားသင်တယ်ဆိုတာမျိုးတွေကြောင့် ဆိုင်အထိ လိုက်လာတော့ ဘယ်က လှည့်လာတာလဲ တဲ့။

"ည ရှစ်နာရီခွဲတော့မယ့်ဟာ ဘယ်က လှည့်လာရမှာလဲ၊ နင့်ကိုတွေ့ချင်လို့ တမင်လာတာပေါ့၊ နင်သိပ်နေနိုင်တာပဲ၊ ဖုန်းတောင် မဆက်ဘူးနော်"

"ငါ အန်တီငြိမ်းဆီ လာလည်မလို့ပါပဲ၊ အဝေးသင်ဆိုပေမယ့်လည်း ကျူရှင်တက်နေရတာ၊ Sunday တိုင်း လှည်းတန်းက မဟာမှာ ငါ ရှိတယ်၊ ဖုန်းဆက်ရအောင် နင်က နေ့ခင်းဘက် ရှိမှမရှိတာ၊ ညကျတော့ ငါက ဆိုင်ရောက်





နေပြီ"

"အကြောင်းပြချက်က ခိုင်လုံနေပါပြီ"

"မခနဲ့ပါနဲ့ ခိုင်မြဲရယ်၊ သတိရတာချင်းတူရင်တောင် ငါက သီချင်းတွေနဲ့ ပိုလွမ်းရတဲ့သူပါ"

"စာကျက်ရင်းနဲ့ရော သတိမရ ရတော့ဘူးလား နွဲ့ယိမ်းရယ်"

သူ့စကားကြောင့် နွဲ့ယိမ်းက စားပွဲပေါ်မှာ မေးထောက်လျက် ငြိမ်သက်ငေးမောနေ၏။ အတန်ကြာမှ သူမက . . .

"နင် တစ်ခုခု မမှာတော့ဘူးလား၊ ငါ ကျွေးမှာပါ"

ဟု ပြောရင်း စားပွဲပေါ်မှာ ချထားတဲ့ menu book လေးကို သူ့ဘက် တွန်းပေးသည်။ ထိုစဉ်မှာပင် သူတို့ဝိုင်းနားသို့ လူတစ်ယောက် ရောက်လာသည်။

"ဟိုင်း . . . နွဲ့ယိမ်း၊ နွဲ့ယိမ်းအလှည့် မရောက်သေးဘူးလား"



www.burmeseclassic.com

wwww.burmeseclassic.com

သူရော နွဲ့ယိမ်းပါ ထိုလူကို မော့ကြည့်လိုက်ကြသည်။ အသက်အစိတ်ဝန်းကျင်လောက် ရှိပြီး ချောမောသန့်ပြန့်ကာ ငွေကြေးပြည့်စုံချမ်းသာပုံပေါ်သော ယောက်ျားတစ်ယောက်ဖြစ်၏။ နွဲ့ယိမ်းကို ကြည့်သော မျက်ဝန်းတွေ၊ စကားသံတွေက အတော်ရင်းနှီးကျွမ်းဝင်ပြီး ဂရုတစိုက် ရှိလှပုံပင်။

နွဲ့ယိမ်းကလည်း ထိုနည်းနှင်နှင်ပင်။ နှုတ်ခမ်းတွေရော၊ မျက်ဝန်းတွေပါ လှိုက်လှဲချိုရွှင်သွားကာ တရင်းတနှီးပုံစံနှင့် . . .

"ဩော် . . . ကိုမင်း၊ ဘယ်တုန်းက ရောက်နေတာလဲ၊ နွဲ့ယိမ်းအလှည့်က နည်းနည်းလိုသေးတယ်၊ ဒီမှာ သူငယ်ချင်း ရောက်နေလို့ စကားပြောနေတာ"

"ဟုတ်လား"

"နိုင်မြ . . . ဒါ ကိုမင်းသီဟတဲ့၊ ကိုမင်း သူက နွဲ့ယိမ်းရဲ့ ငယ်သူငယ်ချင်း နိုင်မြဲအောင်တဲ့၊ ကွန်ပျူတာ တက္ကသိုလ် တက်နေတာလေ၊ အဟင်း . . . နွဲ့ယိမ်းက





စာညံ့လို့ Distance ပဲ ရတာ"

နွဲ့ယိမ်းက ရွှန်းရွှန်းဝေ ရှင်းပြနေသလောက် သူနှင့် ထိုလူ၏ တစ်ယောက်နှင့် တစ်ယောက် အသိအမှတ်ပြုကြပုံက အင်မတန် လျော့ရည့်ဖျင်းလှသည်။

ထိုခဏမှာပင် နွဲ့ယိမ်းအပေါ်ထားသော ယောက်ျား နှစ်ယောက်၏ သဘောထားကို ရုတ်ချည်း အကဲခတ်မိကြ၏။ နွဲ့ယိမ်း နှုတ်က သူငယ်ချင်းဟူသော အသုံးအနှုန်းကို သူ စောဒက မတက်လိုသော်လည်း သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာမို့ မကျေမနပ်တော့ ဖြစ်သွားမိသည်။

မှုန်ကုပ်ကုပ် ရှုတင်းတင်းဖြစ်နေသော နိုင်မြမျက်နှာကို ကလေးတစ်ယောက်အား ကြည့်ပုံမျိုးနှင့် ခပ်ပြုံးပြုံး ကြည့်လိုက်ကာ-

"နွဲ့ယိမ်း . . . စကားပြောနေတာ အနှောင့်အယှက် ဖြစ်သွားရင် so sorry ကွာ၊ ကိုယ် ဟိုထောင့်က ဝိုင်းမှာ ရှိ



www.burmeseclassic.com

wwww.burmeseclassic.com



မယ်၊ ဟုတ်ပြီလား"

"ဟုတ် . . . ကိုမင်း"

ပိုင်ပိုင်နိုင်နိုင်ပြောသွားသော သူ့စကားအဆုံး နွဲ့ယိမ်းပုံစံက အစွမ်းကုန် လိုက်နာရိုကျိုးဟန်နှင့် ခေါင်းညိတ်တုန့်ပြန်သည်။

မင်းသီဟက သူ့ကို အရေးလုပ် နှုတ်ဆက်မနေဘဲ ထိုနေရာမှ လှည့်ထွက်သွားတော့၏။

"နွဲ့ယိမ်း . . . အဲဒါ ဘယ်သူလဲ"

"အင်း . . . ဘယ်လိုပြောရမလဲ၊ သူငယ်ချင်းလည်း မဟုတ်ဘူး၊ လူကြီးတွေ ပြောသလိုဆို မိတ်ဆွေပေါ့၊ ငါ့အနေနဲ့တော့ သူက ငါ့ရဲ့ပရိသတ်ပဲ၊ ငါ့ကို ထိပ်ဆုံးက အားပေးတဲ့သူ၊ အခု ငါ့ကို စီးရီးထုတ်ပေးဖို့ လေ့လာနေတယ်ဆိုပါတော့"

"ဪ"

သူ့ရင်ထဲ တလှိုက်လှိုက် ဝမ်းနည်းသွားမိ၏။





ဒါကြောင့် နွဲ့ယိမ်းရဲ့ ဆက်ဆံရေးက မင်းသီဟဆိုတဲ့ လူအပေါ် မျှော်လင့်အားကိုးခြင်းတွေနဲ့ အချိုပေါ် သကာလောင်းနေတာကိုး။

သူ့ရင်ထဲက စိုးရိမ်ရေမှတ်က အမြင့်ဆုံးသို့ တက်သွားသည်။ နွဲ့ယိမ်းစိတ်ဓာတ်ကို သူ အသိဆုံးဖြစ်သည်။

အခုတောင် မင်းသီဟကို ဆက်ဆံပုံနှင့် သူ့ကို ဆက်ဆံပုံက တခြားစီ။

"ရောက်လာမှတော့ အေးအေးဆေးဆေးပေါ့၊ ကားပါတယ် မှတ်လား၊ ငါ သီချင်းဆိုပြီးမှ ပြန်နော်၊ သွားဦးမယ်၊ မမကာရံပြီးရင် ငါ့အလှည့်ရောက်ပြီ"

ပြောပြီး နွဲ့ယိမ်း သူ့ဘေးမှ လှစ်ခနဲ လှည့်ထွက်သွားသည်။

သူခေါင်းညိတ်ပြပြီး Waiter တစ်ယောက်ကို လှမ်းခေါ်လိုက်၏။ ဘီယာတောင် မသောက်ဖူးသော သူက ဝီစကီ မှာလိုက်



www.burmeseclassic.com

wwww.burmeseclassic.com



မိသည်။

ဘယ်လိုစပ်ဟပ်ပြီး သောက်ရမှန်းမသိသော သူ့ပုံစံ ကြောင့် ဝိတ်တာတစ်ယောက် ရောက်လာပြီး သူ့ရှေ့က ဖန်ခွက် ထဲကို ရေခဲတုံးကလေးတွေနှင့် ဆိုဒါကို အချိုးကျ ရောစပ်ပေးသွား သည်။

သူ ဖန်ခွက်ကိုကောက်ကိုင်လိုက်ချိန်မှာ နွဲ့ယိမ်း စင်ပေါ် တက်လာသည်။

လက်ခုပ်သံတွေ ဆူညံသွားစဉ် သူ ဖန်ခွက်ကို တရှိန်ထိုး မော့ချပစ်လိုက်၏။

သီချင်းဆိုနေရင်း နွဲ့ယိမ်း သူ့ကို မကြာခဏလှမ်းကြည့် သည် ထင်၏။ သူ့စိတ်ထဲမှာတော့ ရွှေဆိုးဝိုင်းမှ ပန်းကုံးတက်စွပ် သော မင်းသီဟကိုကြည့်ပြီး ဆိုနေသည်ဟု ခံစားရသည်။

သူ့ရင်တွေ ပူလာသည်။ မျက်လုံးအိမ်တွေ ပူပြီး ငိုချပစ် ချင် လာမိ၏။ နွဲ့ယိမ်း ဘာတွေဆိုသွားသလဲ သူ မခံစားမိ။

ရွှေပဒေသာစာပေ



သူသိတာ အလွန်အမင်း ဝမ်းနည်းနေသော၊ ကြေကွဲ ရှုံ့သွပ်နေသောခံစားချက်ပင် ဖြစ်လေသည်။

ထိုခံစားချက်မှ တဖြည်းဖြည်း အသွင်ပြောင်းလာတာက နွဲ့ယိမ်းကို စွန့်လွှတ်ဆုံးရှုံးရမှာကို စိုးရိမ်ကြောက်လန့်မှုပင်။

ခေါင်းထဲ ရီတီတီဖြစ်လာတာမို့ နောက်ထပ် မသောက်ရဲ တော့ဘဲ စားပွဲပေါ်မှာ မေးထောက်လျက် ငြိမ်သက်နေတုန်းမှာပဲ နွဲ့ယိမ်း ရောက်လာတော့သည်။

"ခိုင်မြ"

"ဟင် . . ."

သူ့ရဲ့ ကြောင်တောင်တောင် ပြန်ထူးသံကြောင့် နွဲ့ယိမ်းက နှာခေါင်းရှုံ့ရင်း ခုံမှာဝင်ထိုင်သည်။

"နင် အရက်တွေ သောက်နေတယ်၊ ဟုတ်လား"

နင် မြင်တဲ့အတိုင်းပဲလို့ ပြောမိတော့မလို ဖြစ်ပြီးမှ ခေါင်း ညိတ်ပြလိုက်သည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



"ဘာတွေလဲဟာ၊ ဘာကိစ္စ သောက်ရတာလဲ၊ ငါ့ဆီကို လာရင်း သောက်သွားတာ အန်တီငြိမ်း သိရင် ကောင်း မလား၊ ခိုင်မြရယ် . . . ငါ စိတ်ညစ်လိုက်တာ"

"ငါ သောက်ချင်လို့သောက်တာ၊ နင့်ကို ဘယ်သူမှအပြစ် မတင်ပါဘူး"

"ဘာ. . . သောက်ချင်လို့ သောက်တယ်ဟုတ်လား၊ နင် က ဘယ်တုန်းက ဒါတွေ သောက်ဖူးလို့လဲ"

"ငါ့အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီ"

"အဲဒါ အရက်သောက်ခွင့်မဟုတ်ဘူး ခိုင်မြ၊ အနည်းဆုံး ယာဉ်မောင်းလိုင်စင်အတွက်ပဲ အသုံးဝင်တယ်၊ နင့် အရွယ်က ကလေးပဲ"

သူ မချိပြုံး ပြုံးမိသွားသည်။ ဆရာလုပ်သလိုလို၊ စိုးရိမ် ပူပန်တတ်သလို အကျင့်ကတော့ အရင်အတိုင်း မပြောင်းလဲသေး ပါလားဟု တွေးမိ၏။





"ငါ တစ်ခွက်ပဲ သောက်တာပါ"

"တစ်စက်ပဲ သောက်သောက် နင်က အရှိုင်း၊ မူးနေပြီ မှတ်လား"

သူ ပခုံးတွန့်မိသည်။

"မမူးပါဘူး၊ ငါက အရှိုင်းဆိုတော့ ဘယ်သူတွေက အယုဉ် တွေမို့လဲ"

"ကြည့် . . . နင် ပြောရင်းနဲ့ ငါ့ကို ပြန်ရစ်နေပြီ၊ ခိုင်မြ နင် တကယ်ပဲဟာ"

"ငါ့အတွက်နဲ့ နင် စိတ်အနှောင့်အယှက် ဖြစ်သွားရင် တောင်းပန်ပါတယ်၊ ငါ ပြန်တော့မယ်"

ရှပ်လက်ရှည် မီးခိုးရောင်နှင့် ဘောင်းဘီအနက်ကို ဝတ် ထားသော ခိုင်မြပုံစံက လူကြီးပုံစံ လုံးဝမပေါက်သေးပေမယ့် ရှည် မွန်သန့်ပြန့်သော ပုံစံလေးတော့ ပေါ်နေပါသည်။

သူ ခုံပေါ်မှ ကားသော့ကို ယူပြီး နေရာမှ ထရပ်တော့



www.burmeseclassic.com

wwww.burmeseclassic.com



ခြေထောက်က ယိုင်ခနဖြစ်သွားတာမို့ နွဲ့ယိမ်းက ဘေးဘီကို ကြည့်ပြီး အလန့်တကြား ထရပ်သည်။

"သေတော့မှာပဲ"

သူ့ကို ခပ်တိုးတိုး ကျိန်ဆဲပြီး ဘေးက ဝင်တွဲပေးတော့ သူ အရမ်းပဲ ပျော်သွားမိ၏။

"ငါ နင့်ကို လိုက်ပို့မယ်"

"ရတယ်၊ ဆိုင်က ဖယ်ရီပေးထားတယ်"

"နင် ဆိုလို့ပြီးပြီ မှတ်လား၊ ငါ နင့်အိမ် လိုက်ပို့ပေးမယ်"

"မဖြစ်ဘူး၊ ကိုမင်းက သီချင်းတစ်ပုဒ် တောင်းထားသေးတယ်"

သူ ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ရင်း မသိမသာ အံကြိတ်လိုက်မိသည်။

"မသိဘူး၊ နင် ငါနဲ့မပြန်ရင် ငါ တစ်ညလုံး ထိုင်သောက်နေမှာပဲ"





"ဟဲ့ . . . နင်ဘယ်လိုဖြစ်နေလဲ"

သူ ဘယ်လိုဖြစ်နေသလဲဆိုတာ သိအောင် ဖွင့်ပြောပြရလား။

တကယ်ခံစားရတယ် နွဲ့ယိမ်းရယ်။

Car Park ရောက်တော့ နွဲ့ယိမ်းက သူ့လက်တစ်ဖက်ကို တွဲယူရင်း လေသံခပ်တိုးတိုးနှင့် . . .

"ဒါ . . . အလုပ်ချိန်ကြီး ခိုင်မြရယ်၊ နောက်နေ့မှ အေးအေးဆေးဆေးတွေ့ရအောင်"

ဟု တောင်းပန်တိုးလျှိုးသလို ဆိုလေသည်။ သူ ခေါင်းရမ်းပြလိုက်သည်။

အလုပ်တာဝန်က သပ်သပ်၊ မင်းသီဟာဆိုတဲ့လူရဲ့ အလိုကျ သီဆိုဖျော်ဖြေချင်နေတာ မဟုတ်လားလို့ သူ မျက်လုံးအကြည့်တွေနဲ့ မေးမိ၏။

နွဲ့ယိမ်း သက်ပြင်းရှိုက်ရင်း ခေါင်းငုံ့လိုက်သည်။



www.burmeseclassic.com

wwww.burmeseclassic.com



"ကိုယ့်ချစ်သူကို လိုက်ပို့ဖို့တောင် ဒီလောက်ခက်ခဲနေပြီလား နွဲ့ယိမ်းရယ်၊ နင် ငါ့ကို ဒီလောက် စိမ်းပြတ် မာကျောမှန်း . . ."

"တော်တော့ . . . ငါ ပြန်လိုက်ခဲ့မယ်၊ မန်နေဂျာကို သွားပြောရဦးမယ်၊ အဲဒါက အရေးမကြီးဘူး၊ ကိုမင်းကို သိပ်အားနာဖို့ ကောင်းတယ်"

ပြောပြီး နွဲ့ယိမ်း ဆိုင်ထဲသို့ ပြန်ဝင်သွား၏။

သူ လုံးဝမပျော်နိုင်ပါ။ ကိုမင်းဟူသော နာမည်က သူ့နားထဲမှာ ခါးနေသည်။

ဒီလူက နွဲ့ယိမ်းကို ဘယ်အတိုင်းအတာထိ လွှမ်းမိုးနေပြီလဲ ဟူသောအတွေးက သူ့ခေါင်းကို ပိုပြီး မူးနောက်ရှုပ်ထွေးသွားစေလေသည်။

"ကဲ . . . သွားမယ်"

နွဲ့ယိမ်းက လှစ်ခနဲ ပြန်ရောက်လာပြီး ကားပေါ်တက်





ထိုင်၏။

သူ ကားပေါ်တက်ပြီး Jasmine ဆိုင်ဝင်းထဲမှ မောင်းထွက်လာခဲ့သည်။ နွဲ့ယိမ်းက သူ့ဘေးနားမှာ အရုပ်တစ်ရုပ်လို ငြိမ်သက်လိုက်ပါလာပေမယ့် သူ့ရင်ထဲမှာတော့ ဗလောင်ဆူနေ၏။

"နင် မောင်းလို့ဖြစ်ရဲ့လား"

"ရပါတယ်"

"ရပါတယ်သာ ဆိုတယ်၊ ဟိုရမ်းဒီရမ်းနဲ့ မဖြစ်ရင် တစ်နေရာမှာ ရပ်လိုက်၊ တက္ကစီနဲ့ပဲ ပြန်ရအောင်"

သူ ဘာမှမပြောဘဲ ရှေ့တူရူကိုသာ ကြည့်နေလိုက်၏။

"ခိုင်မြ"

"နင် ကြောက်နေလား၊ ဘာစိုးရိမ်စရာရှိလဲ၊ ဖြစ်ရင် အတူတူပေါ့၊ ခုနေ ငါ နင့်ကို ခိုးပြေးရင် လိုက်မှာလား"

"ဘာ . . ."



www.burmeseclassic.com

wwww.burmeseclassic.com



နွဲ့ယိမ်းမျက်နှာက ရုတ်ချည်း သွေးဆုတ်ဖြူရော်သွားတာ
မို့ သူ့ရင်ထဲ နင့်ခနဲဖြစ်သွားရသည်။

တကယ်ဆို စ.နောက်နေမှန်း သိသိကြီးနဲ့တောင် ဟ
ဆောင် ခေါင်းမညိတ်ရဲသော နွဲ့ယိမ်းပုံစံကြောင့် သူ ပိုပြီးခံပြ
မိသည်။

"အခု ငါ နင့်ကို ခိုးပြေးပြီဆိုရင် နင်ဘာလုပ်မလဲ"

"အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့"

"ဟား ဟား . . . ကိုယ့်ချစ်သူကို ခိုးပြေးမယ်ပြောတ
အဓိပ္ပာယ်မရှိဘူးလား"

"လုံးဝအဓိပ္ပာယ်မရှိဘူး၊ နင်ရော ငါရော အိမ်ထောင်
ရမယ့်အရွယ်မဟုတ်ဘူး၊ နင်လည်း နင့်ရည်မှန်းချက်
ပဲ၊ ငါလည်း ငါဖြစ်ချင်တဲ့ဘဝ မရမချင်း . . ."

"ငါတို့နှစ်ယောက်ရဲ့အချစ်ကိုတောင် ရင်းသင့်ရင်
မယ်ပေါ့၊ ဟုတ်လား"

---





နွဲ့ယိမ်းက ဘာမှမဖြေဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး
ငြိမ်နေသည်။

သူ နွဲ့ယိမ်းမျက်နှာကို အံ့သြထိတ်လန့်စွာ လှည့်ကြည့်မိ
၏။ ထိုစဉ်မှာပင် . . .

"ခိုင်မြ"

နွဲ့ယိမ်းက အထိတ်တလန့် အော်လိုက်တာမို့ သူ ရှေ့ကို
လှည့်လိုက်တော့ ဇူးဇူးရှုရှု တိုးဝင်လာသည့် ကားမီးရောင်ကို တွေ့
ရလေသည်။

ကားကြီးက လမ်းချိုးမှ တရှိန်ထိုး ကွေ့ဝင်လာတာမို့ သူ
စတီယာရင်ကို အထိတ်တလန့်ဆွဲလိုက်ရာ ကားက လမ်းဘေးက
သစ်ပင်ဆီ ဦးတည်လျက် ပြေးဝင်သွားသည်။

"ကျွီ . . ."

"ဒုန်း"

"အား . . ."

---



www.burmeseclassic.com

wwww.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး ငရဲပွက်သလို ဆူညံသွား၏။ သူ ခေါင်းမှ စေးထန်းထန်းအရာတွေကို ကယောင်ကတမ်း စမ်းမိပြီး ဘေးကိုလှည့်ကြည့်တော့ မျက်နှာတစ်ပြင်လုံး သွေးတွေ ချင်းချင်း နီနေသည့် နွဲ့ယိမ်းကို ကူရှင်ပေါ် ခေါင်းမှီလျက် သတိလစ်နေတာ တွေ့လိုက်ရသည်။

"နွဲ့ယိမ်း . . . နွဲ့ယိမ်း"

သစ်ပင်ကို ခေါင်းတည့်မိသောကားက ရှေ့မှန်တွေ ကွဲကြေနေသည်။

"နွဲ့ယိမ်း . . . ဟာ"

နွဲ့ယိမ်းမျက်လုံးတွေမှာ သွေးစတွေနဲ့ ကားမှန်ကွဲတွေ။

သူ့ ခေါင်းထဲ မိုက်ခနဲဖြစ်သွားပြီး ခွေလဲသွားစဉ် ကားဘေးနားသို့ လူတွေ ဝိုင်းအုံလာလေတော့၏။

➤ ➤ ➤



အခန်း(၂၂)

"အား . . ."

နွဲ့ယိမ်း အိပ်မက်က လန့်နိုးတော့ တစ်ကိုယ်လုံး ချွေးစေးတွေ စိုရွှဲနေသည်။

"သမီး . . . ဘာဖြစ်တာလဲ သမီး"

"နွဲ့ယိမ်း . . . အိပ်မက်ဆိုး မက်ပြီး လန့်အောင်မိတာပါ မေမေ"



www.burmeseclassic.com

wwww.burmeseclassic.com



မေမေက သက်ပြင်းတစ်ချက်ချပြီး ရေဖန်ခွက်လေး လက်ထဲ ထည့်ပေး၏။

"နေ့ခင်းဘက် အိပ်ပြီး အိပ်မက်ဆိုး မက်ရတယ်လို့ကွယ်"

"နိုင်မြ ဖုန်းဆက်တယ် မေမေ၊ သူ့အသံကြားပြီး အိပ်လိုက်တာ အရင်က အက်ဆီးဒင့်ဖြစ်ခဲ့တဲ့ကိစ္စကြီး အိပ်မက် ပြန်မက်တယ်၊ အဲဒါ သင်းကြောင့်၊ နိုင်မြက တကယ့်ဂြိုဟ်ဆိုးပဲ"

"အဲလိုမပြောပါနဲ့ သမီးရယ်၊ ကဲ . . . ကဲ . . . ရေချိုးအဝတ်လဲတော့၊ ညနေစောင်းပြီ၊ ဆိုင့်သွားရဦးမှာ မှတ်လား၊ တော်ကြာ ဖယ်ရီလာမှ ကမန်းကတန်းပြင်နေရဦးမယ်"

"ဟုတ်ကဲ့ မေမေ"

နွဲ့ယိမ်း အိပ်ရာမှ ထကာ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ ဘာမှမမြင်ရပေမယ့် အမှောင်လွှမ်းနေသည့်မျက်လုံးတွေက ကျင့်





သားရကာ သိပ်အခက်အခဲ မရှိတော့။

ဒါပေမဲ့ စိတ်ဒဏ်ရာကတော့ အကင်းမသေနိုင်သေးပါ။ အခု သူ ပြန်ရောက်လာပြီဆိုတော့ သူမစိတ်တွေ ဘယ်လိုမှ မတည်ငြိမ်နိုင်တော့ချေ။

အားလုံးပြင်ဆင်လို့အပြီးမှာ ခြံရှေ့၌ ကားရပ်သံကို ကြားလိုက်ရလေသည်။

"ဟော . . . ကားရောက်နေပြီ သမီးရေ"

"အားလုံးပြီးပြီ မေမေ"

မေမေ့ကိုနှုတ်ဆက်ပြီး သူမ ထွက်လာခဲ့သည်။ မေမေက တယောဘူးလေး ကိုင်ပြီး သူမဘေးမှ ပါလာသည်။

"ဟယ် . . . သား"

မေမေ့အသံကြောင့် နွဲ့ယိမ်း ကြောင်တက်တက်လေးဖြစ်သွားမိသည်။ ဖေလတ်ကို မေမေ မရင်းနှီးသလို သားလို့ ခေါ်မှာလည်း မဟုတ်ပါ။ ဒါဆို . . .



www.burmeseclassic.com

wwww.burmeseclassic.com



"နေကောင်းတယ်နော် အန်တီမေ"

"ကောင်းပါတယ် သားရယ်၊ ကြည့်စမ်း . . . သားက ချော လာလိုက်တာ၊ တကယ့် gentleman ပုံစံဖြစ်လို့၊ ရုတ်တရက်ဆိုတော့ မမှတ်မိဘူး"

ဘယ်သူလဲဆိုတာ နွံ့ယိမ်း သိလိုက်ပါပြီ။ သူ့ရဲ့ ရုတင်းလွန်းမှုကို နွံ့ယိမ်း ရှုံ့မှုန်းအထင်သေးစွာ ငြိမ်သက်နေမိသည်။

"နွံ့ယိမ်း . . . နေကောင်းတယ်နော်"

"အေး . . . နင့်ကြောင့် ငါ့မျက်လုံးတွေ ကန်းနေတာက လွဲရင် အားလုံးကောင်းတယ်"

"အို . . . သမီး"

မေမေက အားတုံ့အားနာ ဝင်ဟန့်သည်။

အသားဖြူဖြူ၊ အရပ်ရှည်ရှည်နှင့် ဆံပင်ပျော့ဝဲဝဲလေးကို ခပ်တိုတိုညှပ်ထားသော စာဂျပိုးပုံ ပေါက်နေခဲ့သော ခိုင်မြဲရဲ့ အရင်ပုံစံကိုမြင်ယောင်ရင်း နွံ့ယိမ်း မဲ့ပြုံး ပြုံးမိ၏။





"နင်ဘာလာလုပ်တာလဲ ခိုင်မြဲ၊ မြန်မာပြည်ထဲ ခြေချတာတောင် လွန်လွန်းနေပြီ၊ နင် ငါ့ဆီကို လာစရာအကြောင်း မရှိဘူး၊ ပေးထားတဲ့ကတိကို လွယ်လွယ်ဖျက်တတ်တဲ့ လူမျိုးဆို သိပ်ရွံတယ်"

"နွံ့ယိမ်း . . . သမီး ဘယ်လိုဖြစ်နေတာလဲ၊ သား . . . အန်တီမေ တောင်းပန်ပါတယ်၊ ဘာမှစိတ်မကောင်း မဖြစ်နဲ့နော်"

"ရပါတယ် အန်တီမေ၊ နွံ့ယိမ်း နင် ငါ့ကို ကြိုက်သလောက် မုန်းပါ၊ ဒါပေမဲ့ နင်လည်း ပေးခဲ့ဖူးတဲ့ကတိအတိုင်း မျက်လုံးမြင်တဲ့အထိကုဖို့ စဉ်းစားပါဦး"

"ဒါ ငါ့ကိစ္စပါ၊ နင် ဘာမှပူစရာမလိုဘူး"

"သမီး"

မေမေ တစ်ခုခုပြောဖို့ ပြင်လိုက်စဉ်မှာပင် ဘေးခြံရှေ့သို့ ကားတစ်စီး ဆိုက်လာသည်။ ဒါတော့ ဇေလင်းရဲ့ ကားကလွဲပြီး



www.burmeseclassic.com

wwww.burmeseclassic.com



တခြားမဖြစ်နိုင်။

"မေမေ . . . သမီး သွားတော့မယ်"

"အေး . . . သား ခဏနေဦး၊ အန်တီမေ သမီးကို ကား ပေါ် လိုက်ပို့ဦးမယ်"

"ဟုတ်ကဲ့ အန်တီမေ"

ခိုင်မြဲတစ်ယောက် ကားပေါ်မှ ဇေလတ်ကို အကဲခတ်နေ မည်ဖြစ်ကြောင်း နွဲ့ယိမ်း ရိပ်မိလိုက်သည်။ ထိုအဖြစ်ကိုပင် ရင်ထဲ မှာ တိတ်တဆိတ် ကျေနပ်အားရသွားမိ၏။

စိတ်မကောင်းဖြစ်၊ သဝန်တိုရုံမကလို့ အံ့နေရာမှာ လဲသေ သေ လုံးဝကို ဂရုမစိုက်တာ။

နွဲ့ယိမ်း ကားပေါ်တက်အပြီးမှ ဇေလတ်က ကားလေးကို ခပ်ဖြည်းဖြည်းမောင်းထွက်ခဲ့၏။

ကားထဲမှာ သူမ စင်ပေါ်မှာ ဖျော်ဖြေခဲ့သော တယော လက်သံလေး ပျံ့လွင့်နေတာမို့ အံ့ဩသွားရသည်။





"နွဲ့ယိမ်း ဘာဖြစ်လာလဲ၊ မျက်နှာသိပ်မကောင်းသလိုပဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒါနဲ့ ဒီတယောသံက . . . "

"နွဲ့ယိမ်းလက်သံပဲပေါ့၊ ကိုယ် စုဆောင်းထားတာလေ"

"ဟုတ်လား"

နွဲ့ယိမ်းရင်ထဲ တစ်မျိုးလေး ခံစားလိုက်ရသည်။

"ခုန နွဲ့ယိမ်းတို့အိမ်ရှေ့မှာ ရောက်နေတာ ဘယ်သူလဲ ဟင်"

သူမရဲ့ အပျော်စိတ်လေးမှာ ဇေလတ်ရဲ့ မေးခွန်းကြောင့် အဝေးတစ်နေရာသို့ ဆွဲယူ လွှင့်ပစ်ခြင်း ခံလိုက်ရသလို ဖြစ်သွား တော့၏။

"စကား အေးအေးဆေးဆေး ပြောလို့ရတဲ့တစ်နေရာကို မောင်းပေးပါလားဟင်၊ ဇေလတ်ကို ပြောပြစရာတွေ ရှိ တယ်"

ရုတ်တရက်မို့ ဇေလတ် အံ့ဩသွားဟန်နှင့် တိတ်ဆိတ်



www.burmeseclassic.com

wwww.burmeseclassic.com



နေသည်။ ခဏကြာမှ . . .

"အိုကေ! ရတာပေ့ါ"

ဟု ဆိုကာ နွဲ့ယိမ်းအလိုကျ လိုက်လျောပေးပါသည်။

"ဘယ်ဆိုင်မှမသွားနဲ့တော့ ဇေလတ်၊ ကားထဲမှာပဲ စကားပြောရအောင်"

"ရပါတယ်၊ ဒီနေ့ နွဲ့ယိမ်း ထူးဆန်းနေတယ်နော်၊ ကိုယ့်ကို surprise လုပ်နေတာတော့ မဟုတ်ပါဘူးနော်၊ ကဲ . . . ပြော၊ ဘာပြောမှာလဲ၊ ကိုယ့်ကို နွဲ့ယိမ်းရဲ့ သူငယ်ချင်းအရင်းတစ်ယောက်လို ပွင့်ပွင့်လင်းလင်း ပြောဆို ရင်ဖွင့်နိုင်တယ်"

"သူငယ်ချင်းအရင်း မတော်ချင်ပါဘူး၊ မိတ်ဆွေလောက်ဆိုရင် တော်ပါပြီ၊ နွဲ့ယိမ်း အခုပြောမှာ နွဲ့ယိမ်း အရမ်းမုန်းနေတဲ့ လူတစ်ယောက်အကြောင်း၊ ပြီးတော့ နွဲ့ယိမ်းမျက်လုံးတွေ ကွယ်ခဲ့ရတဲ့အကြောင်း . . ."





"ဟုတ်လား . . . ပြောပါ၊ ကိုယ်စိတ်ဝင်စားပါတယ်၊ ကိုယ်သိချင်နေတာလည်း အဲဒါပဲ"

တက်တက်ကြွကြွပြောလိုက်သော ဇေလတ်စကားအဆုံး နွဲ့ယိမ်း ခပ်ဖွဖွလေး ပြုံးလိုက်မိ၏။

"ခုန အိမ်ရှေ့မှာ ဇေလတ်တွေ့လိုက်ရတဲ့ တစ်ယောက်က ခိုင်မြဲအောင် တဲ့"

"ခိုင်မြဲအောင်"

ဇေလတ် တအံ့တသြဖြစ်သွားကာ နှုတ်ခမ်းလှုပ်ရုံ ခပ်တိုးတိုး ရေရွတ်မိသည်။ နွဲ့ယိမ်းကတော့ သူ့မျက်နှာအပြောင်းအလဲကို မမြင်ရသူမို့ ဘာမှမရိပ်မိရှာဘဲ ဆက်ပြောသည်။

"သူက နွဲ့ယိမ်းရဲ့ငယ်သူငယ်ချင်းလေ၊ ခြံချင်းကပ်ရက်နေခဲ့ကြတာ၊ နွဲ့ယိမ်းတို့ဆယ်တန်းနှစ်မှာပဲ ချစ်သူတွေဖြစ်သွားခဲ့တာ"

"ဒါဆို သူက နွဲ့ယိမ်းချစ်သူပေ့ါနော်"



www.burmeseclassic.com

wwww.burmeseclassic.com



"အရင်တုန်းကပါ၊ သူ့ကြောင့် နွဲ့ယိမ်းမျက်လုံးတွေ ကွယ်သွားကတည်းက အရမ်းမုန်းသွားမိတာ၊ မျက်လုံးကွယ်သွားရုံဆို အဲလောက်မဆိုးသေးဘူး၊ နွဲ့ယိမ်း မျှော်လင့်ချက်တွေ ရေစုန်မျှောလိုက်ရလို့ . . ."

"တမင်လုပ်တာမှမဟုတ်ဘဲ နွဲ့ယိမ်းရယ်"

နွဲ့ယိမ်း ခေါင်းကို ဖြည်းလေးစွာ ခါရမ်းသည်။ အာရုံထဲမှာ ခိုင်မြဲနှင့် မင်းသီဟကို နောက်ဆုံးမြင်ခဲ့ရသည့်ညကို ပြန်အမှတ်ရပြီး အံကိုတင်းခနဲကြိတ်မိ၏။

နွဲ့ယိမ်း မျက်လုံးတွေ မကွယ်ခင်က နွဲ့ယိမ်းကို စိတ်ဝင်စားသယောင်၊ ဂရုစိုက်သယောင် ပြုခဲ့သည့် မင်းသီဟဟာ နွဲ့ယိမ်း ဒုက္ခိတဘဝ ရောက်သွားကတည်းက ဘယ်ဆီကို ပြေးထွက်သွားမှန်း မသိရအောင် ပျောက်ကွယ်သွားတော့တာ။

မျက်စိမမြင်ရုံနှင့် နွဲ့ယိမ်းဖြစ်ချင်တဲ့အနာဂတ်က ပျောက်သွားနိုင်စရာ မရှိပေမယ့် ဒီကိစ္စကြောင့် လုံးဝပစ်ခွာရှောင်ဖယ်





သွားသည့်အဖြစ်က နွဲ့ယိမ်းအတွက် စိတ်ဓာတ်ကျ ဝမ်းနည်းစရာဖြစ်ခဲ့ရသည်။

အားလုံးရဲ့ ပြဿနာအရင်းအမြစ်က ခိုင်မြဲပဲ။ ဒါကြောင့် နွဲ့ယိမ်း သူ့ကိုမုန်းမိတာ။

အကျိုးအကြောင်းအားလုံးကို ပြောပြနေတဲ့ နွဲ့ယိမ်း မျက်နှာကို သူ ကရုဏာသက်စွာ ငေးကြည့်နေမိသည်။

"တကယ်တော့ နွဲ့ယိမ်းမျက်လုံးကွယ်ရတာ ခိုင်မြဲကြောင့်ဆိုတာ မှန်ပါတယ်၊ ဒါတောင် တမင်ကြိုတင်ကြံစည်တာ မဟုတ်ဘူးနော်၊ နွဲ့ယိမ်း ပြောသလိုဆို သူက အရမ်းချစ်တတ်တဲ့သူပါ၊ တကယ်တမ်း နွဲ့ယိမ်းကို အရှက်ရ သိမ်ငယ်အောင် စိတ်ဓာတ်ကျအောင် လုပ်ခဲ့တာ မင်းသီဟဆိုတဲ့လူ"

"ဘာပဲဖြစ်ဖြစ် ခိုင်မြဲကြောင့် ဖြစ်ရတာ၊ သူ့ကို နွဲ့ယိမ်း အရမ်းမုန်းတယ်"



www.burmeseclassic.com

wwww.burmeseclassic.com



"မုန်းတယ်ဆိုတာ နာကြည်းနေတာနဲ့ မတူဘူး နွဲ့ယိမ်း၊ လူတစ်ယောက်ကို မုန်းတယ်ဆိုတာ စိတ်ထဲက ထုတ်ပစ် လို့ မရအောင် စွဲနစ်နေလို့၊ မုန်းတာ မမေ့နိုင်ခြင်းတစ်မျိုး တဲ့"

"အဲလိုစကားမျိုးတွေ နွဲ့ယိမ်း ကြားဖူးပြီးသားပါ၊ ဒါပေမဲ့ သူ့ကိုမုန်းနေတယ်ဆိုတာလည်း တကယ်ပဲ"

"အရင်ကတော့ နွဲ့ယိမ်း သူ့ကိုချစ်ခဲ့တယ်မှတ်လား"

"ချစ်ဖူးတဲ့လူတစ်ယောက်ကို မမုန်းရတော့ဘူးလား၊ အခု နွဲ့ယိမ်း ရလိုက်တဲ့ဘဝက သူ့ကိုမုန်းပစ်ဖို့ မလုံလောက် ဘူးလား"

နွဲ့ယိမ်းစကားကြောင့် သူ သက်ပြင်းရှိုက်လိုက်မိ၏။

"ဟိုးငယ်ငယ်လေးကတည်းက အထပ်ထပ် ရစ်ပတ် နှောင်ဖွဲ့ခဲ့တဲ့သံယောဇဉ်တွေ ရှိနေသရွေ့ ဒီမတော်တဆ ကိစ္စတစ်ခုကြောင့် နွဲ့ယိမ်း သူ့ကို မမုန်းသင့်ဘူး၊ မသိစိတ်





မှာ သူ့အကြောင်း အမြဲတွေးမိနေရင် အဲဒါ မေ့ပစ်လို့ မရလို့"

"မသိစိတ်မှာ . . . ဟုတ်လား၊ အဲဒါတွေ နွဲ့ယိမ်းမသိဘူး၊ ဇေလတ်ကရော ဘာလို့ သူ့ဘက်က လိုက်ပြောပေးနေ တာလဲ၊ အခု နွဲ့ယိမ်းက ဇေလတ်ကို အားကိုးတကြီး ရင် ဖွင့်နေတာလေ"

"ကိုယ် နားလည်ပါတယ်၊ ဒါပေမဲ့ နိုင်မြဲအောင်ဘက်က ခံစားချက်ကိုလည်း ကိုယ်သိနေတယ်၊ အဲဒါကြောင့်"

"တော်ပြီ၊ ကျေးဇူးပါပဲ ဇေလတ်၊ နွဲ့ယိမ်းတို့ ဆိုင်ကိုသွား ကြတာပေါ့"

"ကိုယ့်ကိုစိတ်ဆိုးသွားလား"

"ဟင့်အင်း . . . ဒီအကြောင်းနဲ့ပတ်သက်ပြီး ဆက်ဆွေး နွေးချင်စိတ် မရှိတော့လို့ပါ"

စိတ်မဆိုးဘူးဆိုပေမယ့် ကလေးဆန်စွာ စိတ်ကောက်ချင်



www.burmeseclassic.com

wwww.burmeseclassic.com



နေသော နွဲ့ယိမ်းမျက်နှာကိုကြည့်ပြီး သူ ခပ်ယဲ့ယဲ့ပြုံးလိုက်မိ၏။

“ကဲပါ . . . ကိုယ် အခု နောက်ထပ်ကိစ္စအသစ် ဆွေးနွေးမယ်”

“ဘာလဲ”

“နွဲ့ယိမ်း မျက်လုံးကုဖို့ပါ၊ ကိုယ့်ဒက်ဒီက ခွဲစိတ်အထူးကုသမားတော်ကြီးလေ၊ ဒက်ဒီရောမာမီပါ ရွှေ့လဆန်း ပြန်ရောက်မှာ၊ အဲဒါ နွဲ့ယိမ်းမျက်လုံးကိစ္စကို ဒက်ဒီနဲ့တိုင်ပင်ပြီး . . .”

“ဟင့်အင်း . . . နွဲ့ယိမ်း မကုချင်ဘူး”

“မဟုတ်တာ၊ နွဲ့ယိမ်း တစ်သက်လုံး ဒီအတိုင်းနေသွားလို့ဖြစ်မလား၊ ဒါ အသက်ရှင်ရက်နဲ့ ဘဝသေနေရတဲ့ကိစ္စမျိုး၊ သူများတွေ ကုချင်တာတောင် အကြောင်းအမျိုးမျိုးကြောင့် ကုခွင့်မရဘူး၊ ရခဲ့ရင်လည်း မျက်ကြည်လွှာ အလှူရှင်မရှိလို့ စောင့်နေရတာ၊ အခုက အရမ်းတိုးတက်





ပြောင်းလဲနေပြီ၊ ဘာမဆို ဖန်တီးနိုင်တယ်၊ နွဲ့ယိမ်းသာ မြင်ချင်စိတ်ရှိရင်၊ စိတ်အားထက်သန်ရင် ကျန်တာ အားလုံး ကိုယ်တာဝန်ယူတယ်၊ နွဲ့ယိမ်း သေသေချာချာ ပြန်စဉ်းစားနော်”

နွဲ့ယိမ်း ဘာမှမဖြေဘဲ ငြိမ်သက်နှုတ်ဆိတ်သွားမိ၏။

“နွဲ့ယိမ်း ပြောဖို့မေ့သွားတယ်၊ သူနဲ့ နွဲ့ယိမ်း အပေးအယူ တစ်ခု လုပ်ခဲ့ဖူးတယ်၊ သဘောတူညီမှု ယူထားတာပေါ့၊ သူ နွဲ့ယိမ်းနဲ့ အဝေးဆုံးမှာနေရင် မျက်လုံးမြင်တဲ့အထိ ခွဲစိပ်ကုသပါ့မယ်ဆိုတဲ့ကတိလေ”

“ဟုတ်လား”

နွဲ့ယိမ်းစကားကြောင့် သူက ဝမ်းသာအားရနှင့် ပြန်မေးသည်။ နွဲ့ယိမ်း ခေါင်းညိတ်ပြရင်း . . .

“နွဲ့ယိမ်းမျက်လုံးက ကားမှန်စ ထိပြီး အပေါ်ယံ မျက်ကြည်လွှာတွေ ပျက်စီးသွားတာ၊ မျက်ကြည်လွှာ အစား



www.burmeseclassic.com

wwww.burmeseclassic.com



ထိုးရင် ရတယ်"

"အခု သူပြန်လာတဲ့အထိ နွဲ့ယိမ်း ဘာလို့မကုခဲ့တာလဲ၊ အဲ့အတွက် အဆင်မပြေစရာကိစ္စတစ်ခုခု ရှိလို့လား"

"မရှိပါဘူး၊ ငွေဘယ်လောက်ကုန်ကုန် သူ့မိဘတွေက ကုပေးမှာပါ၊ ဒါပေမဲ့ နွဲ့ယိမ်းကိုယ်တိုင်က မကုချင်ခဲ့ဘူး"

"နွဲ့ယိမ်းရယ်"

သူ နွဲ့ယိမ်းမျက်နှာကိုငေးရင်း သူမစိတ်ကိုနားလည်သလိုလို ရှိလာမိသည်။

"မျက်လုံးတွေ ပြန်ကောင်းသွားရင် သူ့ကို မုန်းတဲ့အမုန်းတွေ လျော့သွားမှာစိုးလို့ . . ."

"ဒါဆို နွဲ့ယိမ်းက စပြီး ကတိဖျက်ခဲ့တာပေါ့နော်၊ အဲဒီအတွက် နွဲ့ယိမ်းဘေးနားကို သူ ပြန်လာခွင့် ရှိသွားပြီ"

"ဘယ်လို"

"နွဲ့ယိမ်းဘာသာ အေးအေးဆေးဆေး စဉ်းစားကြည့်ပေါ့၊





ကဲ . . . ဆိုင်သွားရအောင်၊ ဒီည ကိုယ့်အသိတစ်ယောက်ကို သွားတွေ့ရဦးမှာ၊ မတွေ့တာ ကြာနေပြီလေ၊ အဲဒါကြောင့် နွဲ့ယိမ်းကို ဆိုင်ပို့ပြီး ကိုယ်သွားရမှာ"

"ဪ . . ."

သိပ်စိတ်ဝင်စားဟန် မပြဘဲ နွဲ့ယိမ်းက ခေါင်းကိုသာ ညိတ်ပြသည်။

သူ နွဲ့ယိမ်းမျက်နှာကို ခပ်ဆွေးဆွေး ငေးမောမိရင်း ကားကို Sunday Story သို့ မောင်းထွက်လာခဲ့၏။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

## အခန်း(၂၃)

"ကိုယ့်ကိုမှတ်မိလား ခိုင်မြဲအောင်"

ဧလေတ်စကားကြောင့် သူက ထိုင်နေရာမှ မော့ကြည့်သည်။ ထူထဲစိမ်းမှောင်သော မျက်ခုံးအစုံကို တွန့်ချိုးလျက် ခေါင်းကို ဖြည်းညင်းစွာ ခါရမ်းရင်း . . .

"ဆောရီး . . . ကျွန်တော် တကယ်မမှတ်မိဘူး၊ ထိုင်ပါ"

ခိုင်မြဲစကားအဆုံး ဧလေတ်က အားရပါးရပြုံးရင်း



www.burmeseclassic.com

wwww.burmeseclassic.com



မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။

လွန်ခဲ့သော သုံးလေးနှစ်ကျော်က မြင်ဖူးခဲ့သော ခိုင်မြအောင်သည် ပို၍ ယောက်ျားပီသ ချောမောခန့်ညားရုံမှလွဲ၍ သိပ်တော့ မပြောင်းလဲပါ။

ညမှောင်မှောင်ထဲမှာ မိုးစိုခံပြီး နှင်းဆီပင်တစ်ပင်ရှေ့မှာ ဒူးထောက်ငိုနေသော ကောင်ကလေး၏ မျက်ဝန်းနက်နက်တွေ၊ နှုတ်ခမ်းရဲရဲတွေကို သူမရင်ထဲ အမှတ်တရ အမြဲရှိနေခဲ့ဖူးသည်။

"ကိုယ့်နာမည် ဇေလတ်နိုင်ပါ၊ ညီတို့ ခြံဘေးကပ်ရက်က ခြံကို ဝယ်လိုက်တာ ကိုယ့်အဘွားလေ၊ ကိုယ် နိုင်ငံခြားမသွားခင် ခြံကို တစ်ခေါက်နှစ်ခေါက်လာဖူးတယ်၊ လာတဲ့အခါတိုင်း ခြံထောင့်မှာ ငိုနေတဲ့ညီ့ကိုတွေ့ပြီး"

"ဟာ . . . အစ်ကိုက နွဲ့ယိမ်းတို့ခြံကိုဝယ်လိုက်တဲ့ ခြံပိုင်ရှင်ပဲ၊ ကျွန်တော် မှတ်မိပြီ၊ အဲဒီတုန်းက အစ်ကို ကျွန်တော့်ကို လာနှုတ်ဆက်ဖူးတယ်နော်၊ ဟုတ်သားပဲ၊ ကျွန်တော်





မေ့နေတာ၊ အဲဒီနောက်ပိုင်း တွေ့မှမတွေ့ရတော့တာ၊ ကျွန်တော်လည်း ရုတ်တရက်ဆိုတော့ မမှတ်မိဘူး၊ တစ်နေရာမှာ ဆုံဖူးတယ်တော့ ထင်နေတာ၊ ဒါနဲ့ ကျွန်တော့်နာမည်ကို ဘယ်လိုသိလဲ"

ဇေလတ်က သူ့ကို တရင်းတနှီး ပြုံးပြရင်း ခေါင်းဆတ်သည်။

"ကိုယ်တို့ကကြမ္မာက သိပ်အံ့ဩဖို့ကောင်းတယ်၊ ကိုယ်ဟိုမှာရှိနေတုန်းက Snack Bar တစ်ခုမှ ပိုက်ဆံအိတ်ကျန်ခဲ့ဖူးတယ်၊ အဲဒီထဲမှာ Visa ရော၊ Passport ရောပါသွားတာ"

"ဩော် . . . ကျွန်တော် သိပြီ၊ New York မှာ ဖြစ်တာမှတ်လား၊ အဲဒီတုန်းက ကျွန်တော် ဘားမှာ အလုပ်ဝင်နေတာလေ၊ အစ်ကို့ wallet ကို ကျွန်တော် သိမ်းထားပေးပြီး ဆိုင်မန်နေဂျာဆီမှာ အပ်ထားလိုက်တာ"



www.burmeseclassic.com

wwww.burmeseclassic.com



"ဟုတ်တာပေါ့၊ ကိုယ် သွားပြန်ယူတော့ ညီ့ကို မတွေ့ရတော့ဘူး၊ ညီက အချိန်ပိုင်း အလုပ်လုပ်တာဆိုတော့ မန်နေဂျာနဲ့ပဲ တွေ့ခဲ့တယ်၊ မန်နေဂျာက ကိုယ့်ကို မေးတယ်၊ ခင်ဗျားက မြန်မာလားတဲ့၊ ဟုတ်တယ်လို့ ပြောတော့ သူ သိပ်အံ့ဩနေတယ်၊ ခင်ဗျား wallet ကို ကောက်ရပြီး သိမ်းထားပေးတာလည်း မြန်မာဝန်ထမ်းတစ်ယောက်ပဲတဲ့၊ ကိုယ် ကျေးဇူးတင်လွန်းလို့ နာမည်မေးတော့ ခိုင်မြဲအောင်ဆိုတာပဲ သိရတယ်၊ နောက်နေ့ ပြန်သွားမယ်လုပ်တော့ ဒက်ဒီနဲ့ ချိန်းထားတာရှိလို့ ပျက်သွားရတယ်၊ နောက် ကျောင်းတက်ချိန်နဲ့ဆိုတော့ မရောက်ဖြစ်တော့ဘူး၊ ဟိုမှာက အချိန်က အရမ်းလည်း ရှားတာဆိုတော့လေ၊ နောက် ကိုယ် အရမ်းသတိထားရတယ်၊ အဲဒီတုန်းက ကိုယ့်ဒက်ဒီနဲ့ တွေ့ဖို့ရှိလို့ လာတာ၊ ဘယ်သွားသွား အဲဒါတွေ ထည့်ယူသွားတာ၊ ပျောက်ရင်





အလုပ်ရှုပ်ရဦးမှာ၊ ဒက်ဒီကိုတောင် ပြောပြမိသေးတယ်၊ ခိုင်မြဲအောင်ဆိုတာ ညီ့မှန်း သိရတာ မကြာသေးဘူး"

သူ ပြောသမျှတွေကို ခိုင်မြဲ အံ့ဩတကြီး နားထောင်နေမိသည်။

"ကံကြမ္မာက သိပ်ဆန်းတယ်နော်၊ ကျွန်တော်တို့ အခုလို ပြန်ဆုံရလိမ့်မယ်လို့ လုံးဝမထင်မိဘူးဗျာ၊ ဒါနဲ့ အစ်ကို ဘယ်တုန်းက ပြန်ရောက်တာလဲ"

"သိပ်မကြာသေးဘူး၊ ညီ့ထက် ရှစ်လလောက် စောတယ်၊ Sunday Story က ကိုယ် ဖွင့်ထားတာလေ"

သူ့စကားအဆုံး ခိုင်မြဲမျက်နှာက ဖျတ်ခနဲ အရောင်ပြောင်းသွားသည်။ ရုတ်တရက် အံ့ဩဝမ်းသာသွားသယောင် ရှိပေမယ့် မျက်လုံးတွေကတော့ ရီဝေမှိုင်းညို့သွားတာ တွေ့လိုက်ရတာမို့ ဇေလတ် ပြုံးရင်း သူ့လက်ကို တရင်းတနှီး ဆွဲယူဖျစ်ညှစ်လိုက်ကာ . . .



www.burmeseclassic.com

wwww.burmeseclassic.com



"ကိုယ် နွဲ့ယိမ်းကို ရင်းရင်းနှီးနှီးသိတယ်၊ ဒါပေမဲ့ ခိုင်မြ အောင်ဆိုတာ နွဲ့ယိမ်းရဲ့ချစ်သူမှန်း ကိုယ်သိတာ မကြာ သေးဘူး၊ ဘာပဲဖြစ်ဖြစ် ညီက ကိုယ့်ရဲ့ကျေးဇူးရှင်ပါ၊ အား လုံးအဆင်ပြေသွားအောင် ကိုယ် ကူညီပေးမယ်"

ဟု ပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒါပေမဲ့ အဲဒါ လွယ်လွယ် နဲ့တော့ ဖြစ်လာမှာမဟုတ်ဘူး၊ နွဲ့ယိမ်းစိတ်ကို ကျွန်တော် အသိဆုံးပါ၊ ကျွန်တော့်ကို မုန်းလွန်းလို့ သူ့မျက်လုံးတွေ တောင် မကုခဲ့ဘူးတဲ့၊ ကျွန်တော် ဘာလုပ်ရမလဲ၊ သူ့ မျက်လုံးတွေ ပြန်မြင်လာစေချင်လို့ အဝေးကြီးကို သွားနေ ပေးခဲ့ပါတယ်၊ ဒါပေမဲ့ သူ မကုခဲ့ဘူး"

"အဲဒါ ညီ့ကိုမုန်းလို့မကုတာ သေချာရဲ့လား"

"ဗျာ"

"ညီတို့နှစ်ယောက် ကတိတွေ ပေးကတည်းက အဝေးမှာ





နေရင် မျက်လုံးတွေ ကုမယ်ဆိုတော့ အခု မကုဘဲနေ တာ . . ."

"အဲလို ကိုယ်လိုရာ ဆွဲတွေးရင်တော့ ရတာပေါ့၊ ဒါပေမဲ့ နွဲ့ယိမ်းက ကျွန်တော့်အပေါ် အရမ်းတင်းမာနေတာ၊ အခု ကျွန်တော် နားလည်သွားပါပြီ အစ်ကို၊ သူ ဖြစ်ချင် တာ အားလုံးဖြစ်ခွင့်ရရင် ကျေနပ်ပါတယ်၊ ကျွန်တော် သူ့ကို စွန့်လွှတ် အဆုံးရှုံးခံလိုက်တော့မယ်၊ သူ့ကို ဒီဘဝ ကြီးနဲ့ မနေစေချင်တော့ဘူး၊ သူ အခုလိုဖြစ်နေတဲ့အတွက် ကျွန်တော့်ကိုယ် ကျွန်တော်လည်း ခွင့်မလွှတ်နိုင်လောက် အောင် မုန်းမိတယ်"

"နွဲ့ယိမ်းက ဘာဖြစ်ချင်တာလဲ"

"အဆိုတော် ဖြစ်ချင်တာလေ၊ ဟိုးငယ်ငယ်ကတည်းက သူ သိပ်ဝါသနာကြီးခဲ့တာ၊ အခု ကျွန်တော့်ကြောင့် သူ့မှာ အားနည်းချို့ယွင်းချက်ကြီးနဲ့ အဲဒီမျှော်လင့်ချက်ကို စွန့်



www.burmeseclassic.com

wwww.burmeseclassic.com



လွှတ်လိုက်ရတာ၊ အဲ့အဖြစ်ကို ကျွန်တော် ဘယ်လိုမှ မကြည့်ရက်ဘူး၊ သူ့စိတ်ထဲမှာ ကျွန်တော်က အချစ်တစ်ခုအတွက်နဲ့ သူ့အနာဂတ်ကို စတေးပစ်တဲ့ တစ်ကိုယ်ကောင်းသမားတစ်ယောက် ဖြစ်နေပြီ၊ အဲဒီအမည်းစက်ကြီးကို ဖျက်ဖို့ ကျွန်တော့်နှလုံးသွေးနဲ့ ရင်းမှ ဖြစ်မှာပါ အစ်ကို"

"ညီ့ရဲ့စိတ်ကို ကိုယ် သိပ်လေးစားပါတယ်၊ အခု ညီ ဘာလုပ်ချင်လဲ၊ ကိုယ် ကူညီပါ့မယ်"

စကားအဆုံး ဇေလတ် ကုတ်အင်္ကျီထဲမှာ ထည့်ထားသည့် ဟန်းဖုန်းမှ record ခလုတ်လေးကို ပိတ်ပစ်လိုက်သည်။

ခိုင်မြက ခေါင်းငုံ့ရင်း ငြိမ်သက်နေသည်။

"ကျွန်တော့်အတွက်တော့ ရပါတယ်၊ နွဲ့ယိမ်း မျက်လုံးတွေ ပြန်မြင်ဖို့အတွက် ခွဲစိပ်ဖို့ပဲ တိုက်တွန်းပေးပါ၊ ကျွန်တော် ပြောတာထက်စာရင် အစ်ကိုပြောတာက ပိုပြီး





ထိရောက်မှုရှိမယ်လို့ ယုံကြည်တယ်"

သူ နွဲ့ယိမ်းကို ကားနှင့်ကြိုပို့ပေးတာ မြင်သွားသောကြောင့် သူနဲ့ နွဲ့ယိမ်းရဲ့ ခင်မင်ရင်းနှီးမှုကို အကဲခတ်မိသည် ထင်၏။

"ကောင်းပါပြီ၊ ကိုယ် မဖြစ်မနေ တိုက်တွန်းမှာပါ၊ ညီ ကိုယ့်ကို တစ်ခုခုပြောချင်တာရှိရင် ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ်နော်၊ whichever ပေါ့"

ခိုင်မြက တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် အတန်ကြာ ချိန်ဆနေပုံနှင့် နှုတ်ဆိတ်နေသည်။

ထို့နောက် သက်ပြင်းတစ်ချက်ရှိုက်ရင်း . . .

"ကျွန်တော် တစ်ခုလောက် တောင်းဆိုပါရစေ၊ အဲဒါ နောက်ဆုံးအနေနဲ့ပါ၊ တစ်သက်လုံး ခွဲခွာဖို့အတွက် ကျွန်တော် နွဲ့ယိမ်းဘေးနားမှာ အစ်ကို့အနေနဲ့ ရှိခွင့်ပေးပါ"

"အိုကေ! ကိုယ် နားလည်တယ်၊ ကိုယ့်ပုံစံနဲ့ နွဲ့ယိမ်းအနား



www.burmeseclassic.com

wwww.burmeseclassic.com



မှာ တရင်းတနှီးနေခွင့်ပေါ့ ဟုတ်လား၊ ကိုယ် ခွင့်ပြုတယ်၊ နဲ့ ယိမ်းရဲ့အားနည်းချက်ကို အသုံးချတာတစ်ခုက လွဲရင် ညီ့ရဲ့ ပြင်းထန်တဲ့စိတ်ခံစားချက်ကို ဒီနည်းနဲ့ နှစ်သိမ့်မှု ပေးနိုင်ပါတယ်"

သူ ဇေလတ်ကို လက်ဆွဲနှုတ်ဆက်ပြီး ပြုံးပြလာသည်။

"အရမ်းကျေးဇူးတင်ပါတယ် အစ်ကို"

ရင်ထဲကလာသောစကားမှန်း သိသာစွာ သူ့အသံက တုန်ယင်နေသည်။

နိုင်မြမျက်လုံးထဲမှာ ဝမ်းသာဝမ်းနည်းမျက်ရည်တွေ စို စွတ်ရစ်ဝဲနေတာ တွေ့လိုက်ရတာမို့ ဇေလတ်ရင်ထဲ နင့်ခနဲဖြစ် သွားမိ၏။

ပိုင်ရှင်ပြန်လာရင်ဆိုတဲ့ သီချင်းလေးကို နားထဲမှာ ကြား ယောင်လာသည်။

နိုင်မြအောင် . . .

---

ရွှေမဓဒေသာစာပေ



ကိုယ် မေ့ကျကျန်ရစ်တဲ့ပစ္စည်းတစ်ခုကို ရှိုးသားဖြောင့် မတ်စွာ ထိန်းသိမ်းပေးခဲ့တဲ့ မင်းရဲ့စိတ်ကို အရမ်းလေးစားခဲ့ရပါ တယ်။

ကိုယ်ကတော့ မင်းရဲ့ပျောက်ဆုံးသွားတဲ့နှလုံးသားကို ကံ ဆိုးစွာနဲ့ အမှတ်တမဲ့ကောက်ရခဲ့တယ်။

အခု . . . အဲဒါကို ပြန်ပေးအပ်ပါရစေတော့ . . .။

➤ ➤ ➤

---

ရွှေမဓဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com

## အခန်း(၂၄)

ခပ်သော့သော့ တိုက်ခတ်လာသော လေနုအေးအေး ကြောင့် နွဲ့ယိမ်းဆံစတွေ တဖျပ်ဖျပ်လွင့်မျောနေတာကို သူ လွမ်းဆွတ်တမ်းမက်စွာ ငေးမောမိသည်။

အင်းလျားကန်စပ်ကို မျက်နှာမူပြီး ထိုင်နေသော နွဲ့ယိမ်း မျက်လုံးတွေက ရေပြင်ပေါ်က ငွေရောင်လှိုင်းကလေးတွေကို ငေးမောနေသယောင် ရှိပေမယ့် တကယ်တမ်း မြင်နိုင်တာလည်း

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



မဟုတ်ချေ။

"အရမ်းကြည်နူးဖို့ ကောင်းတယ်နော်၊ ဒီနေရာကို ဘာ စိတ်ကူးနဲ့ ခေါ်လာတာလဲဟင်၊ နွဲ့ယိမ်းလည်း ဒီကို အရမ်းလာချင်နေတာ၊ ဇေလတ်က နွဲ့ယိမ်းစိတ်ကို ကြို ကြိုသိနေတာ အံ့သြစရာပဲနော်"

နွဲ့ယိမ်းစကားကြောင့် သူ့ရင်ထဲ နင့်ခနဲဖြစ်သွားရ၏။ နင့် မျက်နှာလေး မြင်ရုံနဲ့ ရင်ထဲမှာ ဘာဖြစ်နေတယ်၊ ဘာရှိနေတယ် ဆိုတာ ငါ့ထက်ပိုပြီး ကိုဇေလတ်က ပိုသိနိုင်လို့လား နွဲ့ယိမ်းရယ်။

နင်က အဖြူဆို ဘယ်တုန်းကမှ မမည်းရဲခဲ့တဲ့ ငါက နောက်လည်း နင့်အလိုကျ နေပြမှာပါ။

"ဇေလတ်"

"ဟင် . . . ပြောလေ နွဲ့ယိမ်း"

နွဲ့ယိမ်းက မျက်မှောင်လေး ကျုံ့ရင်း သူ့ဘက်လှည့်ကာ နားစွင့်သည်။





"ဇေလတ် ဘာဖြစ်နေတာလဲ၊ ဒီနေ့တစ်မျိုးပဲ၊ အရင်က တော့ သူကချည်း စကားတွေ ပြောနေပြီး အခုမှ . . ."

"ဟို . . . အဲ . . . ကိုယ် စဉ်းစားနေတာ၊ နွဲ့ယိမ်း မျက်လုံးကုဖို့ကိစ္စ၊ အဲဒါ . . ."

"လာပြီ၊ သူနဲ့တွေ့ရင် ဒါပဲပြောနေတာ"

နွဲ့ယိမ်းစကားအဆုံး သူ ခုံတန်းလျားလေးရဲ့ အစွန်းတစ် ဖက်မှာ ဝင်ထိုင်လိုက်သည်။

"နွဲ့ယိမ်း"

"အင်း . . . ပြောလေ"

"နွဲ့ယိမ်းခြံထဲမှာ နှင်းဆီဖြူတွေ စိုက်ထားတယ်နော်"

"ဘာရယ်"

နွဲ့ယိမ်းက ဆတ်ခနဲ မျက်မှောင်ကျုံ့ပြီး သူ့ဘက်ကို နား စွင့်ဟန်နှင့် ခေါင်းလေးငဲ့ကာ . . .

"ဘာဖြစ်လို့ မေးတာလဲ၊ နွဲ့ယိမ်း နှင်းဆီဖြူတွေကို မုန်း



www.burmeseclassic.com

wwww.burmeseclassic.com



တယ်လို့ ပြောဖူးတယ်လေ၊ ခြံထဲမှာ နှင်းဆီပင်တွေ စိုက်ထားတာ ကြာပြီ၊ ရှိလားမရှိလားမသိဘူး၊ သူတို့ကို ဂရုမစိုက်တာ ကြာနေပြီ၊ နေပါဦး ဇေလတ်၊ ဘာဖြစ်လို့ အဓိပ္ပာယ်မရှိတာတွေ လာမေးနေတာလဲ"

ဟု ခပ်ဆတ်ဆတ် အော်လိုက်တာမို့ ခိုင်မြဲ အသက်ပင် ရဲရဲမရှူရဲအောင် ငြိမ်သက်နှုတ်ဆွံ့သွားရတော့သည်။

နွဲ့ယိမ်းလည်း ဘာမှမပြောဘဲ ငြိမ်နေသည်။ ခဏနေမှ-

"ဇေလတ်"

ဟု ခပ်တိုးတိုးခေါ်သည်။

"ပြောလေ"

"ဇေလတ်ကို နွဲ့ယိမ်း သိပ်မြင်ဖူးချင်တယ်၊ ဇေလတ်က ဘယ်သူနဲ့တူလဲဟင်"

"ကိုယ်လား . . . ကိုယ်က ဘယ်သူနဲ့တူရမှာလဲ"

"ဪ . . . ရှင်ရယ်၊ နွဲ့ယိမ်းသိတဲ့ အနီးစပ်ဆုံး မင်းသားတစ်ယောက်နဲ့ နှိုင်းပြောပေါ့၊ ဒါမှ မှန်းကြည့်လို့ရမှာ"





"ကိုယ်က ဘယ်မင်းသားနဲ့မှ မတူပါဘူး"

"အဲဒါညာတာပါ၊ ဇေလတ်က နိုင်ငံခြားမင်းသားနဲ့ တူတယ်ဆို"

"ဘယ်သူပြောတာလဲ"

"ဦးလေးနေမျိုး ပြောတာ"

"ဟုတ်မှာပေါ့၊ ကိုယ် မပြောတတ်ဘူး"

နွဲ့ယိမ်းက သိပ်အလိုမကျဟန်နှင့် ခပ်လွန့်လွန့်ပြုံးသည်။

"နွဲ့ယိမ်း . . . ဇေလတ်မျက်နှာကို ကိုင်ကြည့်ချင်တယ်၊ ခွင့်ပြုမလားဟင်"

"ဘယ်လို"

"ဇေလတ်မျက်နှာကို လက်နဲ့စမ်းကြည့်မယ်လို့၊ အဲဒါ ရလား၊ ခွင့်ပြုမှာလားဟင်"

သူ တကယ်ပဲ အသက်ရှူရမှာ မေ့လျော့သွားပါသည်။



www.burmeseclassic.com

wwww.burmeseclassic.com



သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကို လက်နဲ့ထိရဲတဲ့သတ္တိ ရှိတယ်လား နွဲ့ယိမ်းရယ်။

ဒီနေရာမှာ ငါ မဟုတ်ဘဲ ဇေလတ်ဆိုရင် အခြေအနေက တစ်မျိုးပြောင်းသွားမယ်ဆိုတာ မရိပ်မိဘူးလား။

သူ သက်ပြင်းတစ်ချက်ချလိုက်ရင်း နွဲ့ယိမ်းဘေးနား တိုးရွှေ့ထိုင်လိုက်ပါသည်။

"ကဲ . . . ဘယ်လိုလဲ၊ can you allow me?"

နွဲ့ယိမ်းလေသံက သူ့ကို စိန်ခေါ်နေသယောင် ခပ်ဆတ်ဆတ် မာကျောနေသည်။

"ရပါတယ်"

သူ့အသံတွေ တုန်နေသည်။ နွဲ့ယိမ်းက သူရှိရာဘက် တရွေ့ရွေ့လှည့်လာပြီး သူ့မျက်နှာဆီသို့ မှန်းကာ လက်တစ်ဖက် မြှောက်တက်လာသည်။

သူ နွဲ့ယိမ်းလက်ကလေးကို ဆွဲယူပြီး သူ့ပါးမှာ အပ်ပေး





လိုက်သည်။

တစ်စက္ကန့် . . .

နှစ်စက္ကန့် . . .

သုံးစက္ကန့် . . .

သူ့ရင်တွေ တလှပ်လှပ်ခုန်နေ၏။

နွဲ့ယိမ်းလက်တွေလည်း အေးစက်ကာ တဆတ်ဆတ် တုန်နေကြသည်။

သူ့မျက်နှာပေါ်မှာ နွဲ့ယိမ်းလက်ကလေးက လိပ်ပြာတစ်ကောင်လို နူးညံ့စွာ လှုပ်ရှားသွားနေသည်။

သူ့ပါးပြင်၊ မျက်ခုံး မျက်လုံးတွေမှ နှုတ်ခမ်းပေါ် ရောက်လာချိန်မှာ ရင်ဘတ်ထဲက နှလုံးသားက တဆတ်ဆတ် တုန်ယင် ကြွတက်လာသယောင်ရှိကာ မျက်လုံးအစုံကို မှိတ်ချပစ်လိုက်မိ၏။

နွဲ့ယိမ်း လက်ညှိုးလေးက သူ့နှုတ်ခမ်းပေါ်မှာ အတန်ကြာ ငြိမ်သက်နေသည်။



www.burmeseclassic.com

wwww.burmeseclassic.com



သူ စိတ်လှုပ်ရှားစွာ သူမ လက်ဖမိုးလေးပေါ်မှာ အုပ်၍ ဆုပ်ကိုင်လိုက်စဉ် . . .

"နင် . . ."

အိပ်မက်မှ လန့်နိုးလာသူလို နွဲ့ယိမ်းက သူ့ရင်ဘတ်ကို ဆောင့်တွန်း၍ အထိတ်တလန့် နောက်ဆုတ်သွားသည်။

"နွဲ့ယိမ်း"

"မခေါ်နဲ့"

"ကိုယ်ပြောဦးမယ်"

"တော်စမ်း . . . နင် ဇေလတ်မဟုတ်ဘူး၊ ငါ သိတယ်၊ နင် ခိုင်မြ . . ."

သူ့ရင်ထဲ လှိုက်ခနဲ ဟာဆင်းသွားသည်။ ရင်ဘတ်ထဲက တစ်စုံတစ်ရာကို ထုတ်ယူသွားသလို လစ်ဟာနေသော ခံစားမှုနှင့် လူက ကတုန်ကယင် ဖြစ်လာသည်။

"ငါ . . . ငါ တောင်းပန်ပါတယ် နွဲ့ယိမ်းရယ်၊ ငါ နင့်အား





နားမှာ နေခွင့်ခဏလေးအတွက် ညာမိတာပါ၊ တခြား ဘာအကြံအစည်မှ မရှိပါဘူး၊ ငါ့ကိုယုံပါနော်"

နွဲ့ယိမ်းက နှုတ်ခမ်းကို ပြတ်လုမတတ် ဖိကိုက်ထားရင်း ငြိမ်သက်နေသည်။

"ငါ ပြန်ချင်တယ်"

"ငါ လိုက်ပို့ပေးပါ့မယ်"

"မလိုဘူး၊ တက္ကစီနဲ့ ပြန်မယ်၊ နင်မောင်းတဲ့ကားကို ငါ မစီးချင်ဘူး၊ ဒီတစ်ခါဆို ငါ သေသွားလိမ့်မယ်"

"နွဲ့ယိမ်းရယ်"

သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ရင်း ခေါင်းငုံ့လိုက်တော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"နင့်ကိုယ်နင် သိပ်လည်လှပြီလို့ ထင်ထားတာ အံ့ဩစရာပဲ၊ အစကတည်းက နင်မှန်းသိတယ်"

နွဲ့ယိမ်းအသံက လုံးဝအေးစက်တင်းမာနေသည်။ သူ



www.burmeseclassic.com

wwww.burmeseclassic.com



အသံတိတ်ရှိုက်ရင်း မျက်ရည်တွေ သုတ်လိုက်၏။ တကယ်ဆို သူ့အငွေ့အသက်ကို အလွတ်ရ မှတ်မိနေတာတောင် ဝန်မခံချင်သော နွဲ့ယိမ်းရဲ့ ပြတ်တောက်စိမ်းကားမှုကို သူ လွန်စွာ အံ့သြ ကြေကွဲမိလေသည်။

"မျက်စိမမြင်ပေမယ့် ငါ မအ,သေးဘူး ခိုင်မြ၊ နောက်တစ်ခါဒီလိုဖြစ်ရင် နင့်ကို ပိုရွံ့သွားမိမယ်၊ ဒါ ငါ့ကို နောက်ဆုံးလှည့်စားမှုဖြစ်ပါစေ"

သူ နွဲ့ယိမ်းရှေ့မှာ ရှက်ရွံ့ကြေကွဲစွာ ခေါင်းငိုက်စိုက် ချထားမိ၏။

"နွဲ့ယိမ်း"

"ဘာလဲ"

"ငါ တစ်ခုလောက် တောင်းဆိုပါရစေ"

"နင် ပြောချင်တာ ပြောလို့ရတယ်၊ ဒါပေမဲ့ ငါ့ဆီက တုန့်ပြန်မှုတော့ မမျှော်လင့်နဲ့၊ နင်လိုချင်သလို ဖြစ်မယ်လို့





ငါ အာမ, မခံနိုင်ဘူး"

"နင့်မျက်လုံးတွေကို အကောင်းပကတိအတိုင်းဖြစ်အောင်ကုပါ၊ ငါ နင်နဲ့အဝေးဆုံးကို အပြီးအပိုင်ထွက်သွားပေးမယ်၊ ဘယ်တော့မှ ပြန်မလာပါဘူးလို့ ကတိပေးပါတယ်၊ နင် မယုံရင် ကတိစာချုပ်မှာ လက်မှတ်ထိုးပေးပါ့မယ်"

နွဲ့ယိမ်း ဘာမှပြန်မပြော။

မျက်လွှာချရင်း ငြိမ်နေသည်။

"ငါ တကယ်ပြောတာပါ၊ အခု ငါ ပြန်လာတာလည်း အဲဒီအတွက်ပဲ"

နွဲ့ယိမ်းက မဲ့ပြုံး ပြုံးရင်း ဆတ်ခနဲ ခေါင်းမော့သည်။

"ဘာလဲ၊ ငါ့ဘက်က ကတိမတည်ခဲ့လို့ နင် ပေးထားပြီးသားကတိကို ဖျက်တာလား၊ ရတယ်လေ၊ ငါ မျက်လုံးကို မြင်အောင်ကုမယ်၊ နင်ပေးတဲ့ကတိ တည်ပါစေ"

"တကယ်ပြောတာနော်၊ နွဲ့ယိမ်း . . . နော်"



www.burmeseclassic.com

wwww.burmeseclassic.com



"သိပ်ဝမ်းသာမနေနဲ့ဦး၊ နင့်ကတိအတိုင်း အပြီးအပိုင် ထွက်သွားဖို့ ပြင်ဆင်ထား၊ သိပ်မြင်ချင်လွန်းလို့ ကုတယ် မထင်နဲ့၊ နင့်ကို ဒီမှာမရှိစေချင်လို့၊ ငါ မျက်စိပြန်မြင်တဲ့ နေ့ဟာ နင် အဝေးဆုံးကို ထွက်သွားတဲ့နေ့ ဖြစ်ရမယ်" သူ မျက်ရည်တွေကြားမှ အားယူပြုံးရင်း ပြောလိုက်၏။

"စိတ်ချပါဟာ"

ဒီထက် ပြင်းထန်ရက်စက်တဲ့ စကားလုံးတွေနဲ့ ငါ့ကို နှင်ထုတ်တာတောင် စိတ်မနာရက်ပါဘူး နွဲ့ယိမ်းရယ်။ နင် စိတ်ချမ်းသာဖို့ ဘာမဆို ငါလုပ်မှာပါ။

အချစ်ဆိုတဲ့အဓိပ္ပာယ်ကို နင် နားလည်ဖို့ ငါ့ရဲ့ပေးဆပ်စွန့်လွှတ်ခြင်းနဲ့ သက်သေပြပါ့မယ်။

မယုံရင်လည်း နေပါ နွဲ့ယိမ်းရယ်။

နင့်အမုန်းတွေ ပြေရင် ကျေနပ်ပါပြီ။

➤ ➤ ➤



## အခန်း(၂၅)

"သား . . . ဘယ်တွေလျှောက်သွားနေတာလ၊ နွဲ့ယိမ်း မျက်စိခွဲဖို့ စစ်ဆေးတာ အောင်မြင်တယ်တဲ့၊ ဒီအတိုင်းဆို အားလုံးအခြေအနေကောင်းသွားပြီ၊ မေမေပြောသားပဲ သားပြန်လာရင် အားလုံးအဆင်ပြေသွားမှာပါဆို"

အိမ်ထဲ ဝင်ဝင်ချင်း ဆီးပြောလိုက်သော မေမေ့စကားကြောင့် သူ ခေါင်းညိတ်ရင်း ပြုံးပြလိုက်သည်။



www.burmeseclassic.com

wwww.burmeseclassic.com



သူနဲ့ နွဲ့ယိမ်းရဲ့ သဘောတူညီမှု ယူလိုက်ခြင်းကို ဘာမျှ မသိရှာသော မေမေနှင့်အန်တီမေသီတာကတော့ သဘောရိုးထင်ကာ ဝမ်းသာနေကြသည်။

ကိုဇေလတ်ရဲ့အဖေ ခွဲစိပ်အကူးကုသမားတော်ကြီးနှင့် သူကိုယ်တိုင် ဒီနေ့စကားပြောခဲ့ပြီးပြီ။ နွဲ့ယိမ်းရဲ့ operation case ကို သူ အားလုံးသိခဲ့ရသည်။

နွဲ့ယိမ်းမျက်လုံးတွေ ပြန်မြင်ရမှာဆိုတဲ့ အသိက သူ့ကို အတိုင်းအဆမဲ့ ပျော်ရွှင်စေခဲ့ပါသည်။

တကယ်ဝမ်းသာရတာပါ နွဲ့ယိမ်းရယ်။

"သား . . . သားဖေဖေ သူ့အခန်းထဲမှာ စောင့်နေတယ်၊ စကားပြောစရာရှိလို့တဲ့"

မေမေ့စကားသံက ရွှင်ပျသွက်လက်နေသည်။ သူ့ အပေါ် ထပ်သို့ တက်လာပြီး ဖေဖေ့အခန်းရှေ့မှာ ရပ်လိုက်ရင်း အသံပြု လိုက်သည်။





"ဖေဖေ"

"ဝင်ခဲ့သား"

ဖေဖေ့ရဲ့ နူးညံ့ချိုသာသော စကားကို လေးနှစ်အတွင်း သူ ပထမဆုံးအကြိမ်အဖြစ် ပြန်ကြားရခြင်းဖြစ်တာမို့ ရင်တွေ ခုန် နေသည်။

"ဖေဖေ သားကိုစောင့်နေတာ ထင်တယ်"

"ဟုတ်တယ်၊ congratulation သား၊ မင်းအတွက် ဖေဖေ ဂုဏ်ယူပါတယ်"

သူ ဖေဖေ့စကားကို နားမလည်နိုင်စွာ ငေးမော နား ထောင်နေမိ၏။

"ဘာအတွက်လဲ ဖေဖေ"

"နွဲ့ယိမ်းသတင်း ဖေဖေလည်း ကြားပြီးပါပြီ၊ ငါ့သားက တကယ်ကို တာဝန်သိတတ်တဲ့ ယောကျာ်းကောင်း တစ် ယောက်ဆိုတာ ဖေဖေ ယုံလိုက်ပြီ၊ နှုတ်ခမ်းတွေနဲ့ ထွက်



www.burmeseclassic.com

wwww.burmeseclassic.com



ပြေးနေမယ့်အစား ခုလို ပြတ်ပြတ်သားသား ရင်ဆိုင် ဖြေရှင်းရဲတာ ဖေဖေ ဝမ်းသာတယ်၊ နွဲ့ယိမ်းက သိပ် စိတ်ဓာတ်မာကျောတဲ့ကလေးမလေး၊ သူ အခုလို ပြောင်း လဲသွားအောင် သား ဘယ်လိုပေးဆပ်ခဲ့ရပြန်ပြီလဲ၊ ဖေဖေ ထင်တာတော့ သားရဲ့ စစ်မှန်တဲ့ မေတ္တာတရားကြောင့်လို့ ထင်တယ်၊ ဟုတ်ရဲ့လား"

သူ ဘာဖြေရမှန်းမသိအောင် ဆွံ့အ,သွားရသည်။

"ဖေဖေပြောတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးဖေဖေ၊ သား အရင်အတိုင်း သူနဲ့သဘော တူညီမှုတစ်ခု လုပ်ခဲ့ရပြန်ပြီ"

ဖေဖေက မျက်မှောင်ကျုံ့လျက် သူ့ကို ခပ်တွေတွေစိုက် ကြည့်နေသည်။

"ဘာအခမ်းပွဲလဲ"

"သား ကတိတည်ချင်တယ် ဖေဖေ၊ အဲ့အတွက် ဖေဖေ





ခွင့်ပြုပေးပါ၊ သား . . . နွဲ့ယိမ်း မျက်စိပြန်မြင်ရင် ဟိုကို ပြန်သွားရမယ်"

"ဘယ်တော့မှ ပြန်လာရမှာလဲ"

"သူကတော့ ပြန်မလာနဲ့တဲ့"

"ဘာ . . . ဒီလောက်လေးနဲ့ punish လုပ်လိုက်ရအောင် အပြစ်က ကြီးကျယ်နေပြီလား၊ မင်းကရော သွားမှာပဲလား ခိုင်မြ"

သူ ခေါင်းညိတ်ပြတော့ ဖေဖေက ကျွတ်ခနဲ စုတ်သပ် သည်။

"မင်းမရှိတဲ့နှစ်တွေမှာ မိဘတွေ ဘယ်လိုဖြစ်နေလဲ သိရဲ့ လား၊ တစ်ယောက်တည်းရှိတဲ့ သားက အဝေးကြီးမှာ ရောက်နေတယ်၊ မင်းအမေက anniversary လုပ်မယ် ဆိုတာတောင် ငါ စိတ်မပါလို့ လုံးဝခွင့်မပြုခဲ့ဘူး ငါတို့ရဲ့ နှစ်ပတ်လည်မှာ မင်းကိုသတိရပြီး စိတ်မကောင်းဖြစ်မှာ



www.burmeseclassic.com

wwww.burmeseclassic.com



စိုးလို့ကွာ၊ ကျောင်းပြီးအောင် မတက်ဘဲ ထွက်သွားကတည်းက ငါ ဘယ်လောက် စိတ်ထိခိုက်ရတယ် မှတ်လဲ"

"သား စိတ်မကောင်းဖြစ်ရပါတယ် ဖေဖေ"

"အေး အေး . . . မင်းသဘောပဲ ခိုင်မြဲ၊ ထင်ရာလုပ်၊ မင်း စိတ်ချမ်းသာသလို လုပ်ပါ၊ မင်းဘဝမှာ ငါတို့က နံပါတ်နှစ် ဖြစ်နေပြီ"

"မဟုတ်ဘူး ဖေဖေ၊ သားကို နားလည်ပေးပါ၊ ဒါ သားဘဝအတွက် အကြီးမားဆုံး အမှားအယွင်းနဲ့ ဆုံးရှုံးမှုပါ၊ သားမှာ ရွေးစရာလမ်း မရှိတော့ဘူး"

ဖေဖေက မျက်မှောင်ကျုံ့ရင်း ခေါင်းဆတ်သည်။

"နားလည်တယ်၊ အဲဒါ သိတယ်၊ ငါ မကျေနပ်တာ အဲဒါပဲ၊ တကယ် ယူကျုံးမရဖြစ်ရတယ်၊ တကယ်ပဲ"

ခိုင်မြဲ ဘာမှမပြောနိုင်တော့။ ဖေဖေ တကယ်စိတ်ထိခိုက်





နေပြီမှန်း သူ နားလည်ပါသည်။

ဒါပေမဲ့ ဘယ်လိုမှ ပြောင်းလဲပြင်ဆင်ခွင့်မရှိသော စီရင်ချက်ကို သူ နာခံခဲ့ပြီးပြီ။

ခွင့်လွှတ်နားလည်ပေးပါ ဖေဖေနဲ့ မေမေရယ်။

သားဘဝမှာ ဒီတစ်ကြိမ်ပဲ အချစ်ကို ရူးသွပ်ယုံကြည်ခဲ့ဖူးတာပါ။

➤ ➤ ➤



www.burmeseclassic.com

wwww.burmeseclassic.com

## အခန်း(၂၆)

"ဟာ . . . နွဲ့ယိမ်း၊ ဆိုင်ကို လာတယ်၊ ဒီရက်ထဲမှာ အေးအေးဆေးဆေး နားခိုင်းထားတယ် မှတ်လား"

"ဒီအတိုင်း နေရတာ ပျင်းလာပြီ၊ ဇေလတ်နဲ့ စကားပြော ချင်လို့ လာတာ၊ ဘယ်လိုလဲ . . . သီချင်းတစ်ပုဒ်လောက် ဆိုရင်ရော မရဘူးလား"

နွဲ့ယိမ်းကိုကြည့်ပြီး ဇေလတ် အံ့သြသွားလေသည်။

---

ရွှေပဒေသာစာပေ

www.burmeseclassic.com

wwww.burmeseclassic.com



"သီချင်းဆိုမယ်"

"အင်းလေ . . . တယောမှ ပါမလာတာ"

"နွဲ့ယိမ်းကြည့်ရတာ တစ်မျိုးထူးဆန်းနေတယ်"

ဇေလက်စကားအဆုံး နွဲ့ယိမ်း ဟက်ခနဲ ရယ်ချလိုက်သည်။

ခြောက်ကပ်ကပ်နိုင်လှသောအသံကြောင့် သူမကိုယ်သူမ မကျေနပ်မိ။

"ဟုတ်လား၊ နွဲ့ယိမ်းမျက်နှာက အရှမ်းပျော်နေတဲ့ပုံရော မပေါက်ဘူးလား"

"ဘာဖြစ်လို့လဲ၊ နွဲ့ယိမ်းမျက်လုံးတွေ ပြန်မြင်ရတော့မှာမို့ အရင်ထက်တော့ သွက်သွက်လက်လက် တက်တက်ကြွကြွ ဖြစ်လာတာအမှန်ပဲ၊ အခုပုံစံကတော့ တစ်မျိုးဖြစ်နေတယ်၊ တစ်ခုခုကို စိတ်ချဉ်ပေါက်ပြီး အရွဲ့တိုက်နေသလိုပဲ"





"အဟင်း . . . ဟုတ်မှာပေါ့၊ အနိုင်ရလိုက်တဲ့ လူ တစ်ယောက်ရဲ့ အပျော်မျိုးနဲ့လေ"

"နွဲ့ယိမ်း ဘာဖြစ်လာတာလဲဟင်"

"ဩော် . . . ကဲ . . . ပြောနေရင်းနဲ့ နွဲ့ယိမ်းပျော်လာတာပါဆို၊ မနက်ဖြန် ခိုင်မြဲ နိုင်ငံခြားသွားတော့မှာလေ၊ အဟင်း . . . ဒီ့ထက် ပျော်စရာကောင်းတာ ဘာရှိလဲ၊ နွဲ့ယိမ်းရဲ့ operation date ထက်တောင် စောနေသေးတယ်၊ ဘယ်တတ်နိုင်မလဲ၊ သူ့ဟာသူ စီစဉ်တာပဲ"

ဇေလတ်က သက်ပြင်းရှိုက်ရင်း သူမဘေးကခုံမှာ ဝင်ထိုင်သည်။

"နွဲ့ယိမ်း တကယ်ပျော်နေတာလား"

သူ့စကားကြောင့် နွဲ့ယိမ်းမျက်နှာလေး ပျက်သွားသည်။ ပြုံးမဲ့မဲ့ပုံစံလေးနှင့် အတန်ကြာ နှုတ်ဆိတ်နေပြီးမှ . . .

"ဇေလတ်က နွဲ့ယိမ်းကို မယုံလို့ မေးတာလား၊ နွဲ့ယိမ်း



www.burmeseclassic.com

wwww.burmeseclassic.com



ပုံစံက ဝမ်းနည်းတဲ့ပုံ ပေါက်နေလို့လား"

"ဟုတ်တယ်၊ နွဲ့ယိမ်း ဘယ်လိုပြောပြော တကယ်ပျော်နေတဲ့ပုံမျိုး မရှိဘူး"

နွဲ့ယိမ်း ဘာမှမပြောဘဲ ငြိမ်သက်သွားသည်။

ထိုစဉ်မှာပဲ stage ပေါ်မှ သီချင်းအေးအေးလေးတစ်ပုဒ်က သူမတို့ထိုင်နေရာဆီ ပျံ့လွင့်လာသည်။

သီချင်းစာသားတွေက နွဲ့ယိမ်းရင်ထဲကို ပရမ်းပတာ ဝင်ရောက်မွှေနှောက်သွားသည်။

Good bye တဲ့။

"နင် ငါ့ကိုမုန်းလည်း ××× အရင်ကလို အပြုံးနဲ့ ×××

ဒီအချိန် ငါအမြင်ချင်ဆုံး မင်းမျက်နှာ ×× ဝေးမသွားခင်မယ် ×××

ငါတို့နောက်ဆုံးမယ် ××× အို ခွဲခွာ ဟိုအဝေး ×××

ဒီအချိန် နာကျင်စရာတွေလည်း မေ့လိုက်ပါ ×××





ပြုံး × ကာ × နှုတ်ဆက် ××××"

နွဲ့ယိမ်း မျက်ခမ်းသားလေးတွေ ဆတ်ဆတ်တုန်နေသည်။

နှုတ်ခမ်းကိုဖိကိုက်ရင်း နားတွေပိတ်ထားလိုက်တော့မလိုလက်ရှယ်မိ၏။

"waiting room ထဲ သွားမလား နွဲ့ယိမ်း"

ဇေလတ်စကားအဆုံး နွဲ့ယိမ်း ခေါင်းညိတ်ရင်း နေရာမှထရပ်လိုက်သည်။

အလိုက်သိလွန်းသော ဇေလတ်ကို နွဲ့ယိမ်း ကျေးဇူးမတင်ဘဲ မနေနိုင်။ စူးရှဆွဲငင်အောသီချင်းသံကြောင့် မျက်ရည်ကျလုကျခင်အခြေအနေမှ ကပ်သီလေး လွတ်မြောက်ခဲ့ရသော်လည်း အလွတ်မှတ်မိနေသောစာသားတွေက နားထဲမှာ တရစ်ဝဲဝဲ ကြားယောင်စေသည်။

"ကျေးဇူးပဲ ဇေလတ်၊ သီချင်းသံ ကျယ်ကျယ်ကြားရင် နွဲ့ယိမ်း ခေါင်းကိုက်တတ်တယ်"



www.burmeseclassic.com

wwww.burmeseclassic.com



"အဲဒါဆို ဒီမှာနေခဲ့ဦးနော်၊ ဪ . . . နွဲ့ယိမ်း တယောသံလေးပဲ ပြန်နားထောင်ပါလား၊ ကိုယ် ဖွင့်ထားခဲ့ပေးမယ်နော်"

"အင်း . . . ကောင်းသားပဲ"

ဇေလတ်က နွဲ့ယိမ်းမျက်နှာကိုတစ်ချက်ကြည့်ရင်း အသင့်ယူလာသောစီဒီကို စက်ထဲထည့်ပေးခဲ့ပြီး အပြင်သို့ထွက်လာခဲ့သည်။

နွဲ့ယိမ်း သူမရဲ့တယောသံကို ငြိမ်သက်စွာ နားစွင့်နေမိသည်။

စက္ကန့်အနည်းငယ်အကြာမှာ သူမအကြိုက်ဆုံး classical သံစဉ်လေးတွေ ထွက်ပေါ်လာသည်။ အဲဒီနောက်မှာတော့ စကားပြောသံတွေ ထွက်လာတော့၏။

ပထမဆုံး ကြားလိုက်ရတာ ဇေလတ်ရဲ့အသံ။ နွဲ့ယိမ်း အသေအချာ နားထောင်လိုက်သောအခါ . . .





"ကျေးဇူးတင်ပါတယ် အစ်ကို၊ ဒါပေမဲ့ အဲဒါ လွယ်လွယ်နဲ့တော့ ဖြစ်လာမှာ မဟုတ်ဘူး၊ နွဲ့ယိမ်း စိတ်ကို ကျွန်တော် အသိဆုံးပါ၊ ကျွန်တော့်ကိုမုန်းလွန်းလို့ သူ့မျက်လုံးတွေတောင် မကုခဲ့ဘူးတဲ့၊ ကျွန်တော် ဘာလုပ်ရမလဲ၊ သူ့မျက်လုံးတွေ ပြန်မြင်လာစေချင်လို့ အဝေးကြီးကိုသွားနေပေးခဲ့ပါတယ်၊ ဒါပေမဲ့ . . . သူ မကုခဲ့ဘူး"

ဘာတွေလဲ . . .။ ဒါ ခိုင်မြဲအသံပဲ။

ခိုင်မြဲနဲ့စကားပြောနေတာ ဇေလတ်။

သူတို့နှစ်ယောက်က ဘယ်တုန်းကတည်းက သိကျွမ်း ရင်းနှီးခဲ့ကြတာလဲ။

"အခု ကျွန်တော်နားလည်သွားပါပြီ အစ်ကို၊ သူဖြစ်ချင်တာအားလုံး ဖြစ်ခွင့်ရရင် ကျေနပ်ပါတယ်၊ ကျွန်တော် သူ့ကို စွန့်လွှတ်အဆုံးရှုံးခံလိုက်တော့မယ်"

နွဲ့ယိမ်းရင်ထဲ တလှိုက်လှိုက် ဝမ်းနည်းပြီး မျက်ရည်တွေ



www.burmeseclassic.com

wwww.burmeseclassic.com



ကျလာသည်။

"သူ့ကို ဒီဘဝကြီးနဲ့ မနေစေချင်တော့ဘူး၊ သူ အခုလို ဖြစ်နေတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော်လည်း ခွင့်မလွှတ်နိုင်အောင် မုန်းမိတယ်"

ဖြစ်မှဖြစ်ရလေ . . . ခိုင်မြရယ်။

နွဲ့ယိမ်း ထိုစကားသံတွေကို ဆက်မကြားရဲတော့သလို နားတွေ ပိတ်ထားလိုက်မိသည်။ ဒါပေမဲ့ ရှည်လျားလှသော သူ့စကားတွေရဲ့ တစ်ပိုင်းတစ်စကို ကြားနေရဆဲ . . .။

"သူ့စိတ်ထဲမှာ ကျွန်တော်က အချစ်တစ်ခုအတွက်နဲ့ သူ့အနာဂတ်ကို စတေးပစ်ခဲ့တဲ့ တစ်ကိုယ်ကောင်းသမားတစ်ယောက် ဖြစ်နေပြီ၊ အဲဒီအမည်းစက်ကြီးကို ဖျက်ဖို့ ကျွန်တော့်နှလုံးသွေးနဲ့ရင်းမှ ဖြစ်မှာပါ"

နွဲ့ယိမ်း မျက်စိစုံမှိတ်ပြီး အော်ပစ်လိုက်သည်။

"တော်တော့ . . . တော်ပါတော့"





နွဲ့ယိမ်းအော်သံကြောင့်မဟုတ်ဘဲ စကားသံတွေက အလို

လို ရပ်တန့်သွားပြီး ချွဲပျစ်တီတာသော တယောသံက ကြေကွဲ ဝမ်း

နည်းဖွယ် ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာသည်။

နွဲ့ယိမ်း ငိုရှိုက်ရင်း ခုံပေါ်မှာ ထိုင်နေရာမှ အရုပ်ကြိုးပြတ်

လဲကျသွားလေတော့၏။

"နွဲ့ယိမ်း"

အခန်းဝမှာ ငြိမ်သက်တောင့်မတ်စွာ ရပ်နေမိသော ဖေ

လတ်မှာ ထိုအခါမှသတိဝင်လာပြီး နွဲ့ယိမ်းဆီ ပြေးသွားမိသည်၊

"ခိုင်မြရယ်"

နှုတ်က မသဲမကွဲ ရေရွတ်သံလေးတစ်ခု ထွက်လာပြီး

နွဲ့ယိမ်းက သူ့လက်ပေါ်မှာ ပျော့ခွေလျက် သတိမေ့သွားလေ၏၊

သူ နွဲ့ယိမ်းကို ဝမ်းသာခြင်းတစ်ဝက်၊ စိုးရိမ်ခြင်းတစ်ဝက်

စိတ်မျိုးနှင့် ကောက်ပွေ့လိုက်သည်။

➤ ➤ ➤

www.burmeseclassic.com

wwww.burmeseclassic.com

BURMESE CLASSIC .com

# အခန်း(၂၇)

နွဲ့ယိမ်း သတိရလာလိုက်၊ မျက်ခွံတွေ လေးလံပြီး ပြန်အိပ်ပျော်သွားလိုက်နှင့် နောက်နေ့ကျမှ ကောင်းစွာ သတိရလာလေသည်။

"သတိရလာပြီလား နွဲ့ယိမ်း"

"အင်း . . . နွဲ့ယိမ်း ဘယ်ရောက်နေတာလဲ"

"ကိုယ့်ဒက်ဒီရှိတဲ့ special clinic တစ်ခုမှာ ရောက်နေ



www.burmeseclassic.com

wwww.burmeseclassic.com



တာ၊ ဘာမှမစိုးရိမ်နဲ့တော့၊ နွဲ့ယိမ်း အားနည်းလို့ မူးလဲသွားတာပါ၊ ဆေးအရှိန်ကြောင့် အိပ်ပျော်နေတာ၊ အခု ရော ခေါင်းထဲ ကြည်ရဲ့လား"

နွဲ့ယိမ်း ခေါင်းညိတ်ပြရင်း . . .

"အခု ဘယ်နှနာရီ ထိုးပြီလဲဟင်"

"ဘာဖြစ်လို့လဲ နွဲ့ယိမ်း၊ အခု ခုနစ်နာရီခွဲနေပြီ"

နွဲ့ယိမ်း အိပ်ရာပေါ်မှ ဝေါက်ခနဲ ထထိုင်လိုက်သည်။ ခေါင်းထဲ မိုက်ခနဲဖြစ်သွားပေမယ့် ဂရုမစိုက်နိုင်။

"နွဲ့ယိမ်းကို airport ကို လိုက်ပို့ပေးပါ၊ ဒီနေ့ ခိုင်မြသွားတော့မှာ"

"ဘယ်နှနာရီ ဖလိုက်မို့လဲ"

"မသိဘူး၊ မြန်မြန်လုပ်ပါ၊ နွဲ့ယိမ်း သူ့ကိုပြောစရာတွေ အများကြီးရှိတယ်၊ သူနဲ့တွေ့မှဖြစ်မယ်"

"ကောင်းပါပြီ၊ ကိုယ်လိုက်ပို့ပါ့မယ်"



BURMESE CLASSIC .com



သူ နွဲ့ယိမ်းကို ခေါ်ပြီး special clinic ထဲမှ ထွက်လာခဲ့သည်။

ကားပေါ်ရောက်တော့ နွဲ့ယိမ်းက . . .

"ခိုင်မြကို မီအောင် မြန်မြန်မောင်းပေးပါနော်"

ဟု တဖွဖွပြောလာသည်။

"စိတ်ချပါ၊ ကိုယ် အမြန်မောင်းနေပါတယ်"

သူ ဘယ်လိုပဲ နှစ်သိမ့် နှစ်သိမ့် နွဲ့ယိမ်းခမျာ လုံး၀ စိတ်မဖြောင့်ဘဲ မီမှမီပါ့မလားဟင်ဟု ပြောနေသောကြောင့် နွဲ့ယိမ်း စိတ်ထဲ ဘာတွေရှိနေတယ်ဆိုတာ အလိုလိုသဘောပေါက်လိုက်မိ၏။

"ကဲ . . . ရောက်ပြီ၊ နွဲ့ယိမ်း ဆင်းတော့"

"ဟင် . . . Airport ရောက်ပြီလား"

နွဲ့ယိမ်းက မယုံမရဲလေသံနှင့်မေးတာမို့ သူ ပြုံးလိုက်မိ၏။

"နွဲ့ယိမ်းကို အပြည်ပြည်ဆိုင်ရာလေဆိပ် ပို့ပေးမလို့ပါပဲ၊



www.burmeseclassic.com

wwww.burmeseclassic.com


ဒါပေမဲ့ ကိုယ့်ကို ခိုင်မြဲပြောဖူးတယ်၊ သူသွားရင် ခြံထဲက နှင်းဆီပင်နားမှာ နွဲ့ယိမ်းအတွက် နှုတ်ဆက်စာ ထားခဲ့မယ်တဲ့"

"အဲဒါနဲ့ အခု ဘယ်ကိုမောင်းလာတာလဲ"

"နွဲ့ယိမ်းက သိပ်နေကောင်းသေးတာ မဟုတ်ဘူး၊ ဒက်ဒီက ပြောတယ်၊ operation date က အရမ်းနီးနေတော့ နွဲ့ယိမ်း ကျန်းမာရေးကောင်းဖို့ လိုတယ်တဲ့၊ အဲဒါကြောင့်"

"နွဲ့ယိမ်း ဘယ်ရောက်နေတာလဲ၊ လိုရင်းကိုပဲ ပြောပါ ဖေလတ်၊ ဒီမှာ စိတ်လှုပ်ရှားလွန်းလို့ သေတော့မယ်"

"ဆောရီး! ကိုယ်ပြောတာ သေချာနားထောင်ပါဦး နွဲ့ယိမ်း၊ အခု နွဲ့ယိမ်းကို လေဆိပ် မပို့တော့ဘူး၊ နွဲ့ယိမ်း အရမ်းပင်ပန်းနေလို့ မဖြစ်ဘူးလေ၊ အဲဒါကြောင့် ခိုင်မြဲရဲ့ နှုတ်ဆက်စာကို ယူရအောင် ကိုယ့်ခြံကို ခေါ်လာတာ"

"ဘာ . . . ရှင် ဘယ်လိုလုပ်လိုက်တာလဲ ဖေလတ်၊ ဘာ



ဖြစ်လို့ အဲဒီလို ဆုံးဖြတ်ရတာလဲ၊ နွဲ့ယိမ်း သေချင် သေသွားပါစေ၊ ခိုင်မြဲကိုတွေ့ရဖို့ အရေးကြီးတယ်"

"နွဲ့ယိမ်းရယ် သွားမယ့်လူက သွားရမှာပဲဟာ"

"ဟင့်အင်း . . . သူ မသွားရဘူး၊ ဘယ်မှမသွားရဘူး၊ နွဲ့ယိမ်းကို အခုလိုက်ပို့ပေး၊ ခိုင်မြဲကို ရအောင် လိုက်ခေါ်မယ်"

"စိတ်ကို ငြိမ်ငြိမ်ထား နွဲ့ယိမ်း၊ ခြံထောင့်က နှင်းဆီရုံပင်နားမှာ စာသွားယူရအောင်၊ လာပါ"

နွဲ့ယိမ်းလက်ကို သူ ဖွတ်အတင်း ဆွဲခေါ်လာခဲ့သည်။

"မယူဘူး၊ နွဲ့ယိမ်း လိုချင်တာ သူ့ဆီက စာမဟုတ်ဘူး၊ အဲလိုချန်ထားခဲ့တာမျိုးမဟုတ်ဘူး၊ နွဲ့ယိမ်းမျက်လုံးတွေ ပြန်မြင်ရင် ပထမဆုံးတွေ့ချင်တာ ခိုင်မြဲပဲ"

နွဲ့ယိမ်း အော်ဟစ်ရင်း မျက်ရည်တွေ တလိမ့်လိမ့်ကျလာသည်။

wwww.burmeseclassic.com



"သေချာရဲ့လား နွဲ့ယိမ်း"

တိတ်ဆိတ်နေရာမှ ရုတ်တရက် ထွက်ပေါ်လာသော ခိုင်မြဲ အသံကြောင့် နွဲ့ယိမ်းမျက်ရည်တွေ တန့်ခနဲရပ်သွားသည်။

"ခိုင်မြဲ . . . နင်ဘယ်မှာလဲ"

"ငါ ဒီမှာပါ၊ နင့်ကိုယ်စား နှင်းဆီဖြူတွေကို နှုတ်ဆက်နေတာ"

နွဲ့ယိမ်း အသံကြားရာဆီ စမ်းတဝါးဝါး လျှောက်သွားမိသည်။

"နွဲ့ယိမ်း"

သူမရှေ့မှာ အဆင်သင့်ဆီးကြိုနေသော လက်တစ်စုံကို ဝမ်းသာအားရဆုပ်ကိုင်လိုက်သည်။

အဲဒါ . . . ခိုင်မြဲရဲ့လက်တွေပါပဲ။ ထိုလက်တွေရဲ့ အနွေးဓာတ်ဟာ သူမရင်တွင်းအထိ စီးဝင်ပျံ့နှံ့ပြီး နွေးထွေးသွားစေတာ ဖြစ်သည်။





"ခိုင်မြဲ"

"လူကိုယ်တိုင် လာနှုတ်ဆက်တဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် နွဲ့ယိမ်းရယ်"

နွဲ့ယိမ်း သူ့မျက်နှာဆီ မှန်းဆ တို့ထိရင်း သူ့နှုတ်ခမ်းလေးကို လှမ်းပိတ်လိုက်သည်။

"မဟုတ်ဘူး၊ ငါ နင့်ကို လာနှုတ်ဆက်တာမဟုတ်ဘူး၊ နင် ဘယ်မှမသွားပါနဲ့ ခိုင်မြဲရယ်၊ ငါ့မျက်လုံးတွေ ပြန်မမြင်ရင် နေပါစေ၊ နင်နဲ့ မခွဲနိုင်တော့ဘူး၊ ငါ နင့်ကိုသိပ်ချစ်ဖူးခဲ့တယ်လေ၊ ဘာမှမမြင်ရရင်တောင် ငါ့အာရုံထဲမှာ နင်ရှိတယ်၊ အဲဒါဆို ငါ့အတွက် အားလုံးပြည့်စုံသွားပါပြီ၊ သီချင်းတွေ ရှိပေမယ့် နင်မရှိရင် ငါ့ဘဝက ဘာမှ အဓိပ္ပာယ်မရှိနိုင်ဘူး"

"နွဲ့ယိမ်းရယ်"

သူ နွဲ့ယိမ်းကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်လိုက်



www.burmeseclassic.com

wwww.burmeseclassic.com



သည်။

"တစ်လောကလုံးမှာ ငါ အမြင်ချင်ဆုံးအရာက နှင့်မျက်နှာနဲ့ နှင်းဆီပွင့်တွေပါပဲ၊ မိုးတွေ သဲသဲမဲမဲ ရွာတဲ့နေ့မှာ နင်ရယ် ငါရယ်၊ နှင်းဆီဖြူတွေရယ် အတူတူရှိနေဖို့ လိုတယ်လေ"

သူ အစွမ်းကုန်ပြုံးရင်း နှင်းဆီဖြူတစ်ပွင့်ထက် လှသောနွဲ့ယိမ်းမျက်နှာလေးကို မြတ်နိုးရှူးသွပ်စွာ နမ်းရှိုက်လိုက်စဉ် ဇေလတ်ရဲ့ကားလေးက ခြံရှေ့မှ မောင်းထွက်သွားလေတော့သည်။

"ဟယ် . . . ဇေလတ်ကို ကျေးဇူးတင်စကားတောင် မပြောလိုက်ရဘူး"

"ရပါတယ်၊ သူက နားလည်မှုရှိပါတယ်"

"ဘယ်တုန်းက ပြောလဲ"

"မကြာခင်ကမှ ပြောသွားတာ၊ သူ ပြောသွားတာက လွမ်းခွင့်ကြုံဖူးတဲ့သူတိုင်း ဆုံခွင့်ရှိရမယ်တဲ့"



သူ့စကားအဆုံး သူမက သဘောကျစွာ ရယ်မောလိုက်ပါသည်။

ထိုရယ်သံတွေဟာ နှင်းဆီရနံ့တွေနှင့်အတူ အရပ်မျက်နှာအဖက်ဖက်ကို ပျံ့နှံ့ရောက်ရှိသွားပြီး ရောက်လေရာအရပ်၌ အချစ်စစ်တစ်ခုကို ကိုယ်စားပြုကြောင်း ခပ်တိုးတိုးပြောပြပေလိမ့်မည်။

ပြီးပါပြီ။

BURMESE CLASSIC .com
www.burmeseclassic.com